

စာပေဗိမာန်စာမူဆုရ
အောင်လင်းလတ် (ဥက္ကလာ)

၂၀၀၃ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ဝတ္ထုရှည် ပထမဆုရ

# အိပ်မက်လှလှမက်ပါစေ

အောင်လင်းလတ် (ဥတ္တရလာ)

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၃,၅၀၀

တန်ဖိုး (၁၆၅) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်၊

## အခန်း (၁)

အချိန်ကား ဒီဇင်ဘာလ၏ အေးမြသော နံနက်ခင်းဖြစ်သည်။ ချင်းပြည်နယ် ဟားခါးမြို့တော်၏ ရာသီဥတုသည် အေးမြလွန်းလှ၏။ အပူချိန်တိုင်းကိရိယာ၏ အပူချိန်ပြကိန်းက သုညဒီဂရီ စင်တီဂရိတ်အောက်မှာ ညွှန်ပြနေသည်။ နံနက်ပိုင်းဖြစ်၍ နှင်းမှုန်များက ထူထပ်သိပ်သည်းစွာကျဆင်းနေ၏။ သစ်ရွက်သစ်ခက်များတွင် ရေခဲဖတ်ကလေးများပင် တွဲခိုနေသည်။ အစိမ်းရောင်အခက်အလက်များအားလုံးသည် ရေခဲပွင့်ကလေးများ တွဲခိုနေသဖြင့် ဖွေးဖွေးဖြူနေကြသည်။ ပင်လုံးညွတ်အောင်ပွင့်နေသော ချယ်ရီပန်းများသည်ပင် ဖွေးဖွေးဆွတ်အောင် ဖြူနေ၏။ နေရောင်ခြည်သည် နှင်းလွှာထုကို မဖောက်နိုင်သေး။ ချယ်ရီပန်းများ၊ နှင်းပွင့်များနှင့် အလှဆင်ထားသော ဟားခါးဆောင်း၏ နံနက်ခင်းသည် လှချင်တိုင်းလှနေ၏။

ဒေါက်တာ ဝင်းတင်လတ်သည် သိပ်သည်းစွာကျဆင်းလျက်ရှိသော နှင်းမှုန်ထု၏အောက်ဝယ် တစ်ယောက်တည်း လမ်းလျှောက်နေ၏။ လမ်းလျှောက်ခြင်းသည် ဒေါက်တာဝင်းတင်လတ် အနှစ်သက်ဆုံးသော ဝါသနာ ဖြစ်သည်။ လွတ်လပ်ပေါ့ပါးစွာလမ်းလျှောက်၍ နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သောလေကို တဝကြီးရှူရှိုက်ရသည့် အရသာကို သူအလွန်နှစ်သက်သည်။

လမ်းလျှောက်ရာတွင်လည်း မြန်မာနိုင်ငံတွင် ရာသီဥတု သုံးမျိုးရှိသည့် အနက် ဆောင်းရာသီကို အနှစ်သက်ဆုံးဖြစ်သည်။ ဆောင်းရာသီ၏

နံနက်ခင်းမှာ နှင်းပွင့်တွေကျတတ်၏။ နှင်းပွင့်များအကြားတွင် လမ်းလျှောက်ရတာကို သူအလွန်နှစ်သက်သည်။ ဟားခါးဆောင်းကလို တကယ့်ဆောင်း နှင်းကျ ပြီဆိုလျှင် ထူထပ်သိပ်သည်းစွာကျတတ်သဖြင့် တစ်ခါတစ်ရံမှာ နေအလွန်မြင့် သည့်တိုင်အောင် နှင်းကမကွဲတတ်သေး။

ရာသီဥတုအေးသော်လည်း အတော်အဝေးကို ခပ်သွက်သွက် လျှောက်ခဲ့သဖြင့် သူ့နဖူးမှာ ချွေးစကလေးတွေပင်စို့လာသည်။ နှင်းက လည်း ကွဲစပြုပြီ။ နေရောင်ခြည်သည် ပေ ၈၀၀၀ ကျော်မြင့်သော ရုန်းတောင်စွယ်ဖက်မှ ထွက်ပေါ်လင်းလက်လာ၏။ ဒေါက်တာ ဝင်းတင်လတ်သည် ထင်းရှူးပင်၏ပင်စည်တစ်ခုကိုမှီ၍ အမောဖြေနေသည်။ သူ့ရှေ့မှာတော့ ရုန်းတောင်တန်းကြီးက မြင့်မားစွာရပ်တည်နေ၏။ တောင် ခြေမှာ ဟားခါးရွာကြီးက မြွေတစ်ကောင်လို ရစ်ခွေ၍ဆင်းနေသည်။ တောင်စောင်း တောင်ခါးပန်းတွေမှာ တောင်ဇလပ်ပန်းများက ရဲရဲနီအောင် ပွင့်နေကြသည်။ အဖြူရောင်နှင်းပွင့်များကြားမှ အနီရင့်ရောင် တောင်ဇလပ် ပန်းများ၏အလှကား ပန်းချီကားတစ်ချပ်သဖွယ်လှပနေသည်။

သဘာဝအလှကို ချစ်တတ်၊ မြတ်နိုးတတ်သော ဒေါက်တာ ဝင်းတင်လတ် အဖို့ကတော့ သည်ရှုခင်းများသည် မရိုးနိုင်သော၊ တန်ဖိုး မဖြတ်နိုင်သော သဘာဝပန်းချီကားများဖြစ်၏။ သည်ကဲ့သို့ မရိုးနိုင်သော သဘာဝအလှများကို ကြည်နူးနှစ်သက်စွာခံစားရင်း ချင်းပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင် ရန် ဒေါက်တာဝင်းတင်လတ် ပြောင်းရွှေ့လာခဲ့သည်မှာ အေးမြသောဟားခါးဆောင်းပင် နှစ်ကြိမ်တိုင် ခဲ့ပြီဖြစ်၏။

## အခန်း (၂)

သည်နေ့နံနက်တော့ ဒေါက်တာ ဝင်းတင်လတ် အိပ်ရာမှ စောစောထသည်။ ဆေးရုံဂျူတီစောပြီးဝင်ရမှာမို့ အိပ်ရာမှ စောစောထခြင်းဖြစ်၏။ လမ်းလျှောက်ဖို့ အချိန်ယူရဦးမည်။ လမ်းလျှောက်ဖို့ ပြင်ဆင်နေဆဲမှာပင် မမျှော်လင့်ဘဲ ဆရာမလေး ဒေါ်ဖားရှိမိန်း ရောက်လာ၏။ ဒေါ်ဖားရှိမိန်းမှာ ချင်းအမျိုးသမီး အလယ်တန်းပြဆရာမကလေးဖြစ်သည်။

"ဆရာတစ်ခုကူညီပါဦး။ ကျွန်မတပည့်လေးတစ်ယောက် ဖျားနေလို့ပါ"

ဒေါက်တာ ဝင်းတင်လတ်က လက်မှနာရီကိုကြည့်လိုက်ပြီး

"ကျွန်တော် ကိုးနာရီမှာ ဆေးရုံဂျူတီဝင်ရမယ်၊ ဒါပေမယ့် အရေးကြီးရင် ကျွန်တော်ချက်ချင်းလိုက်ခဲ့ပါ့မယ်၊ အိမ်ကဘယ်လောက်ဝေးသလဲ ဆရာမ"

"သိပ်မဝေးပါဘူးဆရာ၊ ဒီဘက် တောင်စောင်းတင်ပါ"

ဒေါက်တာ ဝင်းတင်လတ်က ဆေးသေတ္တာကိုယူပြီး ဆရာမ ဒေါ်ဖားရှိမိန်းနောက်သို့လိုက်ခဲ့၏။ ၁၅ မိနစ်ခန့်လျှောက်မိသောအခါ ဆရာမက အိမ်ကလေးတစ်လုံးထဲသို့ ဝင်သွား၏။ အိမ်က သစ်သားအိမ်ကလေး။ တောင်စောင်းကို မေးတင်ပြီးဆောက်ထားသည်။ အိမ်ကလေးထဲမှာ မည်းမှောင်နေ၏။ အလင်းရောင်ကောင်းစွာမရ၊ ရာသီဥတုက အေးလွန်းတော့ ဝိုထိုင်းထိုင်းဖြစ်နေသည်။ အနံ့အသက်ကလည်း သိပ်မကောင်းလှ။

ကလေးအမေနှင့်တူသူ အသက် ၄၀ ခန့်ရှိ ချင်းအမျိုးသမီးကြီး တစ်ဦးက ဆေးတံခဲပြီး ကလေးကို ထိုင်ကြည့်နေသည်။ ဒေါက်တာဝင်းတင်လတ်နှင့် ဆရာမရောက်သွားတော့ အမျိုးသမီးကြီးက အံ့ဩသလို ကြည့်နေသည်။ ဆရာမက ဆရာဝန်ပင့်လာခဲ့ကြောင်း၊ ကလေးကို ဆေးကုမည့်အကြောင်း ချင်းဘာသာဖြင့် ပြောပြသည်။ ကလေး၏အမေက ဆရာဝန်နှင့် ဆေးကုမည်ကို သဘောမတူသလို ငြင်းနေ၏။ ဆရာမ ဒေါ်ဟားရှံမိန်းက ချင်းဘာသာဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြသောအခါမှ သဘောပေါက်ပြီး ဆေးကုရန် သဘော တူသည်။

ကလေးက အဖျားဒီဂရီ ၁၀၀ ကျော်နေ၏။ တစ်ကိုယ်လုံး အလွန် အမင်း ပူနေသည်။ ငှက်ဖျားမိထားခြင်းဖြစ်၏။ ရောဂါအဆင့်က အရွယ်နှင့် မလိုက်အောင် ပြင်းနေသဖြင့် ကလေးမှာ မျက်လုံးများပင်မဖွင့်နိုင်အောင် ဝေဒနာသည်းနေသည်။ ဒေါက်တာဝင်းတင်လတ်၏ ညွှန်ကြားချက်အရ ဆရာမဒေါ်ဟားရှံမိန်းက ကလေးကို ရေဆွတ်ထားသောအဝတ်နှင့် ရေပတ်တိုက်ပေးသည်။ ၁၅ မိနစ်ခန့် ရေပတ်တိုက်ပေးမှ ကလေးကိုယ်ပူ ကျသွား၏။

ဆရာမ ဒေါ်ဟားရှံမိန်းက သူနာပြုဆရာမ မဟုတ်သော်လည်း သူမ တတ်စွမ်းသမျှကူညီသည်။ ကလေးကို အတတ်နိုင်ဆုံးပြုစုပေး၏။ ဒေါက်တာဝင်းတင်လတ်နှင့် ဆရာမလေးတို့၏ ကရုဏာပြည့်သော ပြုစု ကုသမှုကြောင့် ကလေးမှာ ကိုယ်ပူကျသွားပြီး လန်းလန်းဆန်းဆန်း ဖြစ်လာသည်။

ဒေါက်တာဝင်းတင်လတ်က ကလေးအတွက်လိုအပ်သောဆေးများကို ချက်ချင်းတိုက်သည့်အပြင် သောက်ရမည့်ဆေးများကိုလည်း အထုပ် ကလေးများနှင့်ခွဲပေး၏။ မည်သို့သောက်ရမည်ကို ဆရာမ ဒေါ်ဟားရှံမိန်းက ချင်းဘာသာဖြင့် ရှင်းပြသည်။ ထို့နောက် သူတို့နှစ်ယောက် အိမ်ကလေးမှ ထွက်ခဲ့ကြ၏။

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကလေးက ကိုယ်အရမ်းပူပြီး တက်မလိုတောင်ဖြစ်နေတယ်။ ဆရာအချိန်မီကြည့်ပေးနိုင်လို့ စိတ်အေးသွားရတယ်။ ကလေးရဲ့အမေကလည်း ဆရာ့ကို ကျေးဇူးတင်ကြောင်းပြောပါတယ်၊ သွားဦးမယ်နော်ဆရာ"

ဆရာမလေး ဒေါ်ဘေးရုံမိန်းက ဒေါက်တာ ဝင်းတင်လတ်ကို နှုတ်ဆက်ပြီး သူမ၏ ကျောင်းကလေးဆီသို့ ခွဲထွက်သွား၏။ ဒေါက်တာ ဝင်းတင်လတ်က အိမ်ပြန်ရန် အချိန်မရတော့သဖြင့် ဆေးရုံဘက်သို့လျှောက်ခဲ့၏။ လမ်းလျှောက်ရင်း သူ့ရင်ထဲမှာတွေးနေသည်၊ ကျန်းမာရေး အသိပညာပေးရေးလုပ်ငန်းကို အမြန်ဆုံးကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှ ဖြစ်မည်။ ကျေးလက်အဆင့်မှ မြို့နယ်၊ မြို့နယ်အဆင့်မှ ပြည်နယ်အဆင့် အထိ အမြန်ဆုံးအကောင်အထည်ဖော်ရမည်။

အကောင်အထည်မဖော်၍မဖြစ်။ ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် သူ့ဘဝတစ်ခုလုံး အိုးထိန်းစက်တဲ့သို့ သွက်သွက်ခါအောင် လှုပ်ရှားခဲ့ရဖူးသည်။ သူ့ဘဝမှာ မျက်ရည်ချောင်းစီးလောက်အောင် သောကတွေပင်လယ်ဝေခဲ့ရဖူးပြီ။

ကျန်းမာရေးအသိပညာချို့တဲ့မှု၏အားနည်းချက်များ၊ အဖြစ်အနာအဆာများကို ဆေးတက္ကသိုလ်မှာသင်ခဲ့ရသည်၊ နိုင်ငံခြားမှာ နှစ်နှစ်ခန့် သွားရောက်သင်ကြားစဉ်ကလည်း ကျန်းမာရေးအသိပညာအရေးကြီးပုံများကို သင်ကြားခဲ့ရဖူးသည်။ ခေတ်မီသော သိပ္ပံနည်းကျသော သင်တန်းများကို သူတက်ရောက်အောင်မြင်ခဲ့ပါသည်။ သို့သော် ယင်းသင်ယူခဲ့မှုများ၊ အောင်မြင်ခဲ့မှုများသည် သူ၏ဦးနှောက်တွင်သာစွဲထင်စေနိုင်ခဲ့၏။ ကျန်းမာရေးအသိပညာနှင့်ပတ်သက်၍ သူ၏ဘဝကပို့ချလိုက်သော ဘဝပေးသင်ခန်းစာများက သူ့နှလုံးသားမှာ မှတ်ကျောက်တင်သလို စွဲထင်နေဆဲပါ။

## အခန်း (၃)

ဒေါက်တာ ဝင်းတင်လတ်သည် ရန်ကုန်မြို့နှင့်မနီးမဝေး တောရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သူဖြစ်၏။ သူ၏မိဘများမှာ တောင်သူလယ်သမားများဖြစ်သည်။ သူ့တွင် အစ်ကိုတစ်ယောက်ရှိသည်။ အဖေ၊ အမေနှင့် အစ်ကိုဖြစ်သူတို့က မိသားစုပိုင်လယ်ကို ကိုယ်တိုင်လုပ်ကြသည်။ သားအမိ သားအဖလေးယောက်အတွက် လုံလောက်ရုံသာမက ငွေပိုငွေလျှံပင် စုဆောင်းနိုင်သည်။ သည်တော့ သူ၏ငယ်ဘဝသည်လှပခဲ့သည်။

အဖေ၊ အမေနှင့် အစ်ကိုတို့က လယ်ထဲမှာနွားနှင့်ဖက်ရှုန်း၍ ပင်ပန်းစွာ စီးပွားရှာရသော်လည်း သူ့ကိုတော့ပညာတတ်ဖြစ်စေချင်သည်။ ဝင်းတင်လတ်ပညာတတ်ဖြစ်ရေးသည် သူတို့မိသားစုအတွက် အဓိကရည်မှန်းချက်ဖြစ်သည်။ ဝင်းတင်လတ်ကို လယ်လုပ်ငန်းများ လုပ်ကိုင်ခွင့်မပြု၊ စာကိုသာကြိုးစားစေသည်။ ပညာတတ်ဖြစ်စေရမည်၊ ကျေးလက်နေ လူတန်းစားဖြစ်သော သူတို့မိသားစုအတွက် အိပ်မက်သဖွယ်ဖြစ်သော်လည်း တကယ်တော့ အိပ်မက်မဟုတ်နိုင်။ တကယ်ဖြစ်နိုင်သော အိပ်မက်တစ်ခုကို မက်နေကြခြင်းသာ။ ဝင်းတင်လတ်က စာတော်သည်။ နှစ်စဉ်စာမေးပွဲကို ထူးထူးချွန်ချွန်အောင်ခဲ့သည်။ မိသားစုစီးပွားရေးကလည်း အောင်မြင်သည်ဆိုတော့ ဝင်းတင်လတ် ပညာတတ်ဖြစ်ရေးဟူသော ရည်မှန်းချက်ပန်းတိုင်သည် ပန်းခင်းသောလမ်းသဖွယ် သာယာဖြောင့်ဖြူးနေသည်။

သို့သော် သူပဉ္စမတန်းအောင်တော့ ကံကြမ္မာက သူ့ကိုနှိပ်စက်စပြုလာသည်။ လယ်ထဲမှာအလုပ်လုပ်ရင်း သူ့အစ်ကို ပိုးထိ (မြွေကိုက်) ခံရ

ပြီး သေဆုံးသွားခဲ့သည်။ သူ့မိသားစုအတွက် လက်ရုံးတစ်ဖက် ပြုတ်သွားခြင်းဖြစ်၏။ သို့ရာတွင် အဖေသည် ဖွဲကြီးသူဖြစ်၏။ လောကဓံကို အရှုံးမပေး။ ဖြစ်သည့်နည်းနှင့်ကြိုးစားသည်။ အစ်ကိုရှိစဉ်က နှစ်ယောက်အတူလုပ်ခဲ့သောအလုပ်များကို အဖေတစ်ယောက်တည်းလုပ်ရသည်။ သူ့ပညာရေးကို အထိနိုက်မခံ၊ သူ့ကိုလယ်ထဲသို့ လုံးဝမဆင်းစေရ။

သို့သော် ကံကြမ္မာ၏ရိုက်ပုတ်ချက်က ပို၍ပြင်းထန်လာသည်။ ထိုနှစ်မှာပင် အဖေက အဖျားရောဂါနှင့်ဆုံးသွားခဲ့ပြန်သည်။

သူက လူမမယ်၊ အမေက တစ်နှစ်အတွင်းမှာ သားနှင့်လင် သေဆုံးရသဖြင့် အရူးတစ်ပိုင်းဖြစ်နေသည်။ လောကဓံလှိုင်း၏ရိုက်ပုတ်ချက်ကို သွက်သွက်ခါအောင်ခံစားရသည်။ မိသားစု၏ဘဝအိပ်မက်သည် အစိတ်စိတ် အမြွာမြွာပြိုကွဲတော့မလိုဖြစ်နေသည်။

အမေသည် မိန်းမသားတစ်ယောက်ဖြစ်သော်လည်း ယောကျ်ား နှစ်ယောက်လုပ်ခဲ့သော လယ်မြေများကို ကြိုးစား၍ဦးစီးလုပ်ကိုင်ပါသေးသည်။ သို့ရာတွင် မိန်းမသားဖြစ်ခြင်း၊ လုပ်ငန်းမကျွမ်းကျင်ခြင်း၊ ဓနိုင်ဝန်ကို ထမ်းရခြင်းတို့ကြောင့် မိသားစုပိုင်သော လယ်မြေ၊ ကျွဲနွားများအားလုံးဆုံးရှုံးကုန်သည်။ သို့သော် အမေကဖွဲမာန်ကိုမလျှော့။ နောက်ဆုံးမှာ အမေသည် ရွာကအိမ်နှင့်မြေကိုရောင်းပြီး မြို့သို့တက်ခဲ့သည်။ တစ်သက်လုံးက ခေါင်းပေါ်မတင်ခဲ့ဖူးသောဈေးတောင်းကို ခေါင်းရွက်ပြီး ဈေးရောင်းခဲ့သည်။ သူ၏ပညာရေးအတွက် အားမာန်ဖွဲ့အပြည့်ဖြင့် တိုက်ပွဲဝင်ခဲ့သည်မှာ ဆရာဝန်ဖြစ်သည်အထိ၊ သူ၏ဘဝသည် ဘယ်လိုမှမေ့၍မရ။

သူ၏မေ့နိုင်စွမ်းမရှိသော ဘဝအတွေ့အကြုံကပင် သူ့အား ဆရာဝန်ဖြစ်လိုစိတ် မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

အစ်ကိုနှင့်အဖေဆုံးစဉ်က မြင့်မိုရ်တောင်ပြိုသွားခြင်းဖြစ်သော်လည်း၊ ဝမ်းနည်းမှုတစ်ခုသာခံစားရသည်။ သူဆရာဝန်ဖြစ်တော့မှ အစ်ကိုနှင့်

အဖေဆုံးရှုံးရခြင်းသည် မဆုံးရှုံးသင့်သော ဆုံးရှုံးမှုဖြစ်သည်ကိုသိလာ၍ ပို၍ခံစားလာရသည်။

သူ့ဘဝကို မျက်ရည်ချောင်းစီးစေခဲ့သော၊ သောကပင်လယ်ဝေစေသော အဓိကတရားခံသည် မြွေလည်းမဟုတ်၊ အဖျားရောဂါလည်းမဟုတ်၊ ကျန်းမာရေးအသိပညာချို့တဲ့မှုသည်သာ တရားခံအစစ်ဖြစ်သည်ကို သူ့ မျက်ဝါးထင်ထင်သိမြင်လာရတော့သည်။

အစ်ကို့ကိုပိုးထိတော့ ဆေးရုံမပို့ခဲ့ကြ။ မြွေဆိပ်မပြန့်အောင် မည်သို့ ဆောင်ရွက်ရမည်ကိုလုံးဝမသိ။ ဆေးရုံပို့ရမည်ဟူသောအသိပင်မရှိခဲ့ကြ ဆေးရုံမပို့ဘဲ ရွာက ပယောဂဆရာနှင့်ကုသည်။ ပယောဂဆရာက အစ်ကို့ ကို မည်သည့်ဆေးမှမပေးဘဲ ရေမန်းသာတိုက်သည်။ မြွေကိုက်ထားသော နေရာကို ဆေးလိပ်မီးနှင့်တို့သည်။ မြွေဆိပ်တက်သဖြင့် အစ်ကိုသတိမေ့ နေသောအခါ အပမှီသည် (ပယောဂဝင်သည်) ဆိုပြီး ဆေးကြိမ်လုံးနှင့် ရိုက်သည်။ မကြာခင်မှာ အစ်ကိုဆုံးသွား၏။ အစ်ကိုဆုံးသောအခါ တစ်ကိုယ်လုံးရှိအသားတွေ ပြာနှမ်းသွားသည်။ သည်တော့ ပယောဂဆရာ က ဘာပြောပါသနည်း။ သူ့ဘယ်လိုမှကု၍မရနိုင်။ အစ်ကို့ကိုကိုက်သော မြွေသည် ရိုးရိုးမြွေမဟုတ်၊ နတ်တိုက်ထားသောမြွေဖြစ်သည်၊ ဒါကြောင့် အစ်ကို့အသားတွေ ပြာနှမ်းသွားခြင်းဖြစ်သည်ဟု ပြောပါသည်။ ပယောဂ ဆရာပြောသည်ကို တစ်ရွာလုံးကအမှန်တဲ့ လက်ခံထားကြသည်။ မြွေဆိပ် များ ခန္ဓာကိုယ်အတွင်းပျံ့နှံ့သွား၍ အစ်ကိုဆုံးသောအခါ အသားများ ပြာနှမ်းသွားသည်ကို မည်သူမှမသိခဲ့ကြ။

အဖေဆုံးသွားရသည်မှာ အဖျားရောဂါကြောင့်ဖြစ်သည်။ အဖေ့အဖျား က သာမန်အဖျား။ ပင်ပန်းလွန်းသည်တစ်ကြောင်း၊ အအေးမိသွားခြင်း ကြောင့်တစ်ကြောင်း တို့ကြောင့် ဖျားခြင်းဖြစ်သည်။ အဖေဖျားတော့ ကိုယ် တွေ မြစ်မြစ်တောက်အောင်ပူလာသည်။ ထိုစဉ်က သူတို့ရွာမှာဆရာဝန်

မရှိ။ ကျေးလက်ဆေးပေးခန်းမှာ်မရှိ။ နေထိုင်မကောင်းဖြစ်လျှင် ရွာထဲက ဆေးဆရာကိုသာ အားကိုးနေရသောအချိန်ဖြစ်သည်။ ဆေးဆရာဆိုသည် ကလည်း သမားအဆင့်မဟုတ်။ မည်သည့်အောင်လက်မှတ်မျှမရှိ။ ရွာမှာ ကျွမ်းကျင်သူမရှိ၍သာ ဆေးဆရာလုပ်စားနေသူဖြစ်သည်။

အဖေ့ကိုယ်တွေတအားပူသောအခါ ဆေးဆရာက အဖေ့ခြေချောင်း လက်ချောင်းကလေးတွေကို ကြိုးနှင့်ချည်ပြီး ခြေထိပ် လက်ထိပ်ကလေး တွေကို အပ်နှင့်ဖောက်သည်။ ပြီးတော့ သွေးတွေကိုညှစ်ထုတ်သည်။ ကိုယ်ပူလာတိုင်း တစ်ရက်လျှင်တစ်ကြိမ်လောက် ယင်းကဲ့သို့ပြုလုပ်သည်။ တစ်ပတ်ခန့်အကြာမှာ ပါးစပ်လုံးဝမဖွင့်နိုင်တော့ဘဲ အကြောဆွဲပြီး အဖေ ကွယ်လွန်သွားပါသည်။

အဖေ ဘာကြောင့်ကွယ်လွန်သွားသည်ကို မည်သူမျှမသိခဲ့ကြ။ သာမန် ဖျားရိုးဖျားစဉ်ဖျားပြီး ကွယ်လွန်သွားခြင်းဖြစ်သည်ဟုသာ ယူဆခဲ့ကြ သည်။ တကယ်တော့ သူ့အဖေဆုံးရသည်မှာ အဖျားရောဂါကြောင့်မဟုတ်။ လက်ထိပ်ခြေထိပ်များကို သံချေးပါသောအပ်ဖြင့် ဖောက်ခြင်းကြောင့် မေးခိုင်ပိုးဝင်ပြီး အဖေကွယ်လွန်သွားခြင်းဖြစ်၏။ မေးခိုင်ပိုးဆိုသည်ကို မည်သူမျှမသိခဲ့ကြ။

အခြားမဖြစ်သင့်သောဆုံးရှုံးမှုတွေ သူတို့ရွာမှာ အများကြီးဖြစ်ခဲ့သည် ကို သူကိုယ်တိုင် ဆရာဝန်ဖြစ်လာမှသိရတော့သည်။ တိုက်ရိုက်ဖြစ်ပြီး အူရောင်နေသူကို ပယောဂဆရာက ထမင်းကျွေးသဖြင့် သေဆုံးရခြင်းမျိုး၊ အပူပြင်းလွန်းသူကို ရေပတ်မတိုက်ပေးဘဲ၊ ချွေးထပ်ထုတ်သဖြင့် ဦးနှောက်ကြောပြတ်ပြီး သေဆုံးရခြင်းမျိုးတွေ များစွာရှိခဲ့သည်။ ကလေး ငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပြီး သေဆုံးသောအခါ ကိုယ်ပေါ်တွင် အမည်းကွက်များပေါ်လာသည်ကို နတ်သမီးဖမ်းစား၍သေသည်။ ရုန်း မြူစား၍သေသည်ဟူသော အယူအဆမျိုးတွေ ကြားခဲ့ရသည်။ ရင်နာဖွယ် ကောင်းသော ထိုအဖြစ်မျိုးတွေကို သူမမေ့နိုင်။

ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် သူကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော ဆိုးသီးဖွယ်ဖြစ်ရပ်များကို သူနှင့်ဘဝတူ ကျေးလက်ပြည်သူတွေ မခံစားစေလို၍ ထို့ကြောင့် သူဆရာဝန်ဖြစ်လာသော မဖွံ့ဖြိုးသေးသော ဒေသများတွင်သာ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့၏။ နိုင်ငံခြားမှာ နှစ်နှစ်ခန့် ပညာသင်ကြားပြီးနောက် အမိနိုင်ငံသို့ပြန်ရောက်လာသော်လည်း ရန်ကုန်-မန္တလေးကဲ့သို့မြို့ကြီးများတွင် တာဝန်ထမ်းဆောင်ရန် သူ မစဉ်းစားခဲ့။ သူ့အား နိုင်ငံတော်က ချင်းပြည်နယ်သို့တာဝန်ပေးသောအခါ ဝမ်းပန်းတသာလက်ခံ၍ အမြန်ဆုံးပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

သူတာဝန်ကျရာဒေသတိုင်းမှာ ဆေးကုသရုံသာမဟုတ်၊ ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းကို အထူးအာရုံစိုက်၍ လုပ်ဆောင်ခဲ့၏။ ကျန်းမာရေးပညာပေးဟောပြောပွဲတွေကို တက်တက်ကြွကြွကျင်းပခဲ့၏။ ဟောပြောစည်းရုံး၏။ လက်တွေ့ကျကျကုသပေး၏။ သို့ရာတွင် မည်သို့လက်တွေ့ကျကျဟောပြောလုပ်ဆောင်ပြသည်ဖြစ်စေ နှစ်ပေါင်းများစွာ လက်ခံကျင့်သုံးခဲ့သော ရှေးရိုးရာအယူအဆ အစွဲအလမ်းဟောင်းများကို မစွန့်လွှတ်လိုသောသူများနှင့်လည်း တွေ့ရသေးသည်။ ခေတ်မီဆေးပညာများကို လက်မခံလိုသောသူများကိုလည်း တွေ့ရသေးသည်။ မည်သို့ပင်ဖြစ်စေ သူ့အနေနဲ့ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားပြီးဟောပြောစည်းရုံး ကုသပေးရသည်။

စောစောပိုင်းက ဆရာမလေး ဒေါ်ဟားရှိမ်နိုး၏တပည့်ကလေး၏ မိခင်သည်ပင် ဆရာဝန်နှင့်ဆေးကုသရန် ငြင်းဆန်ခဲ့သေးသည်မဟုတ်ပါလား။ သို့ဖြစ်၍ ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းကို အမြန်ဆုံးနှင့် အကျယ်ပြန့်ဆုံးဆောင်ရွက်ရန် သူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

## အခန်း (၄)

ညနေပိုင်းမှာ ဆရာမလေး ဒေါ်ဖားရှိမိန်းနှင့် ကျောင်းသားလေးတစ်ဦး ဒေါက်တာ ဝင်းတင်လတ်ထံရောက်လာသည်။

''ဆရာ့ကို မနက်က အားနာလိုက်တာဆရာရယ်၊ ကျွန်မလည်း ကျောင်းကိုအမြန်ရောက်ချင်ဇောနဲ့မို့ ဆရာကို ဘာမှမပြောလိုက်ရဘူး''

ဒေါက်တာ ဝင်းတင်လတ်က အပြေရှာမရသော အကြည့်မျိုးဖြင့် ဆရာမလေး ဒေါ်ဖားရှိမိန်းကိုကြည့်နေသည်။

''အားနာစရာမရှိပါဘူး ဆရာမရဲ့၊ ကျွန်တော့်ဆေးရုံအချိန်လည်း နောက်မကျပါဘူး။ ဘာကိစ္စအားနာရမှာလဲ''

''ဟို ... ဟိုလေ ဆရာ၊ ရှိုင်းတယ်လို့တော့မထင်ပါနဲ့ ကလေးအတွက် ဆရာ့ခြေကြွခနဲ့ ဆေးဖိုးဝါးခ မပေးလိုက်ရလို့ အခုလာပေးတာပါ''

ဆရာမ ဒေါ်ဖားရှိမိန်းက မရဲတရဲပြောလိုက်၏၊ ဒေါက်တာ ဝင်းတင်လတ်က မျက်နှာအနည်းငယ်ပျက်သွားသည်။

''ကိစ္စမရှိပါဘူးဆရာမရယ်၊ ကျွန်တော်ငွေလိုချင်ရင် ဆေးခန်းဖွင့်ထားမှာပေါ့၊ လူနာတိုင်းကို ဆေးကုသပေးရမှာက ကျွန်တော်တို့ဆရာဝန်တိုင်းရဲ့တာဝန်ပါဗျာ၊ ကျွန်တော် ချင်းပြည်နယ်ကိုပြောင်းလာတာက တာဝန်ဆိုတာထက် စေတနာအရဆိုရင် ပိုမှန်မယ်ထင်ပါတယ်၊ ထားပါတော့လေ၊ တဖြည်းဖြည်းတော့ ကျွန်တော့်အပေါ် သဘောပေါက်လာကြမှာပါ၊ ဆေးဖိုးဝါးခတော့ မယူပါရစေနဲ့ ဒါပေမယ့် ဒီကလေး နေကောင်းသွားတဲ့အထိ ကျွန်တော်ကြည့်ပေးမှာပါ''

ဒေါက်တာ ဝင်းတင်လတ်ကရှင်းပြတော့ ဆရာမလေးမှာ အားတုံ့အားနာဖြစ်သွားမိသည်။ ဘယ်လိုတောင်းပန်ရမှန်းမသိအောင်ပင်ဖြစ်သွား၏။ ဒေါက်တာများ စိတ်ဆိုးသွားသလားဟု စိတ်ပူပန်သွားမိသည်၊

"ဆရာ့စေတနာကို ပြစ်မှားမိသလိုဖြစ်သွားရင်တော့ ခွင့်လွှတ်ပါ ဆရာ"

ဒေါက်တာ ဝင်းတင်လတ်က မျက်နှာအနည်းငယ်တည်သွား၏။ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

"ဒီလိုတောင်းပန်လို့တော့ မကျေနပ်နိုင်ဘူးဗျာ"

"ဟင် ဘယ်လိုတောင်းပန်ရမလဲဆရာ"

ဆရာမလေးက ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ဘယ်လိုတောင်းပန်ရမလဲဆိုတော့၊ ကျွန်တော်ပြောမယ်၊ မနက်ဖြန် စနေနေ့မှာ တားခါးမြို့နယ်မှာရှိတဲ့ ရမ်ကလိုရွာလေးမှာ ကျန်းမာရေးပညာပေးဟောပြောပွဲရှိတယ်၊ ကျန်းမာရေးစစ်ဆေးပေးမယ်၊ လူနာတွေ့ရင် ဆေးကုသပေးမယ်၊ ဆရာမနဲ့ ဆရာမရဲ့ကျောင်းသားတွေအားလုံး လိုက်ခဲ့ရမယ်၊ ပြီးတော့ ကျေးရွာသန့်ရှင်းရေးလုပ်အားပေးရမယ်"

ဆရာမလေးက ယခုမှပြုံးနိုင်တော့၏။

"ဆရာက တကယ်နောက်တယ်၊ ကျွန်မက ဆရာစိတ်များဆိုးသွားသလားလို့"

"စိတ်ဆိုးတယ်၊ စိတ်တိုတယ်ဆိုတာ အတ္တများသူတွေရဲ့အလုပ်ပါဗျာ။ ဘယ်နေရာမဆို အကြောင်းရယ်၊ အကျိုးရယ် ခွဲခြားသိမယ်၊ အတ္တကို လျှော့နိုင်မယ်ဆိုရင် စိတ်ဆိုးတယ်ဆိုတဲ့ဝေါဟာရတောင်ရှိမှာမဟုတ်ဘူး။ ဒါတွေထားပါတော့ ကျွန်တော်ပြောတာ ဘယ်လိုသဘောရသလဲ"

ဆရာမလေးက တက်ကြွစွာပင် အဖြေပေး၏။

‘‘ဖြစ်ပါတယ်ဆရာ၊ ရွာသူရွာသားတွေ ကျန်းမာရေးအတွက် လုပ်ရမဲ့ ကိစ္စပဲ၊ ကျွန်မစိတ်ဝင်စားပါတယ်၊ ကလေးတွေနဲ့အတူ ကျွန်မတို့ လုပ်အား ပေးပါ့မယ်’’

‘‘ကောင်းပါပြီဆရာမ၊ ဒါဆိုရင် ကျေးဇူးအများကြီးတင်ပါတယ်၊ မနက်ဖြန်မှာ ကျွန်တော့်ကားလေးတစ်စီးနဲ့ ဆေးရုံသုံးကားကြီးတစ်စီး စီစဉ်ထားမယ်၊ ဆရာမနဲ့ကလေးတွေ ကျောင်းကစောင့်ပါ။ ကျွန်တော်တို့ ဝင်ကြိုပါ့မယ်’’

## အခန်း (၅)

"ငှက်ဖျားရောဂါဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ ခြင်ကိုက်ခံရခြင်းကြောင့်ဖြစ်ပါတယ်။ ခြင်ကိုက်ခံရရင် ငှက်ဖျားရောဂါ ဖြစ်နိုင်ပါတယ်။ ငှက်ဖျားရောဂါဟာ ကျား၊ မ မရွေး မည်သည့်အသက်အရွယ်မှာမဆို ဖြစ်ပွားနိုင်ပါတယ်။ ကမ္ဘာပေါ်မှာ ခြင်အမျိုးပေါင်း ၁၀၀၀ ကျော်ရှိပါတယ်။ လူသားတွေကို ငှက်ဖျားရောဂါဖြစ်ပွားစေနိုင်တဲ့ခြင် အဓိကအားဖြင့် သုံးမျိုးရှိပါတယ်။ အနော့ဖလီခြင်၊ အေဒီးစ်ခြင်နဲ့ ကျူးလက်ခြင်တို့ဖြစ်ပါတယ်"

"ဒီခြင်သုံးမျိုးအနက် ငှက်ဖျားရောဂါကိုဖြစ်စေနိုင်ဆုံးက အနော့ဖလီခြင်ပါ။ အနော့ဖလီခြင်ဟာ ရေကြည်ရေသန့်မှာပေါက်ပွားကြပါတယ်။ ရေကြည်ရေသန့်ရှိတာ စမ်းချောင်း၊ ရေအိုင်၊ လယ်ကွက် စသည်တို့မှာ ပေါက်ပွားကြပါတယ်။ တောတောင်ထူထပ်တဲ့ ဒေသတွေမှာလည်း ပေါက်ပွားကြပါတယ်"

"အနော့ဖလီခြင်တွေဟာ ရေကြည်ရေသန့်မှာပေါက်ပွားပြီး တောတွေ တောင်တွေ ချုံတွေမှာ ခိုအောင်းလေ့ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ မလိုအပ်တဲ့ရေကြည်ရေသန့်အိုင်တွေ၊ စမ်းချောင်းတွေကို မြေဖို့ ပစ်ခြင်းဖြင့် ခြင်မပေါက်ပွားအောင် ကာကွယ်ရပါမယ်။ ပေါက်ပွားလာတဲ့ ခြင်တွေခိုအောင်းခြင်းမပြုနိုင်အောင် ချုံနွယ်တွေ၊ ချုံပုတ်တွေ မလိုအပ်တဲ့ တောတွေကိုရှင်းလင်းခုတ်တွင်ပစ်ရပါမယ်"

“ရောဂါဖြစ်ပွားပြီးမှဆေးကုသတာထက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းက ပိုပြီးအကျိုးသက်ရောက်မှုရှိပါတယ်”

ဒေါက်တာ ဝင်းတင်လတ်ကဟောပြောရင်း တက်ရောက်လာသော ရွာသူရွာသားများကိုအကဲခတ်၏။ ရွာသားအားလုံးက သူ၏ဟောပြောချက်ကို စိတ်ဝင်စားစွာ နားထောင်နေသည်ကိုတွေ့ရ၏။

ထို့နောက် ဒေါက်တာ ဝင်းတင်လတ်က ဆက်လက်ဟောပြောသည်။

“ဒါကြောင့် လောလောဆယ်မှာ ငှက်ဖျားပိုးရှိ မရှိ၊ အခြားရောဂါများ ရှိ မရှိ လူတိုင်းကို သွေးစစ်ပေးပါ့မယ်၊ ရောဂါဖြစ်နေတဲ့သူတွေကို ကျွန်တော်ဆေးကုသပေးမယ်၊ ရောဂါမရှိသူများအတွက်လည်း ငှက်ဖျားရောဂါကြိုတင်ကာကွယ်ဆေးတွေ ကျွန်တော်ပေးခဲ့ပါ့မယ်။ ပြီးတော့ ဒီနေ့ မလာနိုင်တဲ့ ငှက်ဖျားရောဂါရှိသူတွေလဲ ကျွန်တော်တို့ပြည်နယ်ဆေးရုံကြီးကို လာပြီးပြကြပါ။ လိုအပ်တဲ့ကုသမှုတွေ ကျွန်တော်တို့လုပ်ပေးပါ့မယ်။ ဒါကတော့ ကျွန်တော်တို့ လောလောဆယ်လုပ်ပေးနိုင်တဲ့ ကုသမှုအပိုင်း ဖြစ်ပါတယ်”

“ကာကွယ်မှုအပိုင်းကတော့ ကျွန်တော်တို့က ကာကွယ်ဆေးတွေ ပေးနေရုံနဲ့ လုံလောက်မှာမဟုတ်ပါဘူး။ ပြည်သူလူထုအားနဲ့ စုပေါင်းဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။ ပြည်သူလူထုကြီးကလည်း တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ထိရောက်ပြီးအကျိုးရှိမှာ သေချာပါတယ်”

“ဒါကြောင့် လက်တွေ့အားဖြင့် ကျွန်တော်တို့ရဲ့ကုသမှုအပိုင်းပြီးရင် ကျွန်တော်တို့အဖွဲ့၊ ဆရာမ ဒေါ်ဘားရီမိန်းနဲ့ ကျောင်းသားများအဖွဲ့၊ ရွာသူ ရွာသားများအားလုံးစုပေါင်းပြီး အနောဖလီခြင်တွေပေါက်ပွားနိုင်တဲ့ ရေအိုင်တွေ၊ စမ်းချောင်းတွေကို ရေစီးရေလာကောင်းအောင်လုပ်ကြပါ

မယ်၊ အချိုကို မြေဖို့ပစ်ရပါမယ်။ ခြင်တွေဒိုအောင်းနိုင်တဲ့တောတွေ ရဲ့ ပုတ်တွေကိုလည်း ရှင်းလင်းကြရမှာဖြစ်ပါတယ်''

''ပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းသောနည်းဖြင့် ရောဂါကာကွယ်ခြင်းဟာ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေချည်းဘဲ လုပ်ကိုင်တာထက် ရွာသူရွာသားများပူးပေါင်းဆောင်ရွက်ကြတာက ပိုပြီးအကျိုးရှိပြီး ထိရောက်မှုလည်းရှိပါတယ်။ ရွာသူရွာသားတွေအနေနဲ့ တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ပတ်လျှင် တစ်ကြိမ်လောက် အခုကျွန်တော်တို့နဲ့ လုပ်သလို ပူးပေါင်းလုပ်ကိုင်ကြမယ်ဆိုရင် ကျန်းမာရေးအတွက် အများကြီး အကျိုးရှိတိုးတက်လာမှာဖြစ်ပါတယ်၊ ကဲ ... အခုလောက်ဆိုရင် သဘောပေါက်ကြမယ်ထင်ပါတယ်။ မရှင်းတာရှိရင်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးမေးမြန်းနိုင်ပါတယ်ခင်ဗျား''

ဒေါက်တာ ဝင်းတင်လတ်က တက်ကြွစွာရှင်းလင်းဆွေးနွေး၏၊ ဒေါက်တာ ဝင်းတင်လတ်ဆွေးနွေးပြီးနောက် ချင်းအမျိုးသမီးသူနာပြုဆရာမလေးက ချင်းဘာသာဖြင့် ထပ်မံဆွေးနွေးပြသေး၏။ ချင်းအမျိုးသမီးသူနာပြုဆရာမလေးမှာ လူထုကျန်းမာရေးလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်သည့်အပြင် ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်၍ တက်ရောက်လာသော ရွာသူရွာသားများသဘောပေါက်နားလည်ကြ၏။

ချင်းအမျိုးသားကြီးတစ်ယောက်ကမေးသည်၊

''စမ်းချောင်းထဲကရေကိုသောက်ရင် ငှက်ဖျားရောဂါဖြစ်တတ်ပါသလား''

နောက်တစ်ခါ ချင်းအမျိုးသမီးကြီးတစ်ဦးက မေးမြန်းသည်၊

''ငှက်ပျောသီးစားရင်၊ သဘော်သီးစားရင် ငှက်ဖျားရောဂါဖြစ်တတ်ပါသလား''

ဒေါက်တာ ဝင်းတင်လတ်က ရှင်းပြ၏။

"ဝမ်းရောင်းထဲကရေကိုသောက်ရုံ၊ ငှက်ပျောသီးစားရုံ၊ သခွါးသီးမှည့်စားရုံနဲ့ ငှက်ဖျားရောဂါမဖြစ်နိုင်ပါဘူး။ ခြင်ကိုက်ခံရမှသာ ငှက်ဖျားရောဂါဖြစ်နိုင်ပါတယ်၊ ခြင်ကိုက်ခံရတယ်ဆိုတာတောင်မှ အနောဖလီခြင်၊ အေဒီးစ်ခြင်နဲ့ ကျူးလက်ခြင် တစ်မျိုးမျိုး အကိုက်ခံရမှသာ ငှက်ဖျားရောဂါဖြစ်နိုင်ပါတယ်"

ချင်းအမျိုးသမီး သူနာပြုဆရာမလေးက ချင်းဘာသာဖြင့် ထပ်မံရှင်းပြသည်။

ဒေါက်တာ ဝင်းတင်လတ်အဖို့ ချင်းပြည်နယ်တွင် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရသည်မှာ အခြားကိစ္စများတွင် အခက်အခဲမရှိလှသော်လည်း ဘာသာစကားတွင် အခက်အခဲရှိ၏။

အချို့ဟောပြောပွဲများတွင် ဟောပြောသူက နှစ်မိနစ်ပြောသော်လည်း ပြန်ရှင်းပြသူက ဆယ့်ငါးမိနစ်နှင့်မပြီးနိုင်ဖြစ်နေတာမျိုး ကြုံရတတ်၏။

အချို့ဟောပြောပွဲများတွင် ဟောပြောသူက အချက်အလက် အထောက်အထားအပြည့်အစုံနှင့် ဟောပြောသော်လည်း ရှင်းပြသူက ဘာသာစကားမကျွမ်းကျင်၍ သဘောမပေါက်နိုင်ဖြစ်ရသည်မျိုးလည်းရှိ၏။

ဒေါက်တာ ဝင်းတင်လတ် ချင်းပြည်နယ်သို့ရောက်စက ချင်းဘာသာစကား သင်ယူရန်စိတ်ကူးသေး၏။ တစ်နှစ်လောက်ကြိုးစားလိုက်လျှင် ချင်းဘာသာစကားကျွမ်းကျင်ပြီး အလုပ်လုပ်ရတာ ပိုပြီးအဆင်ပြေမည် ထင်ခဲ့၏။

သို့သော် ချင်းပြည်နယ်သည် မြန်မာနိုင်ငံရှိ အခြားပြည်နယ်များနှင့် မတူဘဲ တောင်တန်းများသာရှိပြီး မြေပြန့်အလွန်ရှားပါးလှသည်ဖြစ်ရာ မြို့နယ်တစ်ခုနှင့်တစ်ခု ဆက်သွယ်ရေးမဆိုထားနှင့် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ရေးပင် မလွယ်ကူလှပေ။

သည်တော့ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းစကားချင်းမတူ၊ မြို့နယ်များအတွင်းမှာပင် တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မတူပီ၊ ပလက်ဝ မြို့နယ်အတွင်း ပြောဆိုသုံးစွဲသည့် ဘာသာစကားချင်းမတူကြ။

သည်တော့ ဒေါက်တာဝင်းတင်လတ် လက်လျှော့လိုက်ရတော့သည်။ ဟားခါးချင်းစကားတစ်မျိုးကိုသာလေ့လာနိုင်၏။ အခြားမြို့နယ်မှဘာသာ စကားများကို မသင်ယူနိုင်တော့။ မြို့နယ်တစ်ခုသို့သွားမည်ဆိုလျှင် ထို မြို့နယ်အတွင်းအသုံးပြုသော နှုတ်ဆက်စကား တစ်ခွန်း၊ နှစ်ခွန်းစသာ ထမင်းစားရေသောက်သင်ယူရတော့၏။

ယခုအခါတွင်မူ ချင်းပြည်နယ်သည် ယခင်ကထက်ဖွံ့ဖြိုးတိုးတက် လာပြီးဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပြီဖြစ်၏။ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် အခက်အခဲ မရှိတော့။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ပညာရေး ကျန်းမာရေးနှင့် စီးပွားရေးလည်း ဖွံ့ဖြိုးဝေစည်လာပြီဖြစ်၏။

ခေတ်ပညာတတ်လူငယ်များလည်း တိုးပွားလာပြီဖြစ်ရာ ချင်းပြည် နယ်အတွက် ''ဘုံဘာသာစကား'' တစ်ခုတီထွင်ရန် ကြိုးပမ်းနေကြ၏။

ဆွေးနွေးပွဲပြီးတော့ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ က ကုသရေးအပိုင်းဆောင်ရွက်ပေးကြ၏။

ဒေါက်တာဝင်းတင်လတ်နှင့် ရွာသူရွာသားများ၊ ဆရာမလေး ဒေါ်ဟန်ရိပ်မိန်း၏ကျောင်းသူကျောင်းသားအဖွဲ့က ရေအိုင်များကို မြေဖို့ခြင်း၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းများပြုလုပ်ကြသည်။ စမ်းချောင်း ငယ်များကို ရေစီးရေလာကောင်းအောင် ပြုပြင်ပေးကြသည်။ ကျန်းမာရေး ဝန်ထမ်းအချို့က ဒီဒီတီဆေးများဖြန်းပေးကြသည်။ ဒီဒီတီဆေးများ ဖြန်းပေးခြင်းဖြင့် ခြင်များသေဆုံးနိုင်သည့်အပြင် ခြင်များ၏သက်တမ်းကို လည်း တိုစေပါသည်။

ကျေးရွာသန့်ရှင်းရေးလုပ်အားပေးပွဲမှာ ရွာသူရွာသားများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများဖြင့် တက်တက်ကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါသည်။

လုပ်အားပေးပွဲပြီးသောအခါ ရွာသူရွာသားများနှင့် လုပ်အားပေးသူများကို ကျေးရွာလူကြီး ဦးထွန်းဇကာမ်မှ "ဆာဘူတီ" ခေါ် ချင်းတိုင်းရင်း ရိုးရာအစားအစာဖြင့် ကျွေးမွေးဧည့်ခံပါသည်။

ဆာဘူတီခေါ် ချင်းရိုးရာအစားအစာမှာ ပြောင်းဖူးစေ့နှင့် နွားနောက်သားကို ကြေညက်အောင်ရောကျိုထားသော အစားအစာဖြစ်ပါသည်။ အရသာကောင်းမွန်ပြီး ချင်းတိုင်းရင်းသားများ အလွန်နှစ်သက်သော အစားအစာဖြစ်ပါသည်။ အချို့က အသီးအရွက်၊ ရေတ်သီးမှုန့်များနှင့် ရောနှောစားသောက်လေ့ရှိပါသည်။

ဒေါက်တာဝင်းတင်လတ်ကတော့ ပင်ကိုယ်ကပင် အစားနည်းသူမို့ ဆာဘူသီက အရသာရှိသော်လည်း တစ်ပွဲသာစားနိုင်၏။ ရွာသူရွာသားများနှင့် ကျောင်းသူကျောင်းသားများကတော့ အားပါးတရစားနိုင်ကြ၏။ ဆာဘူတီက အရသာရှိသည့်အပြင် လုပ်အားပေးရသည်မှာလည်း ပင်ပန်းသောကြောင့် တပျော်တပါးအားရပါးရစားနေကြ၏။

ဒေါက်တာဝင်းတင်လတ်သည် ရွာသူရွာသားများ၏ ကျန်းမာရေး အသိပညာပွင့်လင်းလာမှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု၊ စိတ်ရင်း စေတနာဖြူစင်မှုတို့အတွက် အားတက်ပီတိဖြစ်နေမိသည်၊

# အခန်း (၆)

ဒေါက်တာဝင်းတင်လတ်သည် မဏိပူရမြစ်ကိုဖြတ်၍ ဆောက်ထားသော တာရိုးတံတားကလေးပေါ်တွင် တစ်ယောက်တည်းလမ်းလျှောက်နေမိ၏။ ဤခရီးစဉ်ကို လိုက်ပါခဲ့ခြင်းမှာ ဆရာမလေးဒေါ်တာရာမိန်းက အကူအညီတောင်းသဖြင့် သူ့ဆေးရုံကားနှင့် လိုက်ပို့ခဲ့ခြင်းဖြစ်သည်။ ဆရာမလေးက သူ့ကျောင်းက ကလေးတွေ စာသင်ခန်းထဲမှာသာ နေ့စဉ်စာသင်နေရသောကြောင့် ငြီးငွေ့မည်စိုးသဖြင့် ဒေသန္တရဗဟုသုတရရန်နှင့် စိတ်ပျော်ရွှင်ကြစေရန် လေ့လာရေးခရီးထွက်ခဲ့ခြင်းဖြစ်၏။

ကျောင်းသား၊ ကျောင်းသူကလေးအချို့က မဏိပူရမြစ်ထဲတွင် ရေကူးနေကြသည်။ အချို့က သောင်ပြင်မှာဆော့ကစားနေကြ၏။ သူတို့အားလုံးပျော်ရွှင်နေကြသည်။ ဟားခါးမှ ဆယ်တန်းကျောင်းသားကလေးတစ်ယောက်လည်းပါလာရာ သူကဂစ်တာတီး၏။ ကျောင်းသားကလေးအချို့က သီချင်းဆိုကြသည်။ ကျောင်းသူကလေးများက ဝိုင်းပတ်ပြီး ချင်းရိုးရာအကကို ကနေကြ၏။

ဒေါက်တာဝင်းတင်လတ်က တာရိုးတံတားပေါ်တွင်ရပ်၍ ပြာမှိုင်းသောတောင်တန်းကြီးတွေကို မျက်စိတစ်ဆုံးငေးကြည့်နေသည်။ အိန္ဒိယပြည်မှ မြစ်ဖျားခံကာစီးဆင်းလာသော မဏိပူရမြစ်က မြင့်မားသောတောင်တန်းကြီးနှစ်ခု၏ အောက်ခြေမှာ တငြိမ့်ငြိမ့်စီးဆင်းနေသည်။ တာရိုးတံတား သည် ထိုမြစ်ကိုဖြတ်၍ဆောက်လုပ်ထားသော အရှည်ပေ ၄၀၀ ခန့်ရှည်လျားသည့် သံမဏိကြိုးတံတားဖြစ်၏။

ဆောင်းရာသီဖြစ်၍ မြစ်ထဲတွင်ရေနည်းသော်လည်း မြစ်ရေက ကြည်လင်နေသည်။ ရေအောက်က ကျောက်စရစ်ခဲကလေးများကိုပင် မြင်နေရ၏။ ကြည်လင်သောမြစ်ရေထဲမှာ ငါးကလေးတွေက ထက်အောက် စုန်ဆန်ကူးခတ်နေကြသည်။

"အစ်ကိုတစ်ယောက်တည်း ပျင်းနေပြီလား"

ဆရာမ ဒေါ်တာရာ၏အမေးကြောင့် ပတ်ဝန်းကျင်ကိုငေးမောနေသော ဒေါက်တာဝင်းတင်လတ် သတိရလာ၏။

"မပျင်းပါဘူးဆရာမရယ်၊ ကလေးတွေပျော်နေတာကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ အလိုလိုကြည်နူးမိတယ်"

"မဟုတ်ပါဘူး၊ အစ်ကိုညာတာပါ။ တံတားပေါ်မှာ အစ်ကို တစ်ယောက်တည်း ဆွေးနေတာအကြာကြီးပဲ"

ဆရာမ ဒေါ်တာရာ၏က ဒေါက်တာဝင်းတင်လတ်ကိုစနေသည်။ ဒေါက်တာဝင်းတင်လတ်က ပြုံးလိုက်၏။

"မဟုတ်ပါဘူးဆရာမရယ်၊ ဆွေးနေတာမဟုတ်ဘူး ငေးနေတာပါ။ မြူမှိုင်းနေတဲ့ သည်တောင်တန်းကြီးတွေကိုကြည့်ရတာ ကျွန်တော့်ရင်ထဲမှာ သိပ်ကြည်နူးတယ်။ နှင်းတွေဆိုင်းပြီး အေးမြနေတဲ့ရာသီဥတုကိုလည်း ကျွန်တော်ချစ်တယ်"

ဆရာမ ဒေါ်တာရာ၏ကပြောလိုက်၏။

"အစ်ကိုက မဟုတ်တာတွေပြောနေပြန်ပြီ၊ အချို့က ဒီပြည်နယ်မှာ နေရတာ ပျင်းစရာကောင်းတယ်၊ ဒီတောင်တန်းကြီးတွေကို သိပ်မုန်းတယ် လို့ ပြောတတ်ကြတယ်"

"လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောချင်း အကြိုက် ချင်းတော့ တူချင်မှတူမယ်၊ ကျွန်တော်ကတော့ သဘာဝအလှအပတွေကို

မက်မောတယ်။ ပန်းချီကားဆိုရင်လဲ တောတောင်မြစ်ချောင်းတွေ၊ သဘာ အလှတွေကို ဖော်ကျူးပြီး ရေးဆွဲထားတဲ့ပန်းချီကားတွေကို ပိုပြီးသဘော ကျတယ်၊ ကျွန်တော့်အဖို့တော့ ချင်းပြည်နယ်မှာနေရတာ လှပတဲ့သဘာ ပန်းချီကားကြီးတစ်ချပ်ကို နေ့စဉ်ကြည့်နေရသလိုပဲ၊ နေ့စဉ်တွေမြင်နေ ပေမယ့် ကြည့်လို့မဝဘူး''

ဒေါက်တာဝင်းတင်လတ်က ဆရာမလေး၏မျက်နှာကိုကြည့်ရင်း ဆက်ပြောသည်။

''ကျွန်တော် ကလေးမြို့ကိုရောက်တော့ မြစ်သာမြစ်ကိုတကူးတက သွားကြည့်တယ်။ မြန်မာပြည်မှာ မြစ်တွေဟာ မြောက်ဘက်က တောင်ဘက်ကို စီးဆင်းလေ့ရှိတယ်။ မြစ်သာမြစ်ကတော့ တောင်ကနေ မြောက်ကို ပြောင်းပြန်စီးတဲ့မြစ်၊ ဒီမြစ်ကို ကျွန်တော်သွားကြည့်ရတာ ကျွန်တော့်ရင်ထဲမှာ ကြည်နူးမှုကိုခံစားရတယ်။ ကျွန်တော်နဲ့အတူ သွားကြည့်တဲ့သူငယ်ချင်းက ကျွန်တော့်ကိုပြောတယ်၊ မြစ်ကိုသွားကြည့် တော့ ရေတွေမှာပေါ်ကျွတဲ့၊ ရေတွေတော့ မင်းဘာလုပ်မှာတုန်းတဲ့၊ ကျွန်တော့်ကိုရယ်တယ်။ ဆရာမကော ကျွန်တော့်ကိုရယ်ဦးမှာလား''

ဆရာမ ဒေါ်ထားရီမိန်းက ကြည်လင်စွာပြုံးလိုက်၏။ ပြီးတော့မှ သူမ၏ အမြင်ကိုပြောပြသည်။

''မရယ်ပါဘူးအစ်ကိုရယ်၊ မရယ်တဲ့အပြင် ပိုပြီးတောင်လေးစားမိ သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ သဘာဝထက် ပကာသနကို ပိုပြီးမက်မောကြတယ်။ ဆင်းရဲခြင်းထက် ချမ်းသာခြင်းကို အလိုရှိကြ တယ်။ ကျွန်မတို့ပြည်နယ်က ပြည်မတို့ အခြားပြည်နယ်တို့ထက်တောင် ဖွံ့ဖြိုးမှုနောက်ကျတယ်။ ရာသီဥတုပြင်းထန်တယ်။ လမ်းပန်းဆက်သွယ် ရေး ခက်ခဲတယ်။ တာဝန်အရမဖြစ်မနေပြောင်းလာရရင်တောင်မှ မပျော်

ဖိုက်ကြဘူး။ စိတ်ညစ်ကြတယ်။ ဆရာကတော့ တစ်မျိုးပဲ ဒီလူတွေနဲ့ မတူဘူး။ ဆရာ့ကိုကြည့်ရတာ လုပ်ငန်းခွင်မှာအပြုံးပျော်ရွှင်နေတယ်။ အမြဲ တက်ကြွနေတယ်။ သွားရေးလာရေးခက်ခဲတဲ့နေရာတွေကို မရောက် ရောက်အောင် တကူးတကသွားတယ်။ အဆင်းရဲခံတယ်''

''ဒါကြောင့် မြည်နယ်ကလူတွေက အစ်ကို့ကို လေးစားကြတယ်။ အထူးသဖြင့် ဆင်းရဲတဲ့သူတွေက ပိုပြီးလေးစားကြတယ်။ အစ်ကို့လို အပေါက်ဖက်ကကြည့်ရှုတဲ့သူတစ်ယောက်က အခုလိုစိတ်ထားမျိုး စေတနာမျိုး ရှိတော့ အရမ်းကျေးဇူးတင်ကြတယ်''

ဒေါက်တာ ဝင်းတင်လတ်က တံတားဘောင်ကိုမှီပြီး ဆရာမလေး ပြောသမျှကို နားထောင်နေသည်။ ပြီးတော့ သူကဆက်ပြော၏။

''တကယ်တော့ သေသေချာချာတွေးကြည့်ရင် ဘာမှအံ့သြစရာ မရှိ ပါဘူးဆရာမရယ်၊ ကျွန်တော်ဟာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပါ။ နိုင်ငံ့ ဝန်ထမ်းတစ်ယောက်ဆိုတာ တိုင်းပြည်ကတာဝန်ပေးရင် ဒီတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမဲ့ ဝတ္တရားရှိတယ်။ ဝန်ထမ်းဖြစ်ရင် ကိုယ့်တာဝန်နဲ့ဝတ္တရားကိုတော့ ကျေပွန်အောင် ထမ်းဆောင်ရမှာပေါ့''

''နောက်တစ်ခုက ဆရာမတို့အမြင်မှာတော့ ကျွန်တော်ဟာ လူချမ်းသာတစ်ယောက်၊ အပေါက်ဖက်ကကြည့်ရှုတဲ့သူတစ်ယောက်လို့ ထင်ကြမယ်။ တကယ်တော့ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက် ဖြစ်တာ ကလွဲလို့ ချမ်းသာတဲ့သူမဟုတ်သလို ကြည့်ရှုတဲ့လူတစ်ယောက်လည်း မဟုတ်ပါဘူး။

ကျွန်တော်ငယ်ငယ်တုန်းက သိပ်ဆင်းရဲခဲ့ဖူးတယ်။ ဒီလိုဆင်းရဲတဲ့ဘဝ ကို ဖြတ်သန်းခဲ့ဖူးလို့လည်း ကျွန်တော့်ရင်ထဲမှာ ဒီလိုခံယူချက်တွေ အသိ တရားတွေ လွှမ်းမိုးခဲ့တာပါဘဲ။ ပြီးတော့ ကျွန်တော်က [illegible]

ပါတယ်။ စာဖတ်များလာတဲ့အခါကျတော့ ငယ်ငယ်က တွေ့ကြုံခဲ့တာနဲ့ ဘဝအသိတွေကို စာပေကဖွံ့ဖြိုးလာအောင်၊ ခိုင်မာလာအောင် ဖြည့်ဆည်း ပေးတယ်။ စာပေဟာ ကျွန်တော့်ဘဝရဲ့ မိတ်ဆွေဆိုလဲဟုတ်တယ်၊ ဘဝ မီးရှူးတန်ဆောင်ဆိုရင်လည်းမမှားဘူး"

အထူးသဖြင့် အနီးကပ်ဆုံးဥပမာပေးရရင် ဆရာမကြီး ဒေါ်ခွေတက် ရဲ့ ကဗျာမျိုးပေါ့။ ကဗျာကလေးကတိုပေမဲ့ အဓိပ္ပာယ်က ကျယ်ဝန်းတယ်၊ ဘဝမှာ ဘာတွေဆက်လုပ်ရမယ်၊ ဘယ်လိုကျင့်သုံးရမယ်ဆိုတာ မီးမောင်း ထိုးပြလိုက်သလိုဘဲ၊ ဆရာမနားထောင်ချင်ရင် အပိုဒ်ကလေးတစ်ပိုဒ် ကျွန်တော်ရွတ်ပြမယ်"

"ဘဝထိုထို၊ လမ်းတစ်ခို၌
လျှောက်လိုသော၊ တွေ့ကြုံရခိုက်
မေတ္တာမဏ္ဍိုင်၊ တူစိုက်ပြိုင်စို့
ဘဝလမ်းတာ၊ တိုတောင်းစွာကို
သာယာသာမှု၊ ထိတ်ပြုကြ
ညစ်ကျူမထင်၊ စိတ်ဖြူစင်ဖြင့်
မှားရှောင်လှုသျှ၊ ထိတ်ကူစို့" တဲ့။

ဒါ ဘယ်လောက်လှတဲ့ကဗျာလေးလဲ၊ ဘယ်လောက်အဓိပ္ပာယ်ပြည့်ဝ သလဲ။ ကျွန်တော်စိတ်ကူးယဉ်တာမဟုတ်ဘူး။ ဘဝကို ဒီအတိုင်းပဲ တည်ဆောက်သွားချင်တယ်"

ဒေါက်တာ ဝင်းတင်လတ်သည် စကားပြောလျှင် စိတ်ပါလက်ပါ ပြောတတ်၏။ သူ့စကားများက စိတ်ဝင်စားဖွယ်ကောင်းသည်မို့ ဆရာမ ဒေါ်တင်မြိန်က နားထောင်နေသည်။

''ကဲ ကျွန်တော်ပြောတာမမောပေမဲ့၊ ဆရာမနားထောင်ရတာ မျှင်းရော့မယ်၊ နှင်းတွေလဲ အရမ်းကျနေပြီ။ ရာသီဥတုကလည်း အေးလာပြီ။ ကျောင်းသားကလေးတွေနဲ့ မိုးသွားလုံ့ကြရအောင်၊ ဒီမှ နွေးသွားမယ်''

ဒေါက်တာ ဝင်းတင်လတ်နှင့် ဆရာမ ဒေါ်ဖားရှိမိန်းတို့သည် ဂစ်တာ တီးပြီး ကခုန်နေကြသော ကျောင်းသားကျောင်းသူတစ်သိုက်ဆီသို့ လျှောက်ခဲ့ကြ၏။ သူတို့အနားရောက်တော့ ကနေသော ကျောင်းသူ ကျောင်းသားကလေးများက လက်ချင်းယှက်ပြီး သူတို့နှစ်ယောက်ကို ဝိုင်းမတ်လိုက်ကြ၏။ ဒေါက်တာ ဝင်းတင်လတ်နှင့် ဆရာမ ဒေါ်ဖားရှိမိန်း တို့လည်း ကလေးများနှင့် လက်တွဲကရင်း ပျော်ရွှင်သွားကြသည်။

ဂစ်တာသံနှင့် သီချင်းသံက ဝေစည်စွာပျံ့လွင့်နေ၏။

''ရခိုင်ရိုးမတောင်တန်းနဲ့ဆက်နေတဲ့ ချင်းတောင်တန်း ... ကုလားတန်မြစ်နဲ့ မဏိပူရမြစ်စီးဆင်းတယ် ... ရောင်စုံပန်းများပွင့်ဖူးတယ် ထင်းရှူးချယ်ရီ တောင်ခလယ်တွေ ... သဘာဝအလှကို ဖော်ထုတ်လျက်နေ ... သူငယ်ချင်း လိုက်ခဲ့စမ်းပါ ... တစ်ခါတစ်ခေါက် လှမ်းခဲ့စမ်းပါ ... နို့များ ချင်းခလေ့ထုံးစံ မြင်စေချင်စမ်းတယ် ... တောင်ပေါ်ခေါင်ရေ ချိုမြမြ ... တစ်ကျိုက်လောက်သောက်ရင် အမောပြေ ... သူငယ်ချင်း လှမ်းခဲ့စမ်းပါ ... နို့ သွေးချင်းမြေ''

## အခန်း (၇)

ဆရာမလေး ဒေါ်ဖားရှိမိန်းက သူမကျောင်းကလေးသို့ လာရောက် ကြည့်ရှုရန်ဖိတ်ခေါ်သဖြင့် ဒေါက်တာ ဝင်းတင်လတ်သည် သူ၏ဆေးရုံ ကားကလေးနှင့် ဘုန်လုံးကျေးရွာ အစိုးရမူလတန်းကျောင်းသို့ ထွက်ခွာ ခဲ့၏။

ဆရာမလေး ဒေါ်ဖားရှိမိန်းမှာ အခြေခံပညာအထက်တန်းအောင်စဉ်က ဂုဏ်ထူး သုံးဘာသာနှင့် အောင်မြင်ခဲ့ပြီး စက်မှုတက္ကသိုလ်သို့ ဝင်ခွင့်ရ သော်လည်း ကျောင်းဆက်လက်မတက်ဘဲ ကျောင်းတက်မည့် ကုန်ကျ စရိတ်ကို ကျေးရွာအတွက် ကျောင်းဆောက်လှူဒါန်းကာ ဆရာမလုပ်နေ သူဖြစ်သည်။ စက်မှုတက္ကသိုလ် တက်ရောက်ပညာသင်ကြားနိုင်သော အရည်အချင်းနှင့် ငွေကြေးပြည့်စုံပါလျက် စာပေးစာယူသင်တန်းတက်ပြီး ဘွဲ့ယူခဲ့သူဖြစ်သည်။ သည်အကြောင်းတွေကို ဒေါက်တာ ဝင်းတင်လတ်က သိထားသဖြင့် ဆရာမလေးကို လေးစားခင်မင်နေပြီး သူမ၏ ကျောင်း ကလေးကိုလည်း စိတ်ဝင်စားခဲ့ခြင်းဖြစ်၏။ ဆရာမ ဒေါ်ဖားရှိမိန်းက ဒေါက်တာ ဝင်းတင်လတ်အား သူမ၏ကျောင်းကလေးကို လိုက်လံပြသ သည်။

"ဆရာမက စက်မှုတက္ကသိုလ်လည်း တက်ခွင့်ရတယ်။ စီးပွားရေး လည်း ပြည့်စုံတယ်၊ ဘာဖြစ်လို့ ဆက်မတက်သလဲ ဆရာမ"

"ကျွန်မက စက်မှု၊ အင်ဂျင်နီယာစတဲ့ ဘာသာရပ်တွေကို ဝါသနာ မပါဘူး။ အဲဒီပညာရပ်တွေကို ဝါသနာမပါဘဲတက်ရင် ကျွန်မအတွက်

လည်း၊ အကျိုးမရှိဘူး။ အခြားသူတစ်ယောက်အတွက်လည်း နစ်နာမယ်၊ ဒါကြောင့် အမှတ်မိရက်နဲ့ မတက်ခဲ့တာပါ။ ကျွန်မဝါသနာပါတာက ကျောင်းဆရာမ။ ပထမတော့ ပညာရေးတက္ကသိုလ်ဆက်တက်မယ် စိတ်ကူးသေးတယ်။ နောက်တော့ ကလေးတွေသံယောဇဉ်နဲ့ မတက်ဖြစ်တော့ဘူး။ စာပေးစာယူဘဲတက်ဖို့ ဆုံးဖြတ်လိုက်တယ်''

ဆရာမလေးပြောသောစကားထဲမှ ကလေးတွေဆိုသောစကားကို ဒေါက်တာ ဝင်းတင်လတ်က စိတ်ဝင်စားနေ၏၊ အံ့လည်းအံ့ဩနေသည်။

''ကလေးတွေဆိုတာက''

''ကျွန်မကျောင်းက ကလေးတွေပါ၊ ဆယ်တန်းအောင်စာရင်းမထွက်ခင် ကျွန်မ ဒီကျောင်းကလေးမှာ လုပ်အားပေးသေးတယ်။ အဲဒီတုံးက ဒီကျောင်းမှာ ဆရာမရှိဘူး။ ကျောင်းကလေးကလည်း အခုလိုမဟုတ်သေးဘူး။ အမိုးကမလုံ၊ အကာကမရှိတဲ့ တဲသာသာကျောင်းကလေးပါ။ ကလေးတွေထိုင်ဖို့ ကုလားထိုင်၊ စားပွဲခုံ လုံးဝမရှိဘူး။ ကျောက်သင်ပုန်းကြီးတစ်ချပ်တောင် အနိုင်နိုင်ဘဲ၊ ကလေးတွေအားလုံး ကြမ်းပေါ်မှာ ထိုင်ပြီး စာရေးရတယ်''

''မိုးရွာရင် မိုးမလုံဘူး၊ ကျွန်မတို့ဆီမှာ မိုးမလုံတာထက် လေမလုံတာက ပိုပြီးဆိုးတယ်။ ရာသီဥတုက တအားအေးတော့ လေတိုက်ရင် ကလေးတွေ ခိုက်ခိုက်တုန်အောင် ချမ်းရှာကြတယ်။ ကျွန်မငယ်ငယ်ကလည်း ဒီကျောင်းကလေးမှာနေခဲ့ရတာဆိုတော့ ကလေးတွေရဲ့ဒုက္ခကို ကိုယ်ချင်းစာမိတယ်။ ကလေးတွေအတွက် ကျွန်မစိတ်မချမ်းသာဘူး။ အဆိုးဆုံးက ကျွန်မတက္ကသိုလ်သွားတက်ရင် အဲဒီအချိန်က ဒီကျောင်းမှာ သင်မဲ့ဆရာမ မရှိဘူး။ တခြားရွာတွေမှာ သွားတက်ဖို့ကြတော့လည်း ဝေးတဲ့အပြင် တောင်ဆင်းတောင်တက်များတော့ မသွားနိုင်ကြဘူး။ ဒီတော့ သူတို့ပညာရေးက မူလတန်းနဲ့ဘဲ ဆုံးခန်းတိုင်ရမလိုဖြစ်နေတယ်''

ဒေါက်တာ ဝင်းတင်လတ်က ဆရာမလေး ဒေါ်ဖားရိုမ်နီးရှင်းမြသည့် ကို စိတ်ဝင်တစားစွာ နားထောင်နေ၏။ အံ့ဩလေးစားစိတ်များလည်း ဗိုလ မိသည်။

''ပညာရေးနိမ့်ကျတော့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအသိတွေ လဲ မမြင့်မားနိုင်တော့ဘူး။ ဒီတော့ ဒီဒေသ ဘယ်လိုနည်းနဲ့မှ မဖွံ့ဖြိုးနိုင် ဘူး။ ပညာရေးဘက်ကကြည့်တော့လည်း မူလတန်းအောင်ပြီး အလယ်တန်း ပညာ ဆက်သင်နိုင်တဲ့သူက မရှိသလောက်ရှားတယ်''

''ဒီတော့ လေးတန်းအောင်ရင် ကျောင်းကထွက်၊ တောင်ယာလုပ်ပြီး တော့ အိမ်ထောင်ကျကြ၊ လေးတန်းအောင်တဲ့ ကောင်လေးနဲ့ ကောင်မလေး အိမ်ထောင်ကျ၊ ပြီးတော့ ကလေးတွေမွေး၊ လေးတန်းအောင်တော့ ကျောင်းကထွက်၊ အိမ်ထောင်ပြုကြပြန်ရော၊ ဒီလိုနဲ့ ဒီသံသရာဟာ ဘယ် တော့မှ မဆုံးနိုင်အောင် လည်နေရတော့တယ်။ ဒီတော့ ဒီသံသရာကြော ကြီးကို ကျွန်မဖြတ်ချင်တယ်။ ဒါနဲ့ မိဘတွေနဲ့တိုင်ပင်ပြီး ကျွန်မတက္ကသိုလ် တက်ရင် ကုန်ကျမယ့်စရိတ်ကို ကျောင်းကလေးအတွက်လှူ၊ ကျွန်မ ကိုယ်တိုင်လည်း ဒီကျောင်းကလေးမှာ ဆရာမဖြစ်လာရတာပါပဲ''

ဒေါက်တာ ဝင်းတင်လတ်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

''ခုတော့ ဒီကျောင်းကလေးက ကိုယ့်အားကိုယ်ကိုး အဆင့်ဘဲလား မြို့နယ်က ပံ့ပိုးမှုတွေ မပေးဘူးလား''

''အခုတော့ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုတဲ့အပြင်၊ အထောက် အပံ့တွေလဲ ပေးနေပါပြီ၊ ရွာသူရွာသားတွေကလည်း စိတ်အားထက်သန် စွာနဲ့ ကူညီပံ့ပိုးကြလို့လဲ အခုလို ကျောင်းကလေးကို ဆရာမြင်နေရတာပါ''

ဒေါက်တာ ဝင်းတင်လတ်က ကျောင်းကလေးကို စိတ်ဝင်တစားစွာ လှည့်ပတ်ကြည့်ရှုနေသည်။ အခုတော့လည်း ကျောင်းကလေးက လှပနေ

ပါသည်။ သွပ်မိုး အုတ်ကာ တစ်ထပ်ကျောင်းကလေး။ လုံလုံခြုံခြုံနှင့် သပ်ရပ်နိုင်ခန့်လှပသော ကျောင်းကလေး။ ကျောင်းရှေ့က ပန်းခင်းထဲမှာတော့ ရောင်စုံပန်းကလေးတွေက လှပစွာ ဖူးပွင့်နေကြပါသည်။

“ဆရာမကို ကျွန်တော် ချီးကျူးပါတယ်။ သောမတ်အက်ဒီဆင်က ပြောဖူးတယ်၊ ဘဝတန်ဖိုးအစစ်အမှန်ဆိုတာ လောကကြီးထဲက ဘာများရနိုင်မလဲလို့ ရှာတာမဟုတ်ဘူး။ လောကကြီးအတွက် ဘာတွေလုပ်ပေးနိုင်မလဲဆိုတာကို ရှာဖွေခြင်းသာဖြစ်တယ်တဲ့”

“ဒီအယူအဆကို ကျွန်တော်သိပ်သဘောကျတယ်၊ ကျွန်တော်ကိုယ်တိုင်လဲ ဒီအယူအဆအတိုင်း ဆောင်ရွက်နိုင်အောင် ကြိုးစားနေဆဲပါ။ ဆရာမကတော့ လက်တွေ့အကောင်အထည်ဖော်တဲ့အဆင့်တောင်ရောက်နေပြီ။

ဆရာမကို ကျွန်တော်လေးစားပါတယ် ဆရာမရယ်”

လာကြိုသည်။ ပြီးတော့ ဒေါက်တာဝင်းတင်လတ်ကို ပန်းသီးလေးတစ်လုံး ပေးလိုက်၏။

"စားလေ အစ်ကိုရဲ့ ချင်းတောင်ပန်းသီးက ချိုပါတယ်"

"အမိန့်အရင်စားပါ"

ဒေါက်တာဝင်းတင်လတ်က ဆရာမလေးကို ပြန်ကျွေးသည်။ ဆရာမလေးက သူ့လက်ထဲမှာပန်းသီးကလေးကို မြှောက်ပြလိုက်၏။ ဒေါက်တာဝင်းတင်လတ်က ပန်းသီးစားရင်း ပန်းသီးပင်များကို ငေးကြည့်နေသည်။ သူ့အဖို့ ပန်းသီးကို ရန်ကုန်ရှိ သစ်သီးဆိုင်များတွင် တွေ့ဖူးသော်လည်း ယခုကဲ့သို့ အပင်တွင်သီးနေသည်ကို တစ်ခါမှမမြင်ဖူးပေ။ ပန်းသီးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆရာမလေး ဒေါ်တားရုံမိန့်က ဒေါက်တာဝင်းတင်လတ်ကိုအသေးစိတ်ရှင်းပြသည်။ ဒေါက်တာဝင်းတင်လတ်က စိတ်ဝင်စားစွာနားထောင်၏။

"ထင်းရှူးတောဘက်လျှောက်ကြရအောင်အစ်ကို၊ အဲဒီကနေ အိမ်ကို ပြန်ကြမယ်"

သူတို့နှစ်ယောက် ထင်းရှူးတောဘက်သို့လျှောက်ခဲ့ကြ၏။ ထင်းရှူးတောကား တောများစွာကျယ်ဝန်းလှသည်။ ထင်းရှူးပင်များကိုလေတိုးသည့်အသံက ဂီတသံတစ်ခုလိုသာယာလှသည်။ လေပြည်ကတဖြည်းဖြည်း တိုက်ခတ်ဆဲ။

ဆရာမလေးဒေါ်တားရုံမိန့်က ထင်းရှူးပင်ကလေးကိုမှီ၍ရပ်နေသည်။ လေပြေက သူမ၏ဆံနွယ်ကလေးများကို ကျီစယ်ဆော့ကစားနေသည်။ သူမ၏ဆံပင်ကလေးများက လေအဝှေ့မှာလွင့်ရှားနေသည်။ ဆရာမလေး၏ မျက်နှာကလေးမှာ ကလေးငယ်တစ်ယောက်လိုအပြစ်ကင်းစင်ပြီး လှပကြည်လင်နေသည်။

## အခန်း (၈)

သည်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။ ချင်းတိုင်းရင်းသားအများစုမှ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသူများဖြစ်ကြသည်။ ခရစ်ယာန်ဘာသာ ဝင်များအတွက် တနင်္ဂနွေနေ့သည် လွတ်လပ်သောနေ့ဖြစ်သည်။ ဘုရား ကျောင်းသွားသူကများကြသည်။ ထိုနေ့များတွင် အလုပ်လုပ်ကိုင်လေ့မ ကြ။ ဈေးဆိုင်များပင်ပိတ်ထားလေ့ရှိသည်။

ဒေါက်တာဝင်းတင်လတ် ချင်းပြည်နယ်ဆေးရုံတွင် တာဝန်ကျစဉ်အချိ က ဆေးရုံရှိဆရာဝန်အများစုမှာ ချင်းတိုင်းရင်းသားများဖြစ်ကြသည် အများစုက ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ သည်တော့ တနင်္ဂနွေ နေ့ ဂျူတီဆိုလျှင် ဒေါက်တာဝင်းတင်လတ် ယူပေးရသည်ကများသည် သည့်အတွက် လုပ်ဖော်ကိုင်ဖက်ဆရာဝန်များက ဒေါက်တာဝင်းတင်လတ် ကို ကျေးဇူးတင်ကြသည်။ ပို၍လည်း ခင်မင်လာကြသည်။

နောက်ပိုင်းတွင်တော့ ခရစ်ယာန်ဘာသာဝင်မဟုတ်သောဆရာဝန် များ ရောက်လာသဖြင့် တနင်္ဂနွေနေ့ရက်များမှာ ဒေါက်တာဝင်းတင်လတ် အနားယူနိုင်ခဲ့သည်။

သည်နေ့လယ်ခင်းမှာ နေလည်းသာသဖြင့် ဆရာမလေးဒေါ်ဖားရှိမ်း တို့၏ ပန်းသီးခြံဘက်ရောက်ဖြစ်ခဲ့သည်။ ပန်းသီးခြံထဲမှာ ဆရာမလေးကို အသင့်တွေ့ရ၏။ ဆရာမလေးသည် ကျောင်းပိတ်ရက်များတွင် သူမ၏ ပန်းသီးခြံကလေးထဲမှာ စိုက်ပျိုးရေး အချိန်ကိုအသုံးပြုလေ့ရှိ၏။

ဒေါက်တာဝင်းတင်လတ်ကိုတွေ့တော့ ဆရာမဒေါ်ဖားရှိမ်းက ပြုံ

ဒေါက်တာဝင်းတင်လတ်က ဆရာမလေးမျက်နှာကလေး
ငေးကြည့်နေသည်။ ကောင်းကင်ယံမှာတော့ ငှက်မောင်နှံကပျံဝဲနေသည်။
ဒေါက်တာဝင်းတင်လတ်က ငှက်မောင်နှံကိုလိုက်ကြည့်နေသည်။ ထိုငှက်
များကို သူတစ်ခါမှမမြင်ဖူးပေ။ ထို့ကြောင့် ဆရာမလေးကိုမေးကြည့်ရ

“အောက်ချင်းငှက်တွေလေ အစ်ကိုရဲ့ အောက်ချင်းငှက်ဆိုတာ အခ
တို့ ချင်းလူမျိုးတွေရဲ့ အထိမ်းအမှတ်သင်္ကေတတစ်ခုပါပဲ”

သည်တော့မှ ဒေါက်တာဝင်းတင်လတ်သတိထားမိသည်။ ချင်းပြည်
နယ် အထိမ်းအမှတ်တံဆိပ်မှာ အောက်ချင်းငှက်ပုံပါသည်။

“ဘာဖြစ်လို့အောက်ချင်းငှက်ကို အထိမ်းအမှတ်ထားသလဲဆိုတော့
အောက်ချင်းငှက်က သစ္စာကြီးတယ်။ အချစ်နဲ့ပတ်သက်ရင်လည်း
အောက်ချင်းငှက်ဟာသစ္စာငှက်ပဲ။ တစ်ကောင်နဲ့တစ်ကောင်ချစ်ကြပြီဆိုရင်
အသက်နဲ့လဲပြီးသစ္စာရှိကြတယ်”

“အဖိုသေရင် အမကလိုက်သေတယ်။ အမသေရင် အဖိုကလိုက်သေ
တယ်။ အဖိုအစာရှာထွက်နေစဉ်မှာ အသိုက်ထဲမှာကျန်ခဲ့တဲ့အမကို မုဆိုး
ဖမ်းသွားတယ်ဆိုပါစို့၊ အဖိုပြန်လာရင် သူလည်းအသက်ရှင်လျက်မနေ
တော့ဘူး။ ကောင်းကင်ပေါ်ကို တိမ်တိုက်အမြင့်အထိပျံတက်သွားပြီး
မြေပေါ်ထိုးဆင်းပြီး အသေခံတယ်။ အဖိုအစာရှာထွက်ပြီး အချိန်တန်
ပြန်မရောက်ရင် အမကလည်း ဒီအတိုင်းဘဲလုပ်လေ့ရှိတယ်။ ဒါကြောင့်
ကျွန်မတို့ချင်းလူမျိုးတွေဟာ အောက်ချင်းငှက်ကို သစ္စာငှက်၊ အချစ်ငှက်
အဖြစ် တန်ဖိုးထားကြတယ်အစ်ကို”

ဆရာမလေးက သူမ သိသမျှကို ဒေါက်တာဝင်းတင်လတ်အားရှင်း
ပြ၏။ ဒေါက်တာဝင်းတင်လတ်က စိတ်ဝင်စားစွာနားထောင်သည်။
ကားကဖြည်းဖြည်းနှင့်အရှိန်ကိုလျှော့လိုက်လေ၏။

လေအငွေ့မှာ မိုးငွေ့တွေပါလာသည်။ ရာသီဥတုက ချက်ချင်းပင် အေးစိမ့်လာသည်။

"မြန်ကြရအောင်အစ်ကို၊ မိုးသဲကြီးမဲကြီးရွာတော့မယ်"

သူတို့နှစ်ယောက်ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာကြသည်။ သဘာဝရှုခင်းများကိုကြည့်ရင်း စကားပြောရန်ပင်မေ့နေကြသည်။

ထိုစဉ် မိုးက သဲသဲမဲမဲရွာချလိုက်သည်။ မိုးနှင့်အတူ လေကပါလာသည်။ မိုးနှင့်လေကြောင့် အေးစိမ့်လာ၏။ သူတို့နှစ်ယောက် ထင်းရှူးပင်ကြီးတစ်ပင်အောက်မှာဝင်ပြီး မိုးခိုကြသည်။ မိုးခိုသော်လည်း လုံသည်ကားမဟုတ်။ ဆရာမလေးက အင်္ကျီလက်တိုနှင့်မို့ ခိုက်ခိုက်တုန်အောင်ချမ်းရှာသည်။

ဒေါက်တာဝင်းတင်လတ်က သူ့ဂျာကင်အင်္ကျီနှင့်ခြုံပေးလိုက်၏။ မိုးက တအားသည်းလာသည်။

"မြန်ကြရအောင်အစ်ကို၊ ဖျားနေဦးမယ်"

သူတို့နှစ်ယောက် မိုးရေထဲမှာပင် လမ်းလျှောက်ပြန်ခဲ့ကြသည်။ ရင်ထဲမှာ အတွေးကိုယ်စီနှင့်မို့ စကားမပြောဖြစ်ကြ။

## အခန်း (၉)

ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်ရင်း ထွက်ခဲ့ရသည့်ခရီးစဉ်များ အနက် ဟားခါးမှ ပလက်ဝမြို့နယ်သို့သွားရသည့်ခရီးမှာ အရှည်လျားဆုံး နှင့် အခက်ခဲဆုံးဖြစ်သည်။

ပလက်ဝမြို့သည် ချင်းပြည်နယ်အတွင်း၌ရှိသော်လည်း ဟားခါးမှ ပလက်ဝသို့ ပြည်နယ်အတွင်းမှဖြတ်၍ မသွားနိုင်ပေ။ ဟားခါးမြို့နယ်နှင့် မတူပီမြို့နယ်သည် ဆက်စပ်လျက်ရှိ၏။ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် သည်လည်း ဆက်စပ်လျက်ရှိ၏။ သို့သော် ဟားခါးမှ မတူပီ၊ မတူပီမှ ပလက်ဝသို့သွား၍မရနိုင်။ မြင့်မားသောတောင်တန်းကြီးများ ကာဆီး သည့်အပြင် တောကလည်းနက်ရှိုင်းလှ၏။ လူကိုအန္တရာယ်ပြုနိုင်သော သားရဲတိရစ္ဆာန်များလည်းပေါများလှသည်။ လမ်းခရီးကလည်း တောလမ်း သာရှိ၏၊ မော်တော်ကားနှင့်ပင်သွား၍မရနိုင်။

သို့ဖြစ်၍ ပလက်ဝမြို့သို့သွားလိုလျှင် ဟားခါးမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ကားဖြင့်သွားရ၏။ ကလေးမြို့မှ ရန်ကုန်သို့လေယာဉ်စီး သည်။ ရန်ကုန်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေယာဉ်စီးရ၏။ စစ်တွေ မြို့မှတစ်ဆင့် ကုလားတန်မြစ်ကိုဆန်ပြီး သင်္ဘောဖြင့် ကျောက်တော်သို့ သွားရသည်။ ကျောက်တော်မှတစ်ဆင့် ပလက်ဝမြို့သို့ခရီးဆက်ရ၏။

ထိုကြောင့် ဝင်းတင်လတ်တို့သွားသော ခရီးမှာ ပလက်ဝတွင် အဆုံး မသတ်သေးဘဲ ပလက်ဝမြို့မှ မိုင် (၆၀) ဝေးသည့် ဆမီးကျေးရွာကလေး အထိ ခရီးဆက်ခဲ့သည်။ ပလက်ဝမြို့မှ နံနက် (၄) နာရီတွင် ပဲ့ထောင်စက်

လှေဖြင့် ဆပ်ဖီးချောင်းကို ဆန်တက်ခဲ့ရာ ည (၈) နာရီကျော်မှ ဆပ်ဖီးကျေးရွာသို့ ရောက်ရှိခဲ့ကြ၏။

နံနက်ခင်းတစ်ခုလုံးမှာ ဒေါက်တာ ဝင်းတင်လက်တို့အဖွဲ့မှ မနားနိုင်အောင် အလုပ်များနေကြသည်။ အထူးသဖြင့် ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်တွင် ငှက်ဖျားအထူဆုံးဒေသဖြစ်၏။ ပလက်ဝမြို့နယ်သည် ရခိုင်ပြည်နယ်နှင့် တစ်ဆက်တည်းဖြစ်၏။ ချင်းပြည်နယ်မြောက်ပိုင်းကဲ့သို့ တောင်မြင့်တောင်တန်းကြီးများ မရှိလှသော်လည်း စိမ့်စမ်းပေါ်များခြင်း၊ ချောင်းငယ်မြောင်းငယ်ပေါ်များခြင်းတို့ကြောင့် ငှက်ဖျားရောဂါ အလွန်ဖြစ်ပွားသော ဒေသဖြစ်၏။

ဒေါက်တာ ဝင်းတင်လတ်သည် ချင်းပြည်နယ်သို့ ရောက်ရှိပြီး နှစ်နှစ်ကျော်ကြာမှ ပလက်ဝသို့ ရောက်ခဲ့သည့်အတွက် သူ့ကိုယ်သူ အပြစ်တင်နေမိ၏။ ကျန်းမာရေးအတွက် ဆရာဝန်အလိုအပ်ဆုံးနေရာကို နောက်ဆုံးမှ ရောက်ခဲ့သည့်အတွက် သူ့ကိုယ်သူမကျေနပ်ဖြစ်နေမိ၏။ လုပ်စရာအလုပ်တွေ များလွန်း၍ စိတ်ညစ်နေခြင်းမဟုတ်။ သတ်မှတ်ကာလအတွင်းမှာ လုပ်စရာအလုပ်တွေပြီးပြတ်အောင် လုပ်မပေးနိုင်ခဲ့မှာကို သူစိုးရိမ်သည်။ သည်တော့ အလုပ်တွေကိုမနားတမ်းလုပ်နေရ၏။

ကျန်းမာရေးပညာပေးဟောပြောပွဲတွေကို အချိန်ရသလောက် မနားမနေပြုလုပ်ရသည်။ ကာကွယ်ဆေးမျိုးစုံထိုးပေးရသည်။ ကာကွယ်ဆေးမျိုးစုံတိုက်ကျွေးရသည်။ အထူးသဖြင့် ငှက်ဖျားရောဂါကာကွယ်ရေးဖြစ်သည်။ ကုသရေးထက် ကြိုတင်ကာကွယ်ရေးကို သူဦးစားပေးလုပ်ဆောင်သည်။ သူ၏ကျန်းမာရေးဝန်ထမ်းအဖွဲ့အင်အားနှင့် မလုံလောက်၍ ပုဒေါင်းခရီးစဉ်တွင် အတူပါလာသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအဖွဲ့နှင့် ပညာရေးစစ်တမ်းအဖွဲ့တို့ကိုပါ အကူအညီတောင်းရသည်။

မြင်နိုင်အောင်းနိုင်သော တောတွေ ချုံတွေကို ဇုပေါင်းအားဖြင့် ရှင်းကြရသည်။ ရွာသူရွာသားတွေကိုသာ တာဝန်ပေးသည်မဟုတ်၊ အတူပါလာသော ပုဒ်ပေါင်းအဖွဲ့ဆိုင်အားဖြင့် လက်တွေ့ဆောင်ရွက်ပြရသည်။ သည်လို လက်တွေ့ဆောင်ရွက်ပြမှသာ ရွာသူရွာသားတွေ ပူးပေါင်းပါဝင်လာကြသည်။

ညနေပိုင်းမှာ ကျေးရွာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများကို တာကွယ်ဆေးတိုးပေးရန် အစီအစဉ်ရှိသည်။ ကျေးရွာမူလတန်းကျောင်းနှင့်အတူ တွဲဖက်အလယ်တန်းကျောင်းကို တွဲ၍ဖွင့်ထားသည်။ သို့သော် ဆရာအရည်အတွက်ကနည်းလွန်းသည်။ ကျောင်းသားတစ်ရာငါးဆယ်လောက်ရှိသည်။ ဆရာက နှစ်ယောက်တည်းသာရှိသည်။

တွဲဖက်အလယ်တန်းကျောင်းအတွက် သီးသန့်ဆရာမရှိပါ။ ညပိုင်းရောက်တော့မှ မူလတန်းဆရာများက ပြန်သင်ပေးကြရသည်။ ဤတွဲဖက်အလယ်တန်းကျောင်းကလေးကို ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှကျောင်းသားကျောင်းသူများ လာရောက်သင်ကြားကြသည်။

မြို့နယ်အတွင်းဆိုသော်လည်း အချို့ကျောင်းသားများမှာ ကျောင်းတည်ရှိရာ ဆမီးကျေးရွာနှင့် ထိုင်းမိုင်အကွာအဝေးမှ လာတက်ကြရသည်။ အချို့မှာ ဆယ်မိုင်ခန့်ဝေးသည်။ ယာဉ်၊ ရထား၊ ကားလမ်း၊ လုံးဝမရှိ။ တောင်နံရံကိုပတ်၍ဖောက်ထားသော လူသွားလမ်းကလေးသာရှိသည်။ ဂေါ်ဘီးလမ်းပင်မရှိသဖြင့် အချို့ကျောင်းသားများမှာ နေ့ပြန်ပြန် ကျောင်းတက်ရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျေးရွာမူလတန်းကျောင်းအနီးမှာပင် ကိုယ်ပိုင်အဆောင်ကလေးများဆောက်၍နေကြရသည်။

ဒေါက်တာဝင်းတင်လတ်သည် ကျောင်းသားကလေးများကို အထူးစိတ်ဝင်စားမိသည်။ ထို့ကြောင့် အချိန်ရသည်နှင့် အဆိုပါကျောင်းဆောင်ကလေးများကို သွားကြည့်သည်။

အဆောင်ကလေးများမှာ ဝါးဖြင့်ဆောက်ထားပြီး အင်ဖက်များကို အမိုးအဖြစ်အသုံးပြုထားသည်။ အကျယ်အဝန်းကတော့ ၁၀ ပေပတ်လည်ခန့်သာရှိသည်။ သည်အဆောက်အအုံကလေးများကို ကျောင်းသားကလေးများကိုယ်တိုင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားခြင်းဖြစ်သည်။

သူတို့ရဲ့ဖွဲ့စည်းပုံကတော့ ခေါင်းရင်းမှာ အိပ်ရာကလေးတစ်ခု၊ ခြေရင်းမှာ ထမင်းအိုးကလေးတစ်လုံး၊ ဟင်းအိုးကလေးတစ်လုံး၊ ဘူးသီးကို အခြောက်ခံပြီး အသားများထုတ်ထားသော ဘူးသီးခြောက်ရေတကောင်း တစ်ခု၊ ထမင်းစားသံပန်းကန်ပြား တစ်ချပ်စီသာရှိသည်။ အဆောင်ကလေးတိုင်းကို လိုက်ကြည့်ရာ ဖွဲ့စည်းပုံမှာ သည်အတိုင်းပင်ဖြစ်သည်။

သည်အရွယ်ကလေးတွေနှင့် ကိုယ့်ကျောင်းဆောင်ကိုဆောက်၊ ကိုယ့်ရိက္ခာကိုယ်သယ်၍၊ ကိုယ်တိုင်ချက်ပြုတ်စားကာ ချို့တဲ့မှုများစွာနှင့် ပညာသင်ကြားနေရသော ကလေးများကိုတွေ့ရတော့ ဒေါက်တာဝင်းတင်လတ် စိတ်မကောင်းဖြစ်မိသည်။ ကရုဏာသက်မိသည်။ မျက်ရည်များပင်ဝဲလာသည်အထိ ရင်ထဲမှာခံစားရသည်။ ထိုခံစားချက်တို့နှင့်အတူပင် သူတို့လေးတွေ၏ ဘဝအားမာန်ပြည့်ဝမှုအတွက်လည်း လေးစားချီးကျူးမိသည်။

ဆမီးရွာကလေးမှာ ပလက်ဝမြို့နယ်အတွင်းတည်ရှိသော်လည်း ပလက်ဝမြို့နှင့် မိုင်ခြောက်ဆယ်ကျော်ဝေးသေး၏။ ပလက်ဝမြို့သို့ ပဲ့ထောင်ရေယာဉ်ဖြင့်သာသွားလာနိုင်သည်။ ဆောင်းနှင့် နွေအခါတွင် လမ်းလျှောက်၍သာ သွားလာနိုင်၏။ မြစ်များရေခမ်းခြောက်ပြီဖြစ်၍ ပဲ့ထောင်ပင်သွား၍ မရနိုင်တော့။ လမ်းလျှောက်သွားလျှင် လမ်းမှာတစ်ညအိပ်ရသေးသည်။

ဒေါက်တာဝင်းတင်လတ်တို့အဖွဲ့သည်ပင် မြို့နယ်အာဏာပိုင်အဖွဲ့များ၏ စီစဉ်ပေးမှုဖြင့် ဆမီးချောင်းကိုပဲ့ထောင်ဖြင့် ဆန်တက်ခဲ့ရာ၊ နံနက် (၄) နာရီတွင် ပလက်ဝကထွက်ခွာရာ ည (၈) နာရီကျော်မှ ဆမီးရွာသို့ ရောက်ခဲ့ကြ၏။

ကျေးရွာသန့်ရှင်းရေးလုပ်အားပေးပွဲမှာ ရွာသူရွာသားများ ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများဖြင့် တက်တက်ကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါသည်။

လုပ်အားပေးပွဲပြီးသောအခါ ရွာသူရွာသားများနှင့် လုပ်အားပေးသူများကို ကျေးရွာလူကြီး ဦးထွန်းဇကမ်မှ "ဆာဘူတီ" ခေါ် ချင်းတိုင်းရင်း ရိုးရာအစားအစာဖြင့် ကျွေးမွေးဧည့်ခံပါသည်။

ဆာဘူတီခေါ် ချင်းရိုးရာအစားအစာမှာ ပြောင်းဖူးစေ့နှင့် နွားနောက်သားကို ကြေညက်အောင်ရောကျိုထားသော အစားအစာဖြစ်ပါသည်။ အရသာကောင်းမွန်ပြီး ချင်းတိုင်းရင်းသားများ အလွန်နှစ်သက်သော အစားအစာဖြစ်ပါသည်။ အချို့က အသီးအရွက်၊ ရေတိသီးမှုန့်များနှင့် ရောနှောစားသောက်လေ့ရှိပါသည်။

ဒေါက်တာဝင်းတင်လတ်ကတော့ ပင်ကိုယ်ကပင် အစားနည်းသူမို့ ဆာဘူသီက အရသာရှိသော်လည်း တစ်ပွဲသာစားနိုင်၏။ ရွာသူရွာသားများနှင့် ကျောင်းသူကျောင်းသားများကတော့ အားပါးတရစားနိုင်ကြ၏။ ဆာဘူတီက အရသာရှိသည့်အပြင် လုပ်အားပေးရသည်မှာလည်း ပင်ပန်းသောကြောင့် တပျော်တပါးအားရပါးရစားနေကြ၏။

ဒေါက်တာဝင်းတင်လတ်သည် ရွာသူရွာသားများ၏ ကျန်းမာရေး အသိပညာပွင့်လင်းလာမှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု၊ စိတ်ရင်းစေတနာဖြူစင်မှုတို့အတွက် အားတက်ပီတိဖြစ်နေမိသည်။

သည့်ရွာကျောင်းမှ ကလေးတွေရဲ့ဘဝမှာ ဗီရုထား မော်တော်ကား
သင်္ဘောတို့ကို လုံးဝမမြင်ဖူးကြ၊ လေယာဉ်ပျံကိုပင် ကောင်းကင်အမြင့်
ကြီးမှ ဝေးဝေးမှ ပျံသွားသည်ကိုသာ မြင်ဖူးကြ၏၊ လျှပ်စစ်မီးမရှိ
ကတ္တရာလမ်းမရှိ၊ ရုပ်မြင်သံကြားမရှိ၊ သို့သော် သူတို့သည် ဘဝကိုအရှုံး
ပေးသူများမဟုတ်ကြ၊ သူတို့၏ဘဝအမှောင်ကို အားမာန်အလင်းရောင်
ဖြင့် ဖြိုခွင်းနေကြသူများဖြစ်၏။

ဘဝကို အလံမလှဲစတမ်း၊ အားမာန်ခဲ၍ တိုက်ပွဲဝင်ခဲ့သော ကျောင်း
သားကလေးများထဲမှ တိုင်းပြည်တစ်ဝန်းမှာ တာဝန်ထမ်းဆောင်နေကြ
သော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်းများစွာ ပေါ်ထွက်
ခဲ့ကြောင်း သိရသောအခါ ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာ အတိုင်းမသိ
ပီတိဖြစ်ရပြန်ပါသည်။

သည့်ရွာကလေးတွင်နေရန် အချိန်သိပ်မရတော့ပြီမို့ ဒေါက်တာ
ဝင်းတင်လတ်သည် အလုပ်ကိုသဲသဲမဲမဲလုပ်နေရသည်။ အချိန်ကုန်ခါနီးလေ
အလုပ်ကပိုများလာလေဖြစ်နေသဖြင့် မနားရအောင်အလုပ်များနေတော့
သည်။

* * * * *

"ဆရာကြီး၊ ကျောင်းဆရာမဒေါ်တာရှိမိန်းက ဆရာကြီးအမြန်ကြွ
ပါတဲ့၊ ဆရာဦးသာအောင် ဒဏ်ရာရလာလို့ ဆရာကြီးအမြန်လာခဲ့ပါတဲ့"

ဆရာဦးသာအောင်မှာ ဆမီးကျေးရွာမူလတန်းကျောင်းအုပ်ဆရာကြီး
ဖြစ်၏။ ကျောင်းအုပ်ဆရာကြီးဖြစ်သော်လည်း ဆရာနည်းပါးမှုကြောင့်
အတန်းတိုင်းကို ကိုယ်တိုင်သင်ပေးရသည့်အပြင် ညပိုင်းမှာ တွဲဝ
အလယ်တန်းကျောင်းအတွက်ပါ စာသင်ပေးနေရသူဖြစ်၏။

ဒေါက်တာဝင်းတင်လတ်သည် ကာကွယ်ဆေးထိုးသည့်အလုပ်ကို သူနာပြုဆရာမများနှင့်လွှဲအပ်ထားခဲ့ပြီး ကျောင်းကလေးဇက်သို့ အမြေးအလွှားထွက်လာခဲ့၏။

ကျောင်းကလေးရောက်တော့ မြင်ကွင်းက မမြင်ရက်စရာဖြစ်နေသည်။ ဆရာဦးသာအောင်မှာ သွေးသံရဲရဲနှင့် မြင်မကောင်းအောင်ဖြစ်နေ၏။ တစ်ကိုယ်လုံးရှိအသားစိုင်များမှာ စုတ်ပြဲနေသည်။ မျက်နှာတစ်ခုလုံးမှာ ဂုတ်ခြစ်ထားသောဒဏ်ရာများနှင့်ပြည့်နေ၏။ လက်မောင်းမှာ သွေးများက မရပ်မနားစိမ့်ထွက်နေသည်။ ဒေါက်တာဝင်းတင်လတ်က ရောက်လျှင်ရောက်ချင်း ဆရာဦးသာအောင်၏လက်ကောက်ဝတ်ကို စမ်းလိုက်သည်။ သွေးဖိအားကျဆင်းမှုကြောင့် သွေးခုန်နှုန်းကအလွန်နှေးနေသည်။

ဒေါက်တာဝင်းတင်လတ်သည် သွေးယိုစိမ့်မှုရပ်စဲသွားစေရန် ဆရာဦးသာအောင်၏လက်မောင်းရင်းကို ပတ်တီးဖြင့်စည်းလိုက်၏။ ယာယီဆေးခန်းမှဆေးများယူနိုင်းပြီး ဝေဒနာသက်သာအောင် ဆေးထိုးပေးလိုက်သည်။ ဆရာဦးသာအောင်၏အခြေအနေကို ဒေါက်တာဝင်းတင်လတ်ကောင်းစွာသိပါသည်။ ဆရာဦးသာအောင်က မေ့မြောနေသည်။

ဆရာဦးသာအောင်အနားမှာတော့ သူ့တပည့်များက ဝိုင်းအုံနေသည်။ ကျောင်းသားကလေးများက မျက်ရည်ဝဲနေကြသည်။ ကျောင်းသူအချို့ထံမှ ရှိုက်သံသဲ့သဲ့ထွက်ပေါ်လာသည်။

"ကျွန်မတို့ဆရာကြီးကို မကယ်နိုင်တော့ဘူးလား ဆရာဝန်ကြီးရယ်။ ဆရာကြီးက သမီးတို့ပညာရေးအတွက်တစ်ခုတည်းသော အားကိုးရာပါ။ ဆရာကြီးမရှိရင် သမီးတို့ပညာရေးကို ဘယ်လိုဆက်ကြမလဲမသိဘူး။ ဆရာကြီးရဲ့အသက်ကိုကယ်ပါ ဆရာဝန်ကြီးရယ်"

ဒေါက်တာဝင်းတင်လတ်က အစွမ်းကုန်ကြိုးစား၍ကုသပါသည် သို့သော် ဆရာဦးသာအောင်၏ဒဏ်ရာများက ပြင်းထန်လှသည်။ သွေး ထွက် လွန်နေပြီဖြစ်သည်။ ဒေါက်တာဝင်းတင်လတ် မည်သို့ပင်ကြိုးစား သော်လည်း ဆရာဦးသာအောင် သတိပြန်လည်မလာတော့ပေ။

တကယ်တော့ ဆရာဦးသာအောင်ဆုံးပါးသွားခြင်းသည် သည် ကျောင်းက ကျောင်းသားကျောင်းသူကလေးများအဖို့ ကြီးစွာသောဆုံးရှုံး မှုဖြစ်၏။ ဆရာမလေးဒေါ်တာရာငြိမ်းပြောပြတော့မှ ဆရာဦးသာအောင်၏ အကြောင်းကို ပြည့်ပြည့်စုံစုံသိရတော့သည်။

ဆရာဦးသာအောင်သည် မန္တလေးတိုင်း ရမည်းသင်းမြို့ဇာတိဖြစ်ပြီး မန္တလေးတက္ကသိုလ်မှဘွဲ့ရခဲ့သူဖြစ်၏။ မူလတန်းပြဆရာအဖြစ် ချင်းပြည် နယ်ကိုရောက်တာ ဆယ်နှစ်ကျော်ပြီ။ မိမိမြို့ကိုပင် မပြန်တော့ဘဲ သည်ရွာ နှင့် သည်ကျောင်းကလေးကို သံယောဇဉ်တွယ်နေသူဖြစ်၏။ လူပျိုကြီး တစ်ဦးဖြစ်ပြီး သူ့ဘဝတစ်ခုလုံးကို သည်ရွာနှင့် သည်ကျောင်းကလေး အတွက် မြှုပ်နှံထားသူဖြစ်၏။ မူလတန်းကျောင်းကလေးကို တွဲဖက် အလယ်တန်းကျောင်းအဆင့်မှ အလယ်တန်းကျောင်းအဆင့်သို့ ပိုမိုမြန်မြန် တိုးမြှင့်နိုင်ရေးအတွက်လည်း အစွမ်းကုန်ကြိုးစားနေသူဖြစ်သည်။

မူလတန်းကျောင်းတစ်ကျောင်းလုံးမှာ ဆရာဆို၍ သူနှင့် သူ့အောက် မှ လက်ထောက်ဆရာတစ်ဦးသာရှိ၏။ နေ့ပိုင်းမှာ မူလတန်းကျောင်းသား ကျောင်းသူများကို စာသင်ပေးပြီး ညပိုင်းမှာ တွဲဖက်အလယ်တန်းကျောင်း မှ ကလေးများကိုစာသင်ပေးရသည်။ ၎င်းအပြင်လည်း ပြင်ပမှ အထက် တန်းအဆင့် စာမေးပွဲဖြေဆိုမည့်ကျောင်းသားများကိုလည်း စာပြပေး သေးသည်။

စာသင်ပေးရုံသာမဟုတ်။ ဆင်းရဲသောကလေးများ ပညာမသင်နိုင်သူ ကလေးများအတွက်လည်း ကျောင်းစရိတ်၊ စာအုပ်ဖိုးများကို သူကပင် တာဝန်ယူစိုက်ထုတ်ပေးသည်။ အထက်တန်းစာမေးပွဲကို ဖြင့်ပမှဖြေဆိုမည့် ကျောင်းသားကျောင်းသူကလေးများအတွက်လည်း သူကပင် ကျောင်းစရိတ်ထုတ်ပေးသေးသည်။ သူရသောလခသည် သူ့အတွက်မဟုတ်။ သူ့ကျောင်းသားများအတွက်သာဖြစ်သည်။

ယခုဒဏ်ရာရသည်မှာလည်း ရွာပြန်သွားပြီး ကျောင်းတက်ရန်ပြန်မလာသည့် ကျောင်းသားကလေးကိုခေါ်ရန် လိုက်သွားခြင်းဖြစ်၏။ တပည့်ကလေးတစ်ယောက်ကိုလည်း အဖော်ခေါ်သွားသေးသည်။ ကျောင်းပျက်ကွက်နေသော ကျောင်းသားကလေးကိုခေါ်ပြီး ရွာမှပြန်အလာလမ်းတွင် ဝက်ဝံနှင့်ရင်ဆိုင်တိုးမိသည်။

ဝက်ဝံက ကျောင်းသားကလေးကိုအတင်းဝင်လုံးသဖြင့် ဆရာကရင်ဆိုင်နပန်းလုံးပြီး တပည့်များကိုလွတ်အောင်ပြေးစေသည်။ ကျောင်းသားကလေးများက အနီးဆုံးရွာသို့ပြေးပြီး အကူအညီတောင်းသဖြင့် ရွာသားများ တုတ်၊ ဓား၊ လက်နက်များဖြင့်ရောက်လာသည့်အချိန်တွင် ဆရာဦးသာအောင်မှာ သွေးအိုင်ထဲတွင်လဲနေပြီ။ ဝက်ဝံကိုကား မတွေ့ရတော့၊ ရွာသားများက ဆရာဦးသာအောင်ကိုသယ်ဆောင်ပြီး ရွာအရောက်ပို့ကြသည်။ သို့သော် အချိန်ကား နှောင်းသွားပေပြီ။ ဝက်ဝံကိုက်သည့် ကိုက်ရာ၊ ကုတ်ခြစ်ထားသောဒဏ်ရာများကြောင့် သွေးထွက်လွန်ခဲ့လေပြီ။

ဆရာမလေး ဒေါ်ဖားရှိမိန်း ပြောပြချက်အရ ဆရာဦးသာအောင် အကြောင်းသိရတော့ ဒေါက်တာ ဝင်းတင်လတ်ရင်ထဲမှာ များစွာထိခိုက်ခံစားရ၏။ စိတ်ထိခိုက်ခြင်းနှင့်အတူ နမြောတသခြင်းလည်းဖြစ်မိသည်။ ဦးသာအောင်၏ စိတ်ဓာတ်ကိုလည်း လေးစားချီးကျူးမိသည်။

"ကျွန်တော် ဆရာဦးသာအောင်ကိုတွေ့ကတည်းက ခင်မင်မိတယ်။ သူ့မျက်နှာကလည်း ကြည်လင်ပြီး အပြစ်ကင်းစင်တယ်။ အတွေ့နည်းပါးသူ ဆိုတာ မြင်ကတည်းက ကျွန်တော်အကဲခတ်မိတယ်။ သူ့အကြောင်းသိလာ ရတော့ သူ့စိတ်ဓာတ်ကို လေးစားမိတယ်။ အခုတော့ နှမြောတာသဖြစ် တာပေါ့ ဆရာမရယ်။ ဒါပေမယ့် ဦးသာအောင်သေခြင်းဟာ မြတ်သော သေခြင်းပါ။ တိုင်းပြည်ရဲ့သားကောင်းတစ်ယောက်အဖြစ် အနစ်နာအနေ ထိပါးရိုက်ဝင် ဆရာတစ်ယောက်အဖြစ် ဂုဏ်ရှိစွာနဲ့ သေရခြင်းပါ"

ကျွန်တော်စိတ်မကောင်းတာက ဒီကျောင်းက ကလေးတွေအတွက်ပါ။ သူတို့အတွက် ဦးသာအောင်လို တိုင်းပြည်ချစ်တဲ့၊ ဆရာပီသတဲ့၊ ဆရာ တစ်ယောက် အမြန်ဆုံး ရနိုင်ပါစေလို့ဘဲ ဆုတောင်းရမှာဘဲ"

ညနေကအဖြစ်ကြောင့် ညဉ့်အတော်နက်သော်လည်း ဒေါက်တာ ဝင်းတင်လတ် အိပ်၍မပျော်နိုင်၊ ဆရာဦးသာအောင်ကိုလည်း မျက်စိထဲမှာ မြင်ယောင်နေမိသည်။ သူဆုံးပါးသွားခြင်းအတွက် ကလေးများအတွက် စိတ်မကောင်းဖြစ်မိသည်။

ညသည် မိန်းပိတ်အောင် မှောင်လျက်ရှိ၏။ ကောင်းကင်ယံမှာတော့ ကြယ်ပွင့်ကလေးတွေ လင်းလက်နေသည်။ ကျောင်းနံဘေးရှိ ချောင်း ကလေးမှ ရေစီးသံကလေးကို ကြားနေရသည်။ တစ်ချက်တစ်ချက် မှာတော့ သမင်ဟောက်သံ၊ ချေဟောက်သံကလေးများကို ကြားနေရသည်။ ဒေါက်တာ ဝင်းတင်လတ်တော့ ကောင်းကင်ကိုကြည့်ရင်း တွဲဖက် အလယ် တန်းကျောင်း ကလေးတွေအကြောင်းကို စဉ်းစားနေသည်။ သူတို့အတွက် ရင်ထဲကဆုတောင်းပေးမိသည်။ ကြယ်ပွင့်ကလေးများ လင်းလက်တောက်ပ နိုင်ကြပါစေ။

နောက်တစ်နေ့မှာတော့ သူတို့တစ်ဖွဲ့လုံး ပလက်ဝမှပြန်ရန် ပြင်ဆင်ကြရ၏။ စစ်တွေမှတစ်ဆင့် ဟားခါးသို့ ပြန်လည်ထွက်ခွာရမည်။ မပြန်မီ ဆရာဦးသာအောင်၏ဈာပနကို သူတို့တစ်ဖွဲ့လုံး လိုက်ပါပို့ဆောင်ကြ၏။ တစ်ရွာလုံးမှ ရွာသူရွာသားများ၊ ကျောင်းသားမိဘများ၊ ကျောင်းသူကျောင်းသားများအားလုံး စည်ကားသိုက်မြိုက်စွာ ပို့ဆောင်ကြသည်။

သူ၏တပည့်ကျောင်းသားကလေးများက သူတို့ဆရာအတွက် တောင်ထိပ်မှာ အုတ်ဂူလုပ်ပေးထားသည်။ ပြီးတော့ ကျောက်စာတိုင် စိုက်ထူကြသည်။ ဆုမွန်ကောင်းများတောင်းကြသည်။

သေဆုံးသူ၏အုတ်ဂူတွင် ကျောက်စာတိုင်စိုက်၍ ကမ္ပည်းရေးထိုးလေ့ရှိသည်မှာ ချင်းတိုင်းရင်းသားတို့၏ ဓလေ့တစ်ခုဖြစ်၏။ ယင်းကျောက်စာတိုင်တွင် သေဆုံးသူ၏ ဘဝအောင်မြင်မှုများကိုလည်းကောင်း၊ စွမ်းဆောင်မှုများကိုလည်းကောင်း အပြည့်အစုံနီးပါး ဖော်ပြထားလေ့ရှိ၏။ ကျောက်စာရေးသားရာတွင်လည်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ချင်းဘာသာတို့ဖြင့် ခမ်းနားပြည့်စုံစွာ ရေးသားဖော်ပြလေ့ရှိ၏။ ဦးသာအောင်၏ ကျောက်စာတိုင်ကိုလည်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ချင်းဘာသာတို့ဖြင့် ခမ်းနားပြည့်စုံစွာ ရေးထိုးထား၏။ ခေါင်းစည်းစာတမ်းကလေးကပင် ဆရာနှင့်တပည့်များ၏သံယောဇဉ်ကို ပြည့်စုံစွာ ဖော်ညွှန်းထားသလိုရှိတော့၏။

တပည့်တို့ကား သူတို့ဆရာအတွက် ဆုမွန်ကောင်းများ တောင်းနေကြ၏။ ဆရာမလေး ဒေါ်ဟားရ်မိန်းကား မျက်ရည်ဝဲနေရှာသည်။ ဒေါက်တာဝင်းတင်လတ်၏ ရင်ထဲမှာတော့ "မြတ်သောကိုယ်ကျိုးစွန့်လွှတ်မှုအတွက် ထာဝရဂုဏ်ယူလျက်ပါ ဆရာ" ဟူသော ဂုဏ်ပြုစကားများ ပဲ့တင်ထပ်နေပါတော့သည်။

# အခန်း (၁၀)

မမျှော်လင့်ဘဲ ဒေါက်တာ ဝင်းတင်လတ်ထံ ဆရာမလေး ဒေါ်ဖြားရှိမြိုင် ရောက်လာသည်။

''ဆရာကြီးချင်တယ်ဆိုတဲ့ ပွဲရှိတယ်ဆရာ။ ချင်းရိုးရာ မင်္ဂလာဆောင်ပွဲ ရှိတယ်ဆရာ၊ အဲဒီအတွက် ဆရာ့ကို လာဖိတ်တာပါ''

''ချင်းရိုးရာမင်္ဂလာဆောင်ဆိုတော့ ကျွန်တော်စိတ်ဝင်စားပါတယ်။ ခေတ်ပေါ် မင်္ဂလာဆောင်မတွေ့တွေ့နေနှင့် ရိုးရာမင်္ဂလာဆောင်စစ်စစ်ကိုမှ ကျွန်တော်က လေ့လာချင်တာ''

''တွေ့တော်ပါတယ်ဆရာရဲ့၊ အဲ့ကြောင့် ဆရာ့ကို တကူးတက လာဖိတ် တာပေါ့။ ချင်းဓလေ့အစစ်နဲ့ မင်္ဂလာဆောင်မှာဆိုတော့ ကြွရောက်ချီးမြှင့် သူတွေကလဲ ချင်းထုံးစံကို လိုက်နာရမှာနော်ဆရာ''

''ရပါတယ်ဗျာ၊ တိုင်းရင်းသားရိုးရာဓလေ့ဘဲ၊ လိုက်နာနိုင်ပါတယ် ဘယ်နေ့လဲ''

''ဒီနေ့ပဲဆရာ''

''မြန်လှချည်လား၊ ကျွန်တော်က နောက်နေ့တွေမှထင်လို့''

''သူတို့က စေ့စပ်ပြီးသားဆရာရဲ့၊ စေ့စပ်ပွဲတုံးကလည်း ဆရာ့ကို ဖိတ်ဖို့သတိရတယ်၊ ဒါပေမယ့် ဆရာကအလုပ်များတော့ အားနာလို့ မဖိတ်ဖြစ်ခဲ့ဘူး''

''အာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ချင်းရိုးရာလက်ထပ်ပွဲဆိုတော့ ကျွန်တော် အများကြီး စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ကျွန်တော်တစ်ခုမှမကြုံဖူး

တော့ ရိုးရာဓလေ့တွေကိုလည်း နည်းနည်းရှင်းပြပေးပါဦး။ သူတစ်ပါး မင်္ဂလာယူတဲ့အချိန်မှာ ကိုယ်က တစ်စုံတစ်ခုမှားသွားရင် အားနာစရာ ဖြစ်မှာစိုးရတယ်"

ဆရာမလေး ဒေါ်ဖားရှိမိန်းက သူတို့ရိုးရာမင်္ဂလာဆောင်ဓလေ့ကို ဒေါက်တာ ဝင်းတင်လတ်အား ရှင်းပြသည်။

ချင်းရိုးရာပွဲများတွင် ခေါင်ရည်သည် အရေးပါသောအခန်းက ပါဝင်ပေသည်။ ချင်းရိုးရာပွဲတော်များတွင် ခေါင်ရည်မပါသောပွဲတော်ဟူ၍ မရှိသလောက်ပင် ရှားလှလေသည်။ စေ့စပ်ပွဲတွင် သတို့သားလောင်းက သတို့သမီးအိမ်သို့ ခေါင်ရည်အိုးကြီးတစ်လုံး သယ်ဆောင်သွားရသည်။ သတို့သမီးအိမ်သို့ရောက်သောအခါ နှစ်ဖက်မိဘ လူကြီးများက စေ့စပ်ကြောင်းလမ်းစကားဆိုရသည်။ စေ့စပ်ကြောင်းလမ်းမှု အောင်မြင်ပြီးနောက် သတို့သားလောင်းယူဆောင်လာသော ခေါင်ရည်အိုးကြီးကို တပျော်တပါးသောက်ရင်း မင်္ဂလာနေ့ရက်ကို သတ်မှတ်ကြသည်။

စေ့စပ်ကြောင်းလမ်းမှု မအောင်မြင်လျှင် သတို့သမီးအိမ်က ခေါင်ရည်အိုးတစ်လုံးပြန်ပေးသည်။ ထိုခေါင်ရည်အိုးသည် ငြင်းဆန်သောအဓိပ္ပာယ်ပင်ဖြစ်သည်။

မင်္ဂလာပွဲမှာ ဆရာမလေး ဒေါ်ဖားရှိမိန်း၏ မောင်တစ်ဝမ်းကွဲတော်သူနှင့် ပြည်နယ်အခွန်ဦးစီးဌာနရုံးမှ စာရေးမလေး ဉာဏ်သဲတို့၏ မင်္ဂလာပွဲပင်ဖြစ်၏။ ညနေပိုင်းတွင် သတို့သားလောင်းဘက်မှ လူကြီးမိဘများနှင့် လူငယ်အဖွဲ့က ခေါင်ရည်အိုးကြီးတစ်လုံးကိုသယ်ယူလျက် သတို့သမီးအိမ်သို့ သွားကြပါသည်။ ခေါင်ရည်အိုးမှာ ပိဿာအစိတ်ဝင်အိုးခန့်ရှိပြီး နှစ်ချိုးစိမ်ထားသော ခေါင်ရည်အိုးဖြစ်၏။

ခေါင်ရည်စိမ်ပုံမှာ ကောက်ညှင်းထမင်း၊ ကျော်စား ထမင်းတို့ကို ဆန်မှုန့် ရောစပ်၍ စဉ့်အိုးကြီးထဲတွင် ထည့်သိပ်ထားပြီး အချဉ်ဖောက်လာခြင်း ဖြစ်၏။ သောက်ပါနီးမှ အိုးအတွင်းသို့ ရေလိုသလောက်ဖြည့်ပြီး ပိုက်ဖြင့် စုပ်၍သောက်ရသည်။ ပိုက်ဖြင့် စုပ်၍သောက်ရသည်ဆိုသော်လည်း အပေါ်ယံအရည်ကြည်ကို သောက်ရသည်မဟုတ်ပေ၊ ပိုက်ကို အိုး အောက်ခြေသို့ရောက်အောင်ထိုးစိုက်ပြီး အောက်ဆုံးအလွှာမှခေါင်ရည်ကို သောက်ရခြင်းဖြစ်၏။

ခေါင်ရည်သောက်သောပုံစံမှာ မတ်တတ်အနေအထားမှ ထိုင်၍ အနည်းငယ်ကိုင်းပြီး၊ လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တွင်ထောက်ကာ ခေါင်းကိုငုံ၍ ပိုက်ကိုပါးစပ်ဖြင့်စုပ်၍ သောက်ရပါသည်။

ခေါင်ရည်အိုးကို ပထမဆုံးအဖြစ် သတို့သမီးဖခင်ကို တိုက်ရပြီး ၎င်းနောက် သတို့သားဖခင် သောက်ရပါသည်၊ နှစ်ဖက်ဖခင်နှစ်ဦး သောက်ပြီးသောအခါ ဂုဏ်ပြုဧည့်သည်ဖြစ်သော ဒေါက်တာဝင်းတင်လတ် ကို တိုက်၏။ ပြီးတော့ မင်္ဂလာပွဲလာ လူကြီးများ တစ်လှည့်စီသောက်ကြ သည်။

ဒေါက်တာ ဝင်းတင်လတ်မှာ အလေ့အကျင့်မရှိ၍ ခေါင်ရည်ကို အတော်ကြိုးစားပြီး သောက်ရသည်။ အရက်၊ ဘီယာစသော ယမကာ များကို လုံးဝသောက်သူမဟုတ်သဖြင့် ခေါင်ရည်နှစ်လှည့်သောက်ပြီး သောအခါ ခေါင်းထဲမှာ ရီဝေဝေဖြစ်လာသည်။

သို့သော် သူတို့ထုံးစံက ကိုယ့်အလှည့်ရောက်လျှင် မသောက်မနေ သောက်ရပေသည်။ သုံးခါသောက်ပြီးသောအခါ အတော်ကလေး မူးလာ ပေသည်။

"ဆရာအတော်မူးသွားပြီလား။ ဆရာပြောတော့ ချင်းထုံးစံကို လိုက်နာနိုင်တယ်ဆို၊ ဆရာက အရက်မသောက်တတ်တော့ အတော်မူးသွားမှာပဲ" ဆရာမလေး ဒေါ်ဖားရှိမ်နီးက ဒေါက်တာ ဝင်းတင်လတ်ကို စနေသည်။

"ရပါတယ်ဗျာ၊ နောက်တစ်လှည့်တော့ သောက်နိုင်ဦးမှာပါ။ ဒါပေမယ့် ဒီတစ်လှည့်ပြီးရင်တော့ ကျွန်တော်မသောက်နိုင်တော့ဘူး။ ဆရာမပဲ ကျွန်တော့်ကိုယ်စား နှစ်ဖက်မိဘတွေကို တောင်းပန်ပေးပါနော်။ အိပ်မူးသွားရင် အားနာစရာဖြစ်နေမှာ စိုးရိမ်လို့ပါ"

ဒေါက်တာ ဝင်းတင်လတ် တစ်လှည့်သောက်ပြီးတော့ ဆရာမလေး ဒေါ်ဖားရှိမ်နီးက ဒေါက်တာ ဝင်းတင်လတ်ကိုယ်စား နှစ်ဖက်မိဘများကို တောင်းပန်ပေးလိုက်သည်။ နှစ်ဖက်လူကြီးများက ဒေါက်တာ ဝင်းတင်လတ်ကို ကျေးဇူးတင်ကြောင်း လိုက်လိုက်လဲ့လဲ့ ပြောဆိုကြသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။

ခဏကြာတော့ ဝက်သားဟင်းနှင့် ထမင်းပွဲများရောက်လာသည်။ လူကြီးမိဘများ၊ ဆွေမျိုးသားချင်းများနှင့် မိတ်သင်္ဂဟများကို ကျွေးမွေးပါသည်။ ဧည့်ခံကျွေးမွေးသည့်အစီအစဉ်မှာ သတို့သမီးဘက်က ပြုလုပ်ခြင်းဖြစ်၏။ ဝက်သားဟင်း၊ ထမင်းနှင့် ခေါင်ရည်တို့ကို တပျော်တပါး စားသောက်ပြီးနောက် သတို့သမီးဘက်မှ လူကြီးမိဘများလိုက်ပါလျက် သတို့သားအိမ်သို့ပြန်ပို့ရန် စီစဉ်ကြပါသည်။

သတို့သမီးအိမ်မှ သတို့သားအိမ်သို့သွားရာတွင် မပါမဖြစ် ယူဆောင်သွားရသောပစ္စည်းမှာ ခေါင်ရည်အိုးကြီးပင်ဖြစ်ပါသည်။ သတို့သားအိမ်သို့ရောက်သောအခါ သတို့သမီးအိမ်မှ ခေါင်ရည်အိုးကြီးကို တပျော်တပါး

သောက်ကြပါသည်၊ ၎င်းနောက် ပျော်ရွှင်စွာ ကခုန်ကြပါသည်။ မင်္ဂလာ လာပရိသတ်များကလည်း ပါဝင်ကခုန်ကြပါသည်။

ညဦးရောက်သောအခါ သတို့သားဖက်မှလာကပ်ဖွဲ့သော နွားနောက်ကို သတ်၍ အသားများကို ဒိုးဖြယ်ကြီးများဖြင့် ချက်ပြုတ်ပါသည်။ နွားနောက်တစ်ကောင်၏ပမာဏမှာ မြေပြင်မှ ကျွဲနှစ်ကောင်မျှလောက် ကြီးမားရာ ဒိုးဖြယ်များစွာနှင့် ချက်ပြုတ်ရပါသည်။

ဟင်းအိုးများချက်ပြုတ်နေစဉ်အတွင်း ဟင်းအိုးကြီးများကို ဝိုင်းပတ်၍ ကခုန်ကြပါသည်။

မင်္ဂလာပွဲကျင်းပချိန်မှာ ဒီဇင်ဘာလအတွင်းဖြစ်၍ ရာသီဥတု အလွန် အေးသောအချိန်ဖြစ်ပါသည်။ မီးပုံပွဲနှင့် ကပွဲနှင့် ခေါင်ရည်နှင့်ဖြစ်၍သာ တော်ပေတော့သည်။ ဒေါက်တာ ဝင်းတင်လတ်မှာ ချင်းရိုးရာအကကို လည်း မကတတ်၊ ခေါင်ရည်ကိုလည်း များများမသောက်နိုင်သဖြင့် ချမ်းအေးသည့်ဝေဒနာကို အတော်ခံစားနေရရှာသည်။

ပြန်ရန်သင့် မသင့် ဆရာမလေး ဒေါ်ဟားရှိမိန်းကို မေးကြည့်တော့ ထမင်းစားပွဲပြီးမှ ပြန်ပါဟုပြောပါသည်။

ည (၁၂) နာရီခန့်တွင်မှ ဟင်းများအားလုံးကျက်ပါသည်။ လူငယ်များကား ခေါင်ရည်သောက်၍ ပျော်ရွှင်နေကြဆဲ၊ ကခုန်၍ ကောင်းနေကြဆဲပင်။

ဟင်းကျက်သောအခါ လူကြီးမိဘများကို ထမင်းကျွေးပါသည်။ ခေါင်ရည်လည်း ထပ်တိုက်ပါသေးသည်။ ဒေါက်တာ ဝင်းတင်လတ်ကား ခေါင်ရည်ကို ထပ်မသောက်နိုင်တော့။ ထမင်းအနည်းငယ်စားပြီး နှစ်ဖက် မိဘများကို နှုတ်ဆက်၍ ပြန်ခဲ့၏။

ဆရာမလေး ဒေါ်ဟားရှိမိန်းနှင့်အဖွဲ့က ဒေါက်တာ ဝင်းတင်လတ်ကို ပြန်လိုက်ပို့ကြ၏။

''ဆရာတော့ အတော်ပင်ပန်းသွားမှာဘဲ၊ ခေါင်းလည်း အတော်နောက်သွားမှာဘဲနော်''

''မပင်ပန်းပါဘူးဗျာ၊ ပျော်တောင်ပျော်ပါသေးတယ်၊ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ချစ်စရာမလေ့ကလေးတွေကို လေ့လာရတာ ပျော်စရာလည်းကောင်းတယ်၊ ကြည်နူးစရာလည်းကောင်းတယ်၊ ဖြူစင်ရိုးသားတဲ့အလှကိုဖော်ပြတဲ့ မင်္ဂလာပွဲပါပဲဗျာ၊ အခုလို လေ့လာခွင့်ရတဲ့ အတွက် ဆရာမတို့ကို ကျေးဇူးတင်လို့မဆုံးပါဘူး''

''ကျွန်မတို့ကလည်း ဆရာ့ကို ကျေးဇူးတင်ပါတယ်။ ကဲ ... ဆရာ အိမ်လည်းရောက်ပြီ၊ ညဉ့်နက်ပြီမို့ ကျွန်မတို့ကို ခွင့်ပြုပါဦး၊ မန်းထာမော''

ဆရာမလေး ဒေါ်ဖားရုံမိန်းနဲ့အဖွဲ့က ချင်းဘာသာဖြင့် နှုတ်ဆက်၏။ အဓိပ္ပာယ်မှာ အိပ်မက်လှလှမက်ပါစေဟု နှုတ်ခွန်းဆက်ခြင်းဖြစ်၏။ ဒေါက်တာ ဝင်းတင်လတ်ကလည်း ချင်းဘာသာဖြင့်ပင် ''မန်းထာ'' ဟု ပြန်၍ နှုတ်ဆက်၏။

အိပ်မက်လှလှ မက်ပါစေ။

## အခန်း (၁၁)

ဆရာမလေး ဒေါ်ဟားရှိမိန်းနှင့်အတွဲက အိပ်မက်လှလှမက်ပါစေဟု ဆုတောင်းနှုတ်ဆက်ခဲ့သော်လည်း ဒေါက်တာ ဝင်းတင်လတ် တော်တော် နှင့် အိပ်မပျော်ခဲ့ပေ။ ညနေက မင်္ဂလာဆောင်တွင် ကြုံတွေ့ရသော အတွေ့ အကြုံများကို ပြန်သတိရနေ၏။ ပြီးတော့ ဆရာမလေးနှင့် စကားပြော ရသည်များမှာလည်း သူ့အဖို့ စဉ်းစားစရာတွေ ဖြစ်လာခဲ့ရသည်။ ညနေက အဖြစ်ကို သူပြန်စဉ်းစားနေမိ၏။

ထိုစဉ်က ချင်းလူငယ်နှင့် ချင်းလုံမေတို့၏ မင်္ဂလာဦးညည်ခံပွဲတော စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်။ ဂစ်တာသံနှင့် သီချင်းသံများက နှင်းမှုန်ထုကို ထိုးဖောက်ပျံ့လွင့်နေသည်။ ချင်းလူငယ် ချင်းလုံမေအများ က မီးပုံဘေးမှာပတ်ဝိုင်းပြီး ကနေ၏။ ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသော ညချမ်းတစ်ညပါပေ။

ဒေါက်တာ ဝင်းတင်လတ်သည် မင်္ဂလာမဏ္ဍပ်၏ပြင်ပသို့ တစ်ယောက် တည်းထွက်လာခဲ့၏။ အားနာပြီး ခေါင်ရည်အတော်များများသောက် သဖြင့် သူ့ခေါင်းထဲမှာ ရီဝေဝေဖြစ်နေသည်။ စိတ်ကြည်လင်သွားစေရန် မဏ္ဍပ်ပြင်ပသို့ထွက်ခဲ့ခြင်းဖြစ်၏။ သူသည် ဟားခါးဆောင်း၏ လှပသော သဘာဝအလှကို တစ်ဝကြီးငေးကြည့်နေသည်။

ဆောင်းညလေသည် လတ်ဆတ်အေးမြလွန်းလှ၏။ နောက်ကျိကျိ ရီဝေဝေဖြစ်နေသော သူ့စိတ်အစဉ်သည် ကြည်လင်လန်းဆန်းလာသည်။ သူသည် ထင်းရှူးပင်ကိုမှီရင်း သဘာဝအလှကို ငေးနေမိသည်။

"အစ်ကို ပြန်ချင်ပြီလား"

သူတစ်ယောက်တည်း ငေးနေစဉ်မှာ ဆရာမလေး ဒေါ်ဟားရှိမိန်း၏ အသံလေးကို ကြားရသည်။ ဒေါက်တာ ဝင်းတင်လတ်က ဆရာမလေး ဒေါ်ဟားရှိမိန်း၏ မျက်နှာကလေးကို ငေးကြည့်နေသည်။

"စောစောက ညာဏ်လွန်းကြောင်ပြောတာ ဆရာစိတ်အနှောင့်အယှက် ဖြစ်သွားတယ်ထင်တယ်။ ဆရာစိတ်အနှောင့်အယှက်ဖြစ်သွားရင်တော့ ကျွန်မတောင်းပန်ပါတယ်ဆရာ"

ဒေါက်တာ ဝင်းတင်လတ်က သူ့ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက် သည်။

"တောင်းပန်စရာမလိုပါဘူးဆရာမရယ်။ ဆရာမနဲ့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ တောင်းပန်တယ်ဆိုတဲ့ ဝေါဟာရက သိပ်ပြီးစိမ်းကား တဲ့သဘောဆောင်ပါတယ်။ ပြီးတော့ ကျွန်တော်ဟာ ဆရာမနဲ့ သူစိမ်း တစ်ယောက်မှမဟုတ်ဘဲ။ သည်ကလေးမပြောတာလဲ သဘောရိုးနဲ့ ပြောတာမို့ ကျွန်တော်ကတောင် ဆရာမကို အားနာနေသေးတယ်"

"ဒီလိုဆိုရင်လည်း ကျွန်မကလည်း ဆရာ့ကို မကျေနပ်ဘူး။ ဆရာနဲ့ ကျွန်မကြားမှာ အားနာတယ်ဆိုတာကတော့ သူစိမ်းမဆန်လွန်းဘူးလား"

ဒေါက်တာ ဝင်းတင်လတ်က ပွင့်လင်းစွာရယ်လိုက်၏။

"ဒါဆိုရင်လည်း ကျေပြေပေါ့ဗျာ။ ဆရာမ မြန်မာစာနဲ့ မြန်မာစကား ကိုတော့ တကယ်ကျွမ်းကျင်တယ်နော်"

"ကျွမ်းကျင်ရမှာပေါ့ ဆရာရယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား ဘဲ ကျွန်မတော့ ချင်းစာပေနဲ့ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့လာ သလို မြန်မာစာ မြန်မာစကားကိုလည်း ကျွမ်းကျင်အောင် အမြဲဆည်းပူး လေ့လာတယ်။ ဆရာလည်း ချင်းစကားကို လေ့လာနေတာဘဲမဟုတ်လား။

ချင်းစကားနားလည်လို့ စောစောက ဥာဏ်လွန်းကြင်ပြောတာကို သိတာပေါ့"

စောစောတစကားဝိုင်းမှာ ယခုမင်္ဂလာဆောင်သောလူငယ်နှစ် လုံမငယ်တို့ ပျော်နေသည့်အကြောင်း စကားစပ်၏။ ဥာဏ်လွန်းကြင်က ဒေါ်တားရ်မိန်းအား "နင်တို့အလှည့် ဘယ်တော့လဲ" ဟု ဒေါက်တာ ဝင်းတင်လတ်နှင့် နောက်လိုက်သဖြင့် နှစ်ယောက်စလုံး ကသိကအောက် ဖြစ်ခဲ့ရ၏။ တစ်ယောက်တစ်ပြန် အားနာသော်လည်း လူကြားထဲမှာ ဖြစ်နေ၍ ဘာမျှမပြောဖြစ်ခဲ့ကြပေ။

တကယ်တော့လည်း တားခါးတစ်မြို့လုံးက ဒေါက်တာ ဝင်းတင်လတ် နှင့် ဆရာမ ဒေါ်တားရ်မိန်းကို ချစ်သူများဖြစ်စေချင်ကြ၏။ ဒေါက်တာ ဝင်းတင်လတ်ကို တစ်မြို့လုံး၊ တစ်နယ်လုံးက ချစ်ကြ၏။ ဆရာမလေး ဒေါ်တားရ်မိန်းကိုလည်း ချစ်ကြသည်။ သူတို့နှစ်ယောက်ကို ချစ်သူများ ဖြစ်စေချင်ကြသည်မှာ ဆရာဝန်နှင့် ကျောင်းဆရာမဟူသော ဂုဏ်ပြမ်များ ကြောင့်မဟုတ်။ သူတို့နှစ်ဦး၏ ပြည်နယ်သားများအပေါ်ထားရှိသော မေတ္တာစေတနာများကြောင့်ဖြစ်၏။

ဒေါက်တာ ဝင်းတင်လတ်သည် ချင်းပြည်နယ်သို့ လာရောက်တာဝ ထမ်းဆောင်သော အခြားသော ဝန်ထမ်းအချို့ကဲ့သို့မဟုတ်။ အချို့သော ဝန်ထမ်းများက ချင်းပြည်နယ်သို့ မလာလို။ လမ်းပန်းဆက်သွယ်ရေး ရာသီဥတု၊ စားသောက်နေထိုင်မှု ခက်ခဲသောကြောင့် မလာလိုကြခြင်း ဖြစ်၏။ နိုင်ငံတော်က တာဝန်ပေး၍ မလွဲမရှောင်သာ လာရလျှင်လည်း ရောက်သည့်နေ့မှစ၍ ပြန်ဖို့ရက်ကိုသာ ရေတွက်နေ၏။ တာဝန်ကိုလည်း ကျေကျေပွန်ပွန်မထမ်းဆောင်။ မင်းတိုင်းကျေရုံသာ ထမ်းဆောင်ပြီး ပြန်မည့်ရက်ကိုသာ လက်ချိုးရေတွက်နေကြသူများဖြစ်သည်။

ဒေါက်တာ ဝင်းတင်လတ်ကတော့ ရောက်သည့်နေ့မှ ယနေ့အထိ (၂) နှစ်ကျော်ကာလအတွင်း သူတာဝန်ကျရာ ချင်းပြည်နယ်တစ်ခုလုံးကို နှံ့အောင်သွားသည်။ ချင်းပြည်နယ်သည် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိရာ ပြည်နယ်အနှံ့ နယ်စပ်ကျေးရွာ တလေးများအထိ ရောက်အောင်သွားပြီး ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်သည်။ ဆေးကုသည်။ ရောက်ရာအရပ်မှာ တောနေလူထုနှင့် တစ်သားတည်းနေသည်။ အတူတူစားသည်။ ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးနှင့်ပတ်သက်၍ အစွမ်းကုန် ကူညီဆောင်ရွက်ပေးသည်။

ချင်းပြည်နယ်တွင် မြို့နယ် (၉) မြို့နယ်ရှိသည်။ ပြည်နယ်မြို့တော်မှာ ဟားခါးမြို့ ဖြစ်သည်။ သူသည် ပြည်နယ်အဆင့် ကျန်းမာရေးဝန်ထမ်း ဖြစ်၍ ဟားခါးမြို့မှာ သူ့ရုံးရှိသည်။ သို့သော် မြောက်ပိုင်းရှိ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့နယ်များသို့ သူရောက်၏။ တောင်ပိုင်းမြို့နယ်ဖြစ်ကြသော မင်းတပ်၊ မတူပီ၊ ကန်ပက်လက်အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ဘက်မှ လှည့်သွားရသော ပလက်ဝမြို့အထိ ကုန်းတစ်တန် ရေတစ်တန်ခရီးကိုမမှုဘဲ သူခရီးဆက်ခဲ့သည်။ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့မှ ပြန်ရောက်သည်ပင် မကြာသေး။

ဟားခါးမှာလည်း ဆေးခန်းမဖွင့်။ သူ့အိမ်ကို လာသမျှလူနာများအား အခမဲ့ကုသပေးသည်။

အအေးဒီဂရီ သုညမှတ်အောက်ရောက်နေချိန်၊ ညအချိန်မတော်လာ ရောက်ပြီးခေါ်လျှင်လည်း ကုတ်အင်္ကျီအထပ်ထပ်ဝတ်ပြီး လက်နှိပ်ဓါတ်မီး တစ်လက်ဖြင့် မည်မျှဝေးဝေး သူလိုက်လံကြည့်ရှုကုသပေး၏။

သည်တော့ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအများစုက သူ့ကို ချစ်ကြသည်။ သူပြောင်းရွှေ့သွားမည်ကို အထူးစိုးရိမ်သည်။ သည်တော့ လူပျိုလူလွတ်ဖြစ်သော ဒေါက်တာ ဝင်းတင်လတ်ကို သူတို့မြို့သားဖြစ်စေ

လိုသည်။ လုပ်ဖော်ကိုင်ဖက် ချင်းအမျိုးသား ဆရာဝန် ဆရာမများကမင် သူတို့ ဆရာမဒေါ်ဟားရှံမိန်းနှင့် ကြေ နောက်ကြသည်။ ဒေါက်တာ ဝန်ဆန်ကဆိုလျှင် ဒေါ်ဟားရှံမိန်းနှင့်လက်ထပ်လျှင် သူပိုင်သော ရွာနောက် များအားလုံးကို မင်္ဂလာဦးညမှာ ချည်ခံဖို့ တင်းလျှာအဖြစ် လက်ဖွဲ့မည်ဟု မကြာခဏပြောဖူးသည်။

ဒေါက်တာ ဝင်းတင်လတ်နှင့် ဆရာမလေး ဒေါ်ဟားရှံမိန်း လက်ထပ်လျှင် ကြက်နှစ်ကောင်မှ ရွာလယ်မင်းသားနှင့် ဒိုင်ယာနာမင်းသမီး လက်ထပ်ပွဲထက် စည်ကားစေရမည်ဟု နောက်တောက်တောက်နှင့် အာမခံသူတလည်းများ။

သို့သော် ဒေါက်တာ ဝင်းတင်လတ်နှင့် ဒေါ်ဟားရှံမိန်းတို့က အခြားသူများ ထင်မြင်ယူဆသလို မဖြစ်လာခဲ့ကြပေ။

သူတို့သည် ယုံကြည်ချက်ခိုင်းတူသူများဖြစ်၍ လုပ်ငန်းချင်းလည်း ဆက်စပ်နေ၏။ သည်တော့ သူတို့နှစ်ယောက်သည် သွားအတူ လာအတူ နီးပါးဖြစ်နေကြ၏။ သို့သော် သူတို့သည် ပတ်ဝန်းကျင်ကို အမှုမထားနိုင် ပညာရေး ကျန်းမာရေး လူမှုရေး လုပ်ငန်းများတွေမှာ တက်ညီလက်ညီ လက်တွဲလုပ်ဆောင်ကြ၏။ မမောနိုင် မပန်းနိုင် ထမ်းဆောင်ကြသည်။

တစ်ခါတစ်ရံမှာ ထင်းရှူးရိပ်မှာ အတူစကားပြောဖြစ်၏။ ချယ်ရီပင်အောက်က ကျောက်သားထိုင်ခုံကလေးတွေမှာလည်း အတူထိုင်ဖူးသည်။ သို့သော် သူတို့၏ စိတ်အစဉ်သည် ဖြူစင်သန့်ရှင်းနေ၏။ တစ်ခါတစ်ရံမှာ ဒေါက်တာ ဝင်းတင်လတ်ကဦးဆောင်ပြီး အကြောင်းအရာတစ်ရပ်ကို လေးလေးနက်နက် ဆွေးနွေးတတ်၏။ တစ်ခါတစ်ရံမှာတော့ ဒေါ်ဟားရှံမိန်က ဦးဆောင်ဆွေးနွေးသူဖြစ်နေပြန်သည်။

သူတို့နှစ်ဦးသည် အခြားသူများထက် လက်တွဲချိန်ပိုများ၏။ သို့သော် သူတို့၏လက်များသည် ပရအကျိုးကိုဦးတည်သော လက်တွဲမှုသာ ဖြစ်ခဲ့သည်။

## အခန်း (၁၂)

"ဆရာ့ကိုကြည့်ရတာ အမြဲငြိမ်းချမ်းနေသလိုဘဲ၊ အမိန်းဆိုလိုတာက ဆရာဟာ အမြဲတမ်းလိုလို အေးအေးချမ်းချမ်း နေတတ်တယ်၊ ဆရာ့မှာ လောဘ၊ ဒေါသ၊ မောဟတွေ သိပ်မရှိဘူး။ အမိန်းသတိထားမိသမျှ ဆရာ စိတ်ဆိုးနေတာ၊ တွေဝေငေးမောနေတာ၊ စိတ်ပျက်လက်ပျက်ဖြစ်နေတာ၊ တစ်ခါမှ မတွေ့မိဘူး။

အမိန်းက ဒေါက်တာ ဝင်းတင်လတ်ကို အေးဆေးစွာကြည့်ရင်း မေးလိုက်၏။

"ကျွန်တော့်မှာ လောဘ၊ ဒေါသ၊ မောဟရှိတာပေါ့ အမိန်းရယ်၊ ကျွန်တော်လည်း ပုထုဇဉ်ပဲ၊ ဒီကိလေသာတရားတွေမရှိရင် ကျွန်တော် သောတာပန်ဖြစ်ပြီ၊ ဒီဘဝမှာ ဘယ်ရှိနိုင်တော့မလဲ၊ နတ်ဘုံဖြစ်ဖြစ် ဗြဟ္မာဘုံဖြစ်ဖြစ် ရောက်နေမှာပေါ့"

"ဆရာဟာ ဒီဘဝမှာ နိဗ္ဗာန်မရောက်ရင်တောင် နောင်ဘဝတော့ ရောက်မှာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာမှာ သူတော်ကောင်း စိတ် အတော်များများရှိတယ်၊ ပြီးတော့ ဆရာဟာ အမြဲတမ်းလိုလို တရားထိုင်တတ်တယ်၊ ဒီတော့ ဆရာမှ နိဗ္ဗာန်မရောက်ရင် ဘယ်သူ ရောက်မလဲ"

"ဒါကတော့ အမိန်းရယ်၊ ကျွန်တော်လည်း ကျင့်ကြံအားထုတ်ဆဲ ပါပဲ။ ကျွန်တော်ဟာ ဗုဒ္ဓဘာသာမိဘနှစ်ပါးက မွေးဖွားလာတဲ့လူ တစ်ယောက်၊ ပြီးတော့ ကျွန်တော့်အမေက ဘာသာတရားကိုင်းရှိုင်းတယ်။

ငယ်ငယ်ကလေးကတည်းက ကျွန်တော့်ကို ဘာသာတရားကိုင်းရှိုင်းအောင် သွန်သင်ဆုံးမခဲ့တယ်။ ကျွန်တော်အခု ကျွန်တော့်ဘဝကို တည်ဆောက်နေတာဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ နေထိုင်ကျင့်သုံးနေတာပါပဲ။

အဓိကစိတ်ဝင်စားမယ်ဆိုရင် ကျွန်တော်ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး နည်းနည်းရှင်းပြချင်တယ်။ ကျွန်တော်တို့ဗုဒ္ဓဘာသာမှာ သရဏဂုံတည်ဖို့ ငါးပါးသီလမြဲဖို့ သိပ်အရေးကြီးတယ်။ ဒါပေမယ့် ငါးပါးသီလဆိုတာ ခက်ခဲတဲ့၊ လူတွေမလိုက်နာနိုင်တဲ့ တရားတွေမဟုတ်ပါဘူး။ သူတစ်ပါး အသက်ကိုမသတ်ဖို့၊ သူတစ်ပါးပစ္စည်းကိုခိုးယူခြင်းမပြုဖို့၊ သူတစ်ပါး သားမယားကိုမဖျက်ဆီးဖို့ မုသာဝါဒမပြောဖို့ မူးယစ်စေတဲ့ အရက်သေစာ သောက်စားခြင်းတို့မှ ရှောင်ရှားခြင်းတို့ပါပဲ။ ဒီသီလတာ လူတိုင်း အလွယ်တကူ စောင့်ထိန်းနိုင်တဲ့သီလပါ။ (၈) ပါးသီလ၊ (၁၀) ပါးသီလ စတဲ့သီလတွေ ရှိပါသေးတယ်။

ပြီးတော့ ဗြဟ္မစိုရ်တရား။ ဒီတရားက လူတွေ၊ သတ္တဝါတွေအားလုံးအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ တရားတွေထားဖို့ပါပဲ။ အဓိကတော့ သတ္တဝါတွေအားလုံးအပေါ်မှာ ချစ်ခင်ဖို့၊ သနားဖို့၊ သူတစ်ပါး ကြီးပွားချမ်းသာမှုအပေါ်ဝမ်းမြောက်ဖို့၊ ခွင့်လွှတ်ဖို့ဆိုတဲ့အချက်တွေပါပဲ။

ပြီးတော့ ပါရမီ (၁၀) ပါးဖြည့်ဆည်းရမယ်။ ပါရမီ (၁၀) ပါးဆိုတာက နက္ခမ္မ၊ သီလ၊ ဝီရိယ၊ ပညာ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဒါနဆိုတဲ့ ပါရမီတွေပါပဲ။

“ဒီပါရမီတွေဟာ စွန့်လွှတ်ခြင်း၊ စောင့်စည်းခြင်း၊ ကြိုးပမ်းအားထုတ်ခြင်း၊ ဆည်းပူးလေ့လာခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ အမှန်တရားကို ကိုးကွယ်ခြင်း၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ လျစ်လျူ

ခြင်း၊ အလှူဒါနပြုခြင်း စတဲ့လိုက်နာကျင့်သုံးအပ်တဲ့တရားတွေပါပဲ။

ဒီကြောင့် ကျွန်တော်နေထိုင်တာဟာ သာမန်လူတိုင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း နေထိုင်တဲ့နေထိုင်နည်းမျိုးပါပဲ၊ ဗုဒ္ဓမြတ်စွာဘုရားက လူတိုင်းကို ဒီနည်းအတိုင်းနေထိုင်ဖို့ ဆုံးမညွှန်ပြတော်မူခဲ့တာပါပဲ။ ဒီလိုနေထိုင်ခြင်းအားဖြင့် ကျွန်တော့်အတွက်အကျိုးရှိသလို၊ စိတ်ချမ်းမြေ့မှုရှိသလို၊ အခြားသူများအတွက်၊ သတ္တဝါများအားလုံးအတွက် အကျိုးရှိစေနိုင်တဲ့နည်းပါပဲ။

ကျွန်တော်တရားထိုင်တယ်ဆိုတာက တရားကျင့်တာပါ။ တရားကျင့်တယ်ဆိုတာက တရားကိုအကျင့်ပါအောင်၊ မိမိစိတ်ကို မိမိထိန်းချုပ်နိုင်စွမ်းရှိအောင် ကျင့်ကြံအားထုတ်နေခြင်းသာဖြစ်ပါတယ်။ ဒီလိုအားထုတ်ခြင်းဖြင့် ကျွန်တော့်အတွက် ငြိမ်းချမ်းမှုရသလို ပတ်ဝန်းကျင်ရှိလူများအားလုံးအတွက်လည်း ငြိမ်းချမ်းမှုရစေနိုင်ပါတယ်။

## အခန်း (၁၃)

ဆရာမလေးအေးဟန်ရှိမ်းသည် သူတို့အိမ်ရှေ့ကခုံတန်းရှည်ကလေ
မှာထိုင်ရင်း စောစောက ဒေါက်တာဝင်းတင်လတ်ပြောခဲ့သော စကားမျ
ကို ပြန်လည်ကြားယောင်နေမိသည်။ သူတို့နှစ်ယောက်အတူထိုင်၍ စက
ပြောခြင်းဖြစ်၏။ နှစ်ယောက်ထိုင်၍စကားပြောသည်ဆိုသော်လည်
တကယ်တမ်းကျတော့ ဒေါက်တာဝင်းတင်လတ်တစ်ယောက်တည်
ပြောသွားခြင်းဖြစ်၏။ ဒေါက်တာဝင်းတင်လတ်သည် သူစကားပြေ
စိတ်ပါလာလျှင် တစ်ဆက်တည်းမနားတမ်းပြောတတ်၏။ ပြောပြီးလျှင်
ချင်း ထပြန်လျှင်ပြန်တတ်သူဖြစ်၏။ ယခုလည်း သည်အတိုင်းပင်။ သူ
စကားဆုံးတော့ ချက်ချင်းထပြန်သွားသည်။ ဆရာမလေးသာ သူ့စကာ
များ အတွေးအခေါ်များကြားမှာ နစ်မြောပြီးကျန်ခဲ့ရ၏။

"ကျွန်တော်ကတော့ ဘဝတစ်ခုမှာ လူဖြစ်လာရတာဟာ အလွ
ထူးခြားတဲ့ကုသိုလ်ကံတရားကြောင့်ပဲလို့ယူဆတယ်။ ကျွန်တော်တို့ ဗု
ဘာသာမှာ စကားတစ်ခုရှိတယ်။ မနုဿတ္တဘာဝေါဒုလ္လဘောတဲ့ ဆိုလိုတ
က လူ့အဖြစ်ကိုရဖို့၊ လူ့ဘဝကိုရဖို့ အလွန်ခဲယဉ်းတယ်ဆိုတဲ့သဘောပါ
လျှပြည်ကပစ်တင်လိုက်တဲ့ အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်ကချလိုက်တဲ့ အ
တစ်စင်းဟာ အာကာသထဲမှာထိစွင်ထိမယ်။ လူ့ဘဝကိုရဖို့ မလွယ်ဘူး
ဆိုစကားရှိပါတယ်"

"ကျွန်တော်ဆိုလိုတာက ရတောင့်ရခဲဖြစ်တဲ့လူ့ဘဝကို ရခဲ့ပြီးပြီ
ရင် ဒီဘဝကိုတန်ဖိုးရှိအောင် အသုံးချသင့်တယ်။ ကိုယ့်ကိုလူဖြစ်အော

မွေးဆုတ်လိုက်တဲ့လောကကြီးကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ် အောင်လို့ ကြိုးစားသင့်တယ်၊ စွမ်းဆောင်သင့်တယ်လို့ ကျွန်တော် ထင်တယ်"

"လူတာ မွေးပြီးရင် သေဆုံးရမှာပဲ။ မွေးတဲ့အချိန်နဲ့ သေဆုံးတဲ့ အချိန်ကြားမှာ အချိန်ကာလတစ်ခုကိုပိုင်ဆိုင်ခွင့်ရှိတယ်။ အဓိကကတော့ ပိုင်ဆိုင်တဲ့အချိန်ကို တန်ဖိုးရှိရှိအသုံးချဖို့ပါပဲ။"

"ကျွန်တော်ကတော့ လောကကြီးထဲကိုရောက်လာပြီးမှ ခွေးကလေး ကြောင်ကလေးတွေလို လောကကြီးထဲကမထွက်ခွာချင်ဘူး"

"ခွေးကလေး၊ ကြောင်ကလေးတွေဆိုတာ မွေးဖွားလာတယ်၊ အိပ်မယ်၊ စားမယ်၊ မေထုန်မှီဝဲမယ်ဆိုတဲ့အသိနဲ့ပဲ သူတို့ဘဝတစ်လျှောက် လုံး နေသွားတယ်။ ပြီးတော့ သူတို့သေသွားတယ်"

"လောကကြီးမှာ သူတို့ရောက်လာတာကို ဘယ်သူမှမသိလိုက်ကြ ဘူး။ သူတို့ရှိနေလို့လဲ လောကကြီးက ဘာမှမထူးခြားဘူး။ သူတို့ကလည်း လောကကြီးကိုအကျိုးမပြုဘူး။ သူတို့သေဆုံးသွားတော့လည်း လောက ကြီးက မသိလိုက်ဘူး"

"ကျွန်တော်တို့လူသားတွေမှာလည်း အဲဒီလိုလူမျိုးတွေရှိတယ်၊ ကုသိုလ်ကံအလွန်ကောင်းလို့လူဖြစ်တယ်။ ဘဝမှာနေသွားတာက ခွေး ကလေး၊ ကြောင်ကလေးတွေနဲ့ ဘာမှမခြားဘူး။ ကိုယ့်ရဲ့လိုအပ်ချက်တွေ ရေးတွေကို အစွမ်းကုန်ဖြည့်ဆည်းရုံကလွဲလို့ လောကကိုဘာမှအကျိုးမပြုဘူး။"

"အချို့က ကျွန်တော့်ကိုစိတ်ကူးယဉ်ဝါဒသမားတစ်ယောက်လို့မြင် တယ်၊ အိုက ကျွန်တော့်အပေါ်မှာ အသက်ညှာဆုံးဖြစ်တဲ့အမြင်ပါ။ တချို့ က ကျွန်တော့်ကိုအပြင်းစားစိတ်ကူးယဉ်သမား။ တချို့ကတော့ ကျွန်တော့် ကို ရူးနေတဲ့လူတစ်ယောက်လို့တောင် မြင်ကြတယ်"

''ဒါပေမယ့် ကျွန်တော်မမှုပါဘူး။ ကျွန်တော့်ကိုဝေဖန်တဲ့လူတွေ လည်း အပြစ်မတင်ပါဘူး။ သူတို့အမြင်နဲ့သူတို့ရှိပါစေတော့။ လူတိုင်း လွတ်လပ်စွာထင်မြင်ယူဆပိုင်ခွင့်ရှိတာပဲ။ ကျွန်တော့်မှာလည်း ကျွန်တေ ယုံကြည်ချက်နဲ့ကျွန်တော်ပါပဲ''

''ကျွန်တော်ဟာ ယုံကြည်ချက်ကိုတော့ ဘယ်လိုအကြောင်းနဲ့ အပျက်ခံမှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော့်အပေါ်မှာ အကောင်းမြင် တွေကို ကျေးဇူးတင်သလို အကောင်းမမြင်သူတွေကိုလည်း ကျွန်တော် မမုန်းပါဘူး။ လူတိုင်းမှာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ရှိကြတာပဲ''

''ကျွန်တော်နေချင်တယ်ဆိုရင် မြန်မာပြည်မှာတောင်မဟုတ်ဘူး နိုင်ငံခြားမှာနေချင်ရင်လဲ အဆင့်မြင့်မြင့်နေနိုင်တဲ့အနေအထားရှိပါတယ် လူချမ်းသာတစ်ယောက် ကောင်းကောင်းဖြစ်နိုင်ပါတယ်။ တစ်နေ့ဝင် သိန်းချီပြီးရနိုင်တဲ့အလုပ်၊ လက်တွဲဖော်ချစ်ဇနီး၊ မြို့ကြီးကြီးမှာ တိုက် တာနဲ့ တခမ်းတနားနေနိုင်တဲ့အနေအထားပါပဲ''

''ဒါပေမယ့် ကျွန်တော်အဲဒါတွေအားလုံးကိုမမက်မောဘူး။ အထ မကြီးဘူး။ အဲဒီဘဝမှာ ကျွန်တော်မပျော်ပိုက်ဘူး။ ကျွန်တော်ခံယူထားတ က အဲဒီအရာတွေအားလုံးဟာ မမြဲဘူး။ ကျွန်တော်သေသွားရင် ကျွန်တော် နောက်ပါလာမဲ့အရာတွေမဟုတ်ဘူး။ နောက်လာနောက်သားတွေအတွက် အကျိုးမပြုနိုင်ဘူး။ ဒီတော့ ဒါတွေကိုကျွန်တော်မမက်မောဘူး။

''လူတကာ အမြတ်တနိုးတန်ဖိုးထားတတ်တဲ့ ရွှေဆိုတာ ကျွန်တော့်အတွက်တော့ အဝါရောင်သတ္တုခဲတစ်ခုပါပဲ။ ကျွန်တော်ဒီသ ဘာမှ တန်ဖိုးထားလို့မရပါဘူး။ မြဆိုတာက အစိမ်းရောင်ကျောက် ပတ္တမြားဆိုတာက အနီရောင်ကျောက်ခဲပါပဲ။ ဒါတွေဟာ လူတွေက တန်ဖိုး ထားလွန်းလို့ တန်ဖိုးမြင့်လာတဲ့ပစ္စည်းတွေပါပဲ။ တန်ဖိုးမထားသူ

ရောက်တော့ ရွှေတို့ ငွေတို့ ပတ္တမြားတို့ဆိုတာ အဝါရောင်သတ္တုနဲ့ အစိမ်းရောင်ကျောက်ခဲ၊ အနီရောင်ကျောက်ခဲဆိုတာထက် မပိုပါဘူး။ ကျွန်တော် မက်မောလို့လားတော့မသိဘူး။ အဲဒီပစ္စည်းတွေတစ်ခုမှ ကျွန်တော့်မှာ မရှိဘူး။

“ဒါဖြင့်ရင် လောကကြီးမှာ စားဝတ်နေရေးအတွက် ဘာမှမလိုအပ်ဘူးလားလို့ မေးစရာရှိတယ်၊ ဒီတော့လိုအပ်တာပေါ့ဗျာ။ ယောနိသောမနသိကာရနဲ့ပေါ့။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းမှုတော့လိုအပ်တာပေါ့။ ဒါထက်ပိုသွားရင်တော့ လောဘဘက်ရောက်သွားမယ်”

“ကျွန်တော်ဆိုရင် ကျွန်တော့်ဘဝကို ကျွန်တော်ကျေနပ်တယ်။ စားဖို့အတွက် နိုင်ငံတော်ကပေးထားတဲ့လစာရှိတယ်၊ ဝတ်ဖို့အတွက်လည်း လုံလောက်ပါတယ်။ နေဖို့အတွက်လည်း နိုင်ငံတော်ကပေးထားတဲ့အိမ်ရှိတယ်။ ကျွန်တော်ပင်စင်မယူမချင်း ဒီအခွင့်အရေးတွေရနေဦးမှာပဲ။ ဒီတော့ ပူစရာမရှိတော့ဘူး။ အသက် ၆၀ ပြည့်လို့ ပင်စင်ယူပြီးရင်တော့ ကျွန်တော်တစ်ယောက်အတွက်ပူစရာမရှိပါဘူး။ နိုင်ငံတော်ကပေးထားတဲ့ အငြိမ်းစားလစာငွေနဲ့ သင့်တင့်မျှတအောင်နေသွားရင်ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော် ဘာအတွက်လောဘကြီးရဦးမှာလဲ”

“ကျွန်တော့်မှာ ကျွန်တော်ယုံကြည်ချက်ကို အကောင်အထည်ဖော်နိုင်တဲ့ လောဘရယ်၊ အကောင်အထည်မဖော်နိုင်မှာစိုးတဲ့ သောကရယ်။ ဒါပဲရှိတယ်၊

ကျွန်တော့်မှာ အခြားလောဘ၊ ဒေါသ၊ မောဟတွေမရှိဘူး။ မဟုတ်ဘူး ရှိပါတယ်။ ဒါပေမယ့် သိပ်မများအောင်တော့ ကျွန်တော့်ကိုကျွန်တော် အမြဲသတိတရားနဲ့ထိန်းသိမ်းတယ်”

''ကျွန်တော်တို့သင်ခဲ့ရတဲ့ ကဗျာလေးတစ်ပုဒ်ကို အမှီနိုးမှတ်မိနေ ထင်ပါတယ်။ ဆရာတော်ရှိရဲ့ ''သင်သေသွားသော်'' ဆိုတဲ့ ကဗျာလေး ကျွန်တော်တို့ (၈) တန်းတုန်းကသင်ခဲ့ရတာ''

''သင်သေသွားသော်
သင်ရွာသေသာမြို့ သင်တို့မြေသည်
အမြဲတိုးမြင့်၊ ကျွန်ကောင်းသင့်၏
သင်၏မျိုးသား၊ စာစကားလည်း၊
ကြီးပွားတက်မြင့်၊ ကျွန်ကောင်းသင့်၏
သင်ဦးချွန်း အမှုဝေရာ
ဓေတ်သာနှင့်၊ သစ္စာအရောင်
ညာဏ်တန်ဆောင်လည်း၊ ပြောင်လျှက်ဝင်းလက် ကျွန်ဝေသတည်း။

ဆိုတဲ့ကဗျာလေးပေါ့။ ဘယ်လောက်လှပပြီး၊ အဓိပ္ပာယ်ပြည့်ဝတဲ့ ကဗျာလေးပဲ။ ဆရာတော်ရှိတာ အလွန်ရသမြောက်တဲ့ကဗျာပေါင်းများစွာ ကို ဖန်တီးခဲ့တဲ့ ကဗျာဆရာကြီးပါ။ ဒါပေမယ့် ကျွန်တော်အနှစ်သက်ဆုံး ကဗျာကို ပြပါဆိုရင်တော့ ဒီကဗျာလေးကိုပဲ ညွှန်ပြရမှာပါ''

## အခန်း (၁၄)

တစ်ခါတစ်ခါမှာ ဒီဒေါက်တာဝင်းတင်လတ်ပြောတာတွေကို အတော်စဉ်းစားပြီးမှ နားလည်ရတာတွေလည်းရှိသည်။

"အမိန့်ခေါင်းရှုပ်သွားပြီထင်တယ်။ အမိန့်အလွယ်ကူဆုံး သဘောပေါက်အောင်ပြောရရင် အစ်ကို ချင်းပြည်နယ်ကပြောင်းဖို့ စာတင်မလားလို့ စဉ်းစားနေတယ်"

ဒီတစ်ခါအံ့ဩရသူက ဆရာမလေးဒေါ်တာရာမိန့်ဖြစ်၏။

"အစ်ကို တကယ်ပြောတာနော်၊ အမိန့်ကို နောက်နေတာမဟုတ်ဘူးနော်"

"တကယ်ပြောတာပါအမိန့်။ ဒါကြောင့်လဲ အမိန့်နဲ့တိုင်ပင်ချင်တယ်လို့ ပြောတာပါ"

"ပထမတော့ အမိန့်လဲ အစ်ကိုပြောတာကိုအံ့ဩမိတယ်၊ တကယ်တော့လည်း ဘာမှအံ့ဩစရာမရှိပါဘူး။ အမိန့်တို့ပြည်နယ်တာ ဖွံ့ဖြိုးမှုနောက်ကျသေးတဲ့ ပြည်နယ်တစ်ခုပါ။ စားရေး၊ ဝတ်ရေး၊ နေရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု ဘာတစ်ခုမှမတိုးတက်သေးဘူး။ ပြည်နယ်အတွင်းမှာ လာရောက်တာဝန်ထမ်းဆောင်တဲ့ပြည်မက ဝန်ထမ်းတွေ၊ အခြားပြည်နယ်၊ တိုင်းတပါးတဲ့လူတွေကို စိတ်ချမ်းမြေ့အောင် ဆွဲဆောင်နိုင်တဲ့ လူမှုဘဝ၊ စီးပွားရေးဘဝမရှိဘူး။ ဒီတော့ ဝန်ထမ်းတွေ မပျော်နိုင်ကြဘူးပေါ့။ အစ်ကို့လို ယုံကြည်ချက်၊ ခံယူချက်မြင့်မားတဲ့ ဒုက္ခတောင် အချိန်တန်တော့ ပြည်နယ်ကိုစွန့်ခွာဖို့ကြိုးစားခဲ့တာပဲ။ ဒါဟာ

ဘာမှမဆန်းပါဘူး အစ်ကိုရယ်။ အဲဒီလို တာဝန်ထမ်းဆောင်တဲ့သူတွေထဲမှာ အစ်ကိုကတော့ အတူးခြားဆုံးပုဂ္ဂိုလ်ပါ။ ရောက်တဲ့အချိန်တစ်ပြိုင်နက်တက်ကြွကြွ၊ ပျော်ပျော်ပါးပါးနဲ့ ကျွန်မတို့ပြည်နယ်အကျိုးကို ဆောင်ရွက်ခဲ့တဲ့အစ်ကို့ကျေးဇူးကိုတော့ ပြည်နယ်ကိုယ်စား ကျွန်မက ကျေးဇူးတင်လျက်ပါ။ ပြည်နယ်က လူတွေကလည်း ကျေးဇူးတင်လျှက်ပါ ဆိုတာ အစ်ကိုယုံစေချင်ပါတယ်။ အခုလို အစ်ကိုခွဲခွာဖို့စဉ်းစားတာလဲ အစ်ကို့ကိုအပြစ်မတင်ပါဘူး။ ဘယ်သူကမှလည်း အပြစ်တင်ကြမှာ မဟုတ်ပါဘူး။ အားကိုးအားထားပြုရတဲ့ဆရာဝန်ကောင်းတစ်ယောက် ဆုံးရှုံးသွားတဲ့အတွက်တော့ သူတို့သိပ်ပြီးဝမ်းနည်းမှုကို ခံစားရမှာတစ်ခုပါပဲ"

ဆရာမလေးဒေါ်အားရိုမိန်းက သူမ၏ရင်ထဲမှခံစားချက်ကို ပြောပြနေသည်။ ဒေါက်တာဝင်းတင်လတ်က စိတ်ဝင်စားစွာနားထောင်နေ၏။

"မဟုတ်ဘူးအမိန်း။ အစ်ကိုပြောင်းဖို့စဉ်းစားတာက အမိန်းအတွက် အဓိကထားပြီးစဉ်းစားတာ"

ဆရာမလေးဒေါ်အားရိုမိန်း ခေါင်းရှုပ်သွားပြန်၏။

"အစ်ကိုဒီနေ့စကားပြောတာ အဆန်းတွေချည်းပဲ။ အမိန်း ဘယ်လိုနားလည်ရမှန်းမသိတော့ဘူး"

ဒေါက်တာဝင်းတင်လတ်က အေးဆေးစွာရှင်းပြ၏။

"အစ်ကိုတစ်ခုရှင်းရှင်းပြပါ့မယ်။ အစ်ကို ချင်းပြည်နယ်ကိုပြောင်းလာတာက ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ပါ။ လူကြီးတွေက တာဝန်ပေးတာကို ကိုယ်ငြင်းမယ်ဆိုရင်ငြင်းလို့ရပါတယ်။ ဒါပေမယ့် ကိုယ်မငြင်းခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ခံယူချက်နဲ့ယုံကြည်ချက်ကြောင့်ပဲ။ ချင်းပြည်နယ်ကို တာဝန်ပေးတော့ အစ်ကိုတက်ကြွစွာလက်ခံပြီး အမြန်ဆုံး ပြောင်းခဲ့တာပါ။ အစ်ကိုဒီမှာ တာဝန်ထမ်းဆောင်တဲ့ (၃) နှစ်ကာ

ကာလအတွင်းမှာ အစ်ကိုရဲ့လုပ်ဆောင်ချက်တွေကို အမိန်းသိပြီးသားမို့ မပြောတော့ပါဘူး"

"ချင်းပြည်ဟာ မဖွံ့ဖြိုးသေးပေမယ့် ပြည်နယ်သူ၊ ပြည်နယ်သားတွေဟာ ရိုးသားတယ်၊ ဖြူစင်တယ်၊ အေးချမ်းတယ်၊ စိတ်ရင်းစေတနာကောင်းတယ်၊ တိုင်းချစ်ပြည်ချစ်စိတ်လည်းရှိတယ်။ မျိုးချစ်စိတ်ထက်သန်တယ်။ ဒါတွေဟာ အလွန်ချစ်စရာကောင်းတဲ့ အရည်အချင်းတွေပါပဲ"

"ဒီအရည်အချင်းတွေကို မြင်တဲ့သူဟာ ကျန်တဲ့အခက်အခဲတွေအားလုံးကို ဘာမှမှုစရာမရှိပါဘူး။ အစ်ကိုလည်း ဒီလိုပါပဲ။ အစ်ကိုတို့နဲ့တစ်အူတုံဆင်း ညီရင်းအစ်ကိုတွေလိုချစ်တာပါပဲ။ ဖြစ်နိုင်ရင် ဒီပြည်နယ်မှာ အစ်ကိုတစ်သက်လုံးနေချင်ပါတယ်။ ဒီပြည်နယ်မှာ တစ်သက်လုံးနေပြီး ဒီပြည်နယ်အကျိုးကိုသည်ပိုးထမ်းဆောင်ချင်ပါတယ်"

"အခု အစ်ကိုအဓိကထားပြီးစဉ်းစားနေတာ အမိန်းအတွက်ပါ"

"တင် ... အမိန်းအတွက်ဟုတ်လား။ အမိန်းနားမလည်ဘူး အစ်ကိုရယ်"

"အစ်ကိုရှင်းပြမယ် အမိန်း။ အမိန်းနဲ့အစ်ကိုဟာ ဖြတ်သန်းခဲ့ရတဲ့ဘဝအနေအထားလည်းတူတယ်၊ ယုံကြည်ချက်နဲ့ခံယူချက်ချင်းလဲတူတယ်။ လက်တွေ့အားဖြင့်လည်း အမိန်းနဲ့အစ်ကိုတို့ရဲ့ ခံယူချက်နဲ့ယုံကြည်ချက်ကို လက်တွဲပြီး အကောင်အထည်ဖော်နေတယ်။ ခံယူချက်နဲ့ယုံကြည်ချက်အတွက် ပေးဆပ်ရတာ၊ စွန့်လွှတ်ရတာချင်းလဲ တူညီတယ်"

"အစ်ကိုဟာ အမိန်းနဲ့မသိခင်ကတည်းက အမိန်းအကြောင်းကို ကြားသိခဲ့ရတယ်။ အမိန်းနဲ့မသိခင်ကတည်းက အမိန်းကိုခင်မင်ပြီးသား။ လေးစားပြီးသားပါ။ တကယ်တမ်းတွေ့ကြ ဆုံကြတော့လည်း အစ်ကို့မှာ နှစ်ပေါင်းများစွာကွဲကွာနေတဲ့ ကိုယ့်ညီမအရင်းကလေးကို ပြန်တွေ့ရသလို ခံစားရပါတယ်"

''ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အမိန်းနဲ့တွဲပြီးလုပ်ရကာ အစ်ကိုမျော်မှန်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခံယူချက်တူ၊ ယုံကြည်ချက်တူသူချင်း၊ ယုံကြည်ချက်ကို လက်တွဲပြီးအကောင်အထည်ဖော်ရတာ မဟုတ်လား''

''ဒါပေမယ့် အခုအချိန်မှာတော့ ပတ်ဝန်းကျင်က အစ်ကိုတို့နှစ်ယောက်ကို ဝေဖန်ဝေပြီလာပြီ။ ဘယ်သူက ဘယ်လိုပဲဝေဖန်သည်ဖြစ်စေ၊ အစ်ကိုဂရုမစိုက်ပါဘူး။ ဒါပေမယ့် အမိန်းအတွက်တော့ အစ်ကိုဂရုမစိုက်လို့မဖြစ်ဘူး''

''ထိုကွင်းလိုဖြူစင်ပြီး သန့်စင်နေတဲ့ အမိန်းရဲ့စိတ်ထားနဲ့ ယုံကြည်ချက်ကို အစ်ကိုလေးစားတယ်။ ဒါကြောင့် အမိန်းနဲ့အစ်ကိုတို့အတွက် အကောင်းဆုံးနည်းလမ်းကို အစ်ကိုရွေးလိုက်တာပဲ''

ဆရာမလေးဒေါ်ဖားရှိမိန်းက ဒေါက်တာဝင်းတင်လတ်ကိုငေးကြည့်နေသည်။ သူမ၏မျက်နှာကလေးပေါ်မှ ဝမ်းနည်းမှုအရိပ်သဏ္ဍာန်များထင်ရှားစွာပေါ်နေသည်။

''အစ်ကိုအခုလိုပြောတော့ အမိန်း၊ အစ်ကို့ကိုလေးစားပါတယ်၊ အမိန်းလဲ အစ်ကို့ကို အစ်ကိုအရင်းတစ်ယောက်လိုချစ်တာပါပဲ၊ အစ်ကိုဟာ အမိန်းအပေါ်မှာ ညီမလေးတစ်ယောက်လိုချစ်တဲ့အတွက် အမိန်းဝမ်းသာပါတယ်''

''ဒါပေမယ့် အစ်ကိုရယ်၊ အစ်ကိုက အမိန်းထက် အသိပညာ အတတ်ပညာ၊ ဘဝအတွေ့အကြုံပိုပြီးစုံလင်ပါတယ်။ ဒါကြောင့် အစ်ကို့ကို ဘုန်းကြီးတွေချသဘောမျိုးပြောတယ်မထင်ပါနဲ့။ ဒီတစ်ခါတော့ အစ်ကို ဆုံးဖြတ်တာ မှားတယ်လို့အမိန်းယူဆတယ်''

"ဘာဖြစ်လို့လဲ သိလား။ အစ်ကို စဉ်းစားတာက ဒေါက်တာ
ဝင်းတင်လတ်နဲ့တာရာမိန်းဆိုတဲ့ လူသားနှစ်ယောက်ကိုဖယ်ပြီး စဉ်းစား
တာပဲ၊ တစ်နည်းအားဖြင့် ပြောရရင်တော့ ဒီလူသားနှစ်ယောက်ရဲ့အတ္တကို
ဖယ်ပြီး စဉ်းစားထားတဲ့အဖြေပဲ"

"ဒီလူသားနှစ်ယောက်ဟာ ရပ်ကွက်တစ်ခု၊ မြို့နယ်တစ်ခု၊ ပြည်နယ်
တစ်ခုနဲ့ယှဉ်ကြည့်ရင် ဘာမှအရေးကြီးတဲ့ အစိတ်အပိုင်းမှာမရှိပါဘူး။
အရေးကြီးတာက လူနည်းစုအကျိုးဖြစ်ထွန်းမှုထက် လူများစုအကျိုး
ဖြစ်ထွန်းမှုကို ရှေ့ရှုရမယ်လေ။ အတ္တနဲ့ပရယှဉ်လိုက်ရင် ပရကို ဦးစား
ပေးရမယ်မဟုတ်လား။ ဒါကြောင့် ...."

"တော်ပါတော့အမိန်းရယ်၊ အစ်ကိုသဘောပေါက်ပါပြီ၊ အမိန်း
ပြောမှပဲ အစ်ကိုရဲ့ကျဉ်းမြောင်းတဲ့အတ္တစိတ်ကို ပြန်မြင်မိတယ်၊ အစ်ကို
ပြောခဲ့တာကို ပြန်ရုပ်သိမ်းပါတယ် အမိန်းရယ်"

"ဒါဆိုရင် ပြောင်းရွှေ့တာမတင်ရတော့ဘူးနော်"

"မတင်တော့ပါဘူးအမိန်းရယ်၊ ဒါပေမယ့် အထက်က တာဝန်ပေး
လာရင်တော့ အစ်ကိုမတတ်နိုင်ဘူး"

"အမိန်းသဘောပေါက်ပါတယ်။ အစ်ကိုပြောင်းရင်လဲ အမိန်းတို့
ပြည်နယ်ထက် ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသတွေကိုပဲ ပြောင်းမယ်ဆိုတာ
အမိန်းယုံကြည်ပြီးသားပါ။ ဒါပေမယ့် အစ်ကို့သဘောနဲ့အစ်ကိုတော့
ပြောင်းရွှေ့ခွင့်မတင်ရဘူးနော်၊ အစ်ကို့ကို အမိန်းတစ်သက်လုံး စိတ်ဆိုး
နေမှာသိလား"

ဒေါက်တာဝင်းတင်လတ်က ပြုံးရွှင်စွာ ညိတ်၏၊ သရာမလေးက
လည်း ပြုံးနေသည်။ ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာတော့ သရာမလေး
တာရာမိန်း၏ အတွေးအခေါ်မြင့်မားမှုကို ချီးကျူးနေမိသည်။

# အခန်း (၁၅)

ထန်တာလန်မြို့နယ်အတွင်း လှည့်လည်ဆေးကုသရန်နှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲများပြုလုပ်ရန်အတွက် ဒေါက်တာဝင်းတင်လတ်နှင့် အဖွဲ့ နံနက် ၆ နာရီကပင် ဟားခါးမြို့မှထွက်ခဲ့ကြ၏။ အဖွဲ့ဝင်များသဖြင့် ဆေးရုံသုံးတီအီး (၂၁) ကားကြီးဖြင့် ထွက်ခွာခဲ့သည်။ ဟားခါးနှင့် ထန်တာလန်သည် မိုင်နှစ်ဆယ်ကျော်ဝေးသည်။ မြေပြန့်တွင် မိုင်နှစ်ဆယ် ခရီးဆိုသည်မှာ မည်သို့မျှမပြောပလောက်သော်လည်း တောင်ပေါ်လမ်း မိုင်နှစ်ဆယ်မှာ အခက်အခဲများစွာရှိပြီး အချိန်လည်းများစွာကုန်သည်။ လမ်းနှင့်တောင်ပြိုပြီး လမ်းပိတ်နေလျှင် များစွာကြန့်ကြာသည်။ မိုးရာသီ လည်းဖြစ်နေ၍ စောစောထွက်ခဲ့ကြခြင်းဖြစ်သည်။

အဖွဲ့ဝင် (၁၂) ဦးခန့်ပါဝင်သော သူတို့အဖွဲ့သည် နံနက်စောစောကပင် တောင်ဇလပ်စားသောက်ဆိုင်၌ လက်ဖက်ရည်နှင့် ဆာဘူသီများစားသောက် ခဲ့ပြီးဖြစ်၏။ လမ်းခရီး၌ စားသောက်ဆိုင်လုံးဝမရှိပေ။ သို့ဖြစ်၍ နံနက်စာ ကို ဗိုက်ပြည့်အောင်စားခဲ့ကြခြင်းဖြစ်၏။ နံနက် ၆ နာရီကထွက်ခဲ့ရာ နံနက် ၁၁ နာရီတွင်မှ ခရီးတစ်ဝက်ဖြစ်သော (၁၀) မိုင်စခန်းသို့ရောက်၏။ (၁၀) မိုင်စခန်းအရောက်တွင် ကားတစ်စီးပျက်သွားတော့၏။ မည်သို့မျှ ရှေ့ကို ဆက်ပြီးမောင်း၍မရတော့။ ယာဉ်မောင်းကလည်း တတ်နိုင်သမျှ အစွမ်း ကုန် ပြင်ဆင်ပါသည်။ သို့သော် အခြေအနေကထူးခြားမလာပေ။ အဖွဲ့ဝင် အချို့ထံမှ စိတ်ပျက်ညည်းညူသောအသံများထွက်လာ၏။ ဒေါက်တာ ဝင်းတင်လတ်ကတော့မပူပေ။ ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်

သုံးနှစ်ကျော်ကာလအတွင်း ဤသို့သောအတွေ့အကြုံမျိုးတွေ များစွာရှိခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သည့်လအတွင်း သူရန်ကုန်ဆင်းစဉ်က အတွေ့အကြုံကို ပြန်လည်သတိရသည်။ ထိုစဉ်က ဒေါက်တာဝင်းတင်လတ်နှင့် ပြည်နယ်ဆေးရုံမှ အမျိုးသမီးဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးတို့နှင့်အတူ ဂျစ်ကားဖြင့် ဆင်းလာစဉ် ဖလမ်းမြို့အလွန် မဏိပူရမြစ်ကူးတံတားမှ တောင်ပေါ်သို့အတက် (၃) မိုင်ခန့်အရောက်တွင် ဂျစ်ကားကမောင်း၍မရတော့၊ ကားကိုစစ်ဆေးတော့ လေးကျိုးသွားကြောင်းတွေ့ရသည်။ ယာဉ်မောင်းက အတွေ့အကြုံရှိသူဖြစ်ပြီး ဖြတ်ထိုးဉာဏ်လည်းကောင်းသူဖြစ်သည်။ လေးထုပ်မှာ လေးသံတစ်ချောင်းကျိုးနေသည်။ လမ်းတစ်လျှောက်၌ ကားဖျှည်းဆိုင်မဆိုထားနှင့် လူအသွားအလာပင်မရှိ။ ယာဉ်မောင်းကလေးက သူ့ကားတွင်အသင့်ပါလာသောဓားဖြင့် အနီးရှိထင်းရှူးပင်တစ်ပင်ကို ခုတ်သည်။ ထို့နောက် ထင်းရှူးပြားကို ကားလေးသံအရွယ်နှင့် တူအောင်ဖြတ်ပြီး ညီအောင်ညှိသည်။ ထို့နောက် အပေါက်ဖောက်၍ လေးသံများကိုပြန်စည်းသည်။ ထင်းရှူးသားသည် အဆီရှိသဖြင့် ပျော့ပျောင်းပြီး ကွေးနိုင်ညွှတ်နိုင်သောဂုဏ်သတ္တိရှိသည်။

ယာဉ်မောင်းကလေးက "စိတ်မပူပါနဲ့ဆရာ၊ ကလေးမြို့ကိုတော့ အေးအေးဆေးဆေးရောက်ပါတယ်" ဟုပြောသော်လည်း စိတ်ထဲမှာတော့ မအေးနိုင်၊ ထိုသို့မဟုတ်လျှင်လည်း လမ်း၌ညအိပ်ရုံသာရှိတော့သည်။ သို့ဖြစ်လျှင် ကားပျက်စဉ်က ငိုမဲ့မဲ့ဖြစ်နေသောဆရာဝန်မလေးနှင့် သူနာပြုဆရာမတို့သည် ချွန်းချွဲချွဲငိုလေမလားပင်မသိ၊ သည်လိုနှင့်ပင် ကလေးမြို့သို့ ရောက်ခဲ့ရဖူးသည်။

ယခုလည်း ကားပျက်သော်လည်း၊ ဒေါက်တာဝင်းတင်လတ် စိတ်မပျက်ပေ။ ဟားခါးသို့လှည့်ပြန်လျှင်လည်း ၁၀ မိုင် လမ်းလျှောက်ရမည်၊ ရှေ့သို့ဆက်ပြီး ထန်တလန်သို့သွားလျှင်လည်း ၁၀ မိုင် လမ်းလျှောက်ရမည်။ သည်တော့ ဒေါက်တာဝင်းတင်လတ်က ရှေ့သို့ပြန်ဆက်ရန်သာ ဆုံးဖြတ်လိုက်သည်။ သူ့တပည့်တွေ၊ အဖွဲ့သားတွေကိုလည်း အားပေးသည်။

ဒေါက်တာဝင်းတင်လတ်က သူ၏ချင်းပြည်နယ်အတွေ့အကြုံအရ ကားပေါ်တွင် ဆန်နှင့်ငါးသေတ္တာဘူးများ၊ အသင့်သယ်ဆောင်လာသည်။ သူ့တပည့် အမျိုးသားတွေက စမ်းချောင်းထဲဆင်းပြီးရေခပ်သည်၊ အမျိုးသမီး အဖွဲ့က. ထင်းရှူးပင်ကိုင်းခြောက်တွေရှာပြီး မီးဖိုသည်၊ တစ်နာရီနှင့် အကြာမှာ ချက်ပြုတ်ပြီးစီး၍ တပျော်တပါးစားကြသည်၊ ပျော်ပွဲစား ထွက်လျှင်ပင် ယခုလောက်ပျော်စရာကောင်းမည်မထင်ပေ။ ဆာလောင် လောင်နှင့်မို့ စား၍မြိန်လှသည်။ တပျော်တပါးအားပါးတရ စားသောက် ကြပြီးနောက် ၁၀ မိုင်ခရီးကို ခြေလျင်ဆက်ခဲ့ကြသည်။

တောင်ကိုပတ်လိုက်၊ ချောင်းကိုဖြတ်လိုက်၊ မြက်တောထဲတိုးလိုက် နှင့် ည (၈) နာရီကျော်မှ ထန်တလန်ကိုရောက်ကြ၏။ ဒေါက်တာ ဝင်းတင်လတ်တို့အဖွဲ့ရောက်တော့ ကြိုဆိုမည့်သူပင်မရှိ၊ မလာဖြစ်တော့ ဘူးထင်၍ အိမ်ပြန်အိပ်သူကပင် အိပ်နေကြပေပြီ။ ညစာကို ကမန်းကတန်း စားပြီး အိပ်ရာဝင်ရ၏။

▲ ▲ ▲ ▲ ▲

ထန်တလန်မှာ သုံးရက်နေ၍ ဆေးကုသခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောပွဲများကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။ အလေ့ကြိုက်ကြ

(၇) ဦးကို ထန်တလန်မြို့နယ်ဆေးရုံမှာပင် အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

နောက်ဆုံးညမှာတော့ ထန်တလန်မြို့နယ်ရှိ တာဝန်ရှိလူကြီးများက ဂုဏ်ပြုနှုတ်ဆက်ပွဲပြုလုပ်ပေးပါသည်။ ထုံးစံအတိုင်းပင် ခေါင်ရည်ပွဲနှင့် ကပွဲနှင့်ဖြစ်ပေသည်။ ဟင်းလျာကတော့ ဝက်သားဟင်းဖြစ်၏။ ဝက်ကို ခုတ်ထစ်ပြီး ဝက်သားများကို မိုးမြွေဒယ်အိုးကြီးနှင့်ချက်သည်။ ဟင်းကျက်မီ ခေါင်ရည်သောက်ရင်း တမျော်တပါးဝိုင်းပတ်ကခုန်ကြသည်။ ဝက်သားဟင်းကျက်သောအခါ ခေါင်ရည်နှင့်မြည်းကြပြီးနောက် ထမင်းစားကြပါသည်။

ယခုတော့ ဒေါက်တာဝင်းတင်လတ် ခေါင်ရည်အတော်သောက်နိုင်ပေပြီ။ ချင်းရိုးရာအကကိုလည်း ကတတ်ပြီဖြစ်၏။ ခေါင်ရည်သောက်လိုက်၊ ကလိုက်သောက်လိုက်၊ ကလိုက်ခုန်လိုက်ဖြင့် ပင်ပန်းခဲ့သမျှ အမောပြေရတော့သည်။

ထန်တလန်မှအပြန်ခရီးကတော့ အလာခရီးနှင့် တခြားစီဖြစ်၏။ ထန်တလန်သို့လာစဉ် ၁၀ မိုင်စခန်းတွင် ပျက်ခဲ့သောကားမှာ ပြင်ဆင်၍ မပြီးသေး။ သို့ဖြစ်၍ မြို့နယ်တာဝန်ရှိသူများက မြင်းများစီစဉ်ပေးသည်။ ဒေါက်တာဝင်းတင်လတ်တို့ ပြန်လည်ထွက်ခွာမည့်နေ့နံနက်တွင် မြို့နယ်တာဝန်ရှိသူများက နံနက်စာဖြင့်ကျွေးမွေးဧည့်ခံသည်။ လမ်းတွင် စားသောက်နိုင်ရန်အတွက်လည်း စားသောက်ဖွယ်ရာများအဆင်သင့်စီစဉ်ပေးလိုက်ကြသေးသည်။ နံနက်စာ စားသောက်ပြီးသောအခါ ဒေါက်တာဝင်းတင်လတ်က မြို့နယ်မှတာဝန်ရှိသူများကို နှုတ်ဆက်စကားပြောကြား၍၊ မြို့နယ်မှတာဝန်ရှိသူများကလည်း ဒေါက်တာဝင်းတင်လတ်

ကို ကျေးဇူးတင်စကားပြောကြားကြသည်။ ကျေးဇူးတင်စကားပြောကြား ပြီးသောအခါ ထွက်ခွာရန်ပြင်ဆင်ကြ၏။

မြို့နယ်တာဝန်ရှိ လူကြီးများက ဒေါက်တာဝင်းတင်လတ်ကို မြင်းပေါ် တင်ပေးကြသည်။ ကျန်အဖွဲ့ဝင်များကိုလည်း မြင်းပေါ်အသီးသီးတင်ပေး ကြသည်။ အသင့်ဖြစ်သောအခါ စတင်ထွက်ခွာကြ၏။

ထွက်ခွာသည်ဆိုသော်လည်း မြင်းများကိုလွှတ်မပေးသေး။ ဒေါက်တာ ဝင်းတင်လတ်၏ မြင်းဇက်ကြိုးကို မြို့နယ်တာဝန်ရှိလူကြီးနှစ်ဦးက တစ်ဖက်တစ်ချက်စီထိန်းပြီး လမ်းလျှောက်လိုက်လာကြသည်။ ကျန် အဖွဲ့ဝင်များ၏မြင်းများမှာလည်း အထိန်းကိုယ်စီနှင့်။ မြင်းတန်းကြီးက မြို့အလယ်ခေါင်မှဖြတ်၍လာသည်။ မြို့သူမြို့သားများက ထွက်ကြည့်နေ ကြသည်။ ငယ်ငယ်တုန်းက တောမှာမြင်းတန်းကြီးနှင့် မောင်ရင်လောင်း လှည့်တာကိုသတိရပြီး ဒေါက်တာဝင်းတင်လတ်တစ်ယောက်တည်း ပြုံးမိ သည်။ မြို့အထွက်လမ်းဆုံရောက်တော့မှ မြို့နယ်တာဝန်ရှိသူများနှင့် ပို့ဆောင်သူများနေရစ်ခဲ့ကြ၏။ မမေ့နိုင်သော အတွေ့အကြုံတစ်ရပ်ပါပေ။

## အခန်း (၁၆)

ညနေပိုင်းရောက်မှ အရေးပေါ်ခွဲစိတ်ရမည့် လူနာတစ်ဦးရောက်လာ၍ ခွဲစိတ်ကုသပေးနေရသဖြင့် ဒေါက်တာဝင်းတင်လတ်အိမ်အပြန်နောက်ကျသည်။ သူဆေးရုံကထွက်တော့ မှောင်ရီပျိုးစပင်ပြုနေပေပြီ။ ဒေါက်တာဝင်းတင်လတ်သည် ဆေးရုံရှေ့လမ်းက တစ်ယောက်တည်းလမ်းလျှောက်လာခဲ့သည်။ ထိုစဉ် ရှေ့မလှမ်းမကမ်းတွင် အရာရှိဝတ်စုံနှင့် တပ်မတော်သားတစ်ယောက်ကို တွေ့ရသည်။ သူ့စိတ်ထဲမှာ တွေ့ဖူးသလိုလို မတွေ့ဖူးသလိုလိုနှင့် ဇဝေဇဝါဖြစ်နေသည်။ အရာရှိက သူ့ရှေ့သို့ရောက်လာသော်လည်း သူစဉ်းစား၍မရသေး။ ဘေးချင်းယှဉ်ရပ်တော့မှ "ဟော့ကောင် ဝင်းတင်ကြီး။ မင်း ငါ့ကိုမခေါ်ဘူး" ဆိုတော့မှ သူကြည့်ဖြစ်သည်။ သေသေချာချာ ကြည့်တော့မှ သူငယ်ချင်းဇော်အောင်ဖြစ်နေသည်ကို တွေ့ရသည်။ သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရပြေးဖက်လိုက်ကြသည်။

"မင်းတော်တော်ဆိုးတဲ့ကောင်၊ ငါ့ကိုမသိချင်ယောင်ဆောင်နေတယ်"

ဒေါက်တာဝင်းတင်လတ်က အားပါးတရ ရယ်မောပြီး ....

"မင်းက အရမ်းပြောင်းလဲသွားတယ်ကွ၊ အသားညိုပြီး လူက ထောင်ထောင်မောင်းမောင်းဖြစ်လာတယ်၊ ဘာပဲဖြစ်ဖြစ် ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ။ မင်းအခုဘယ်ကိုလာသလဲ၊ ဒီမှာ တာဝန်ကျသလား။ ငါ့အိမ်မှာ တည်းပါလား"

ဒေါက်တာဝင်းတင်လတ်က တရင်းတနှီးဖိတ်ခေါ်လိုက်သည်။ မင်္ဂလာဒုံ အ-ထ-က မှာကတည်းက အချစ်ဆုံးသူငယ်ချင်းများဖြစ်ပြီး မတွေ့ရတာ

(၁၀) နှစ်ကျော်ပြီ။ ဇော်အောင်က ဆယ်တန်းစာမေးပွဲကို (ခ) အဆင့်မှ အောင်မြင်ပြီး မိသားစုများသဖြင့် ကျောင်းဆက်မတက်တော့ဘဲ အလုပ်သင်ဗိုလ်သင်တန်းဝင်ခြင်းခဲ့သူဖြစ်သည်။ ယခုတော့ ဗိုလ်ကြီးအဆင့်ပင် ရောက်နေပြီ။

"ငါ့အမျိုးသမီးဆီလာတာကွ၊ တာဝန်ကတော့ လောလောဆယ် အရှေ့ပိုင်းတိုင်းမှာကွ။ နောက်မှ အနောက်မြောက်တိုင်းကိုပြောင်းယူမယ်၊ ငါ့အမျိုးသမီးက မင်းဆေးရုံက ဒေါက်တာယုယုလှိုင်လေကွာ"

"မင်းအတော်ဆိုးတဲ့ကောင်၊ ငါ့ကိုမပြောဘူး။ ဒေါ်ယုယုလှိုင်ကလည်း ငါ့ကိုမပြောဘူး"

"ငါ့အမျိုးသမီးက မင်းအကြောင်း ခဏခဏပြောတယ်။ သူပြောလို့ မင်းဒီမှာဆိုတာ ငါသိရတာ။ ငါကမပြောနဲ့ဦးဆိုလို့ သူကမပြောဘဲနေတာကွ။ မပြောဖို့တားထားတယ်။ ဘာဖြစ်လို့လဲသိလား။ မင်းအံ့သြသွားအောင်လို့"

မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းနှစ်ယောက် အားပါးတရ စကားပြောနေ၍ လမ်းပေါ်မှာအတော်ကြာသွားသည်။

"အေး ဝမ်းသာတယ်ကွာ၊ ဒီလိုလုပ်ရအောင် ငါအမျိုးသမီးဆီသွားပြီး သတင်းပို့လိုက်ဦးမယ်။ ပြီးတော့ မင်းအိမ်ကို ငါလာခဲ့မယ်၊ မင်းအိမ်က ဘယ်နားမှာလဲ။ ပြောစရာတွေအများကြီးရှိတယ်။ မနိုင်နဲ့လည်း ငါတွေ့ခဲ့တယ်၊ သူရန်ကုန်ပြန်ရောက်နေတယ်"

"ဟုတ်လား"

ဒေါက်တာဝင်းတင်လတ် အံ့သြသွားသည်။ သူသိထားသည်က ထားထားခိုင် မြန်မာပြည်မှ ယူနိုက်တက်ကင်းဒမ်းသို့ထွက်သွားခဲ့တာ ငါးနှစ်ကျော်ပြီ။

"အုံ့ညြိုမနေနဲ့ မင်းကိုပြောစရာတွေအများကြီးပဲ၊ ညကျရင် မင်းအိမ်ကို ငါလာခဲ့မယ်"

"ငါ့အိမ်က တိုးတောင်ပေါ်မှာ အဝေးကြီးလျှောက်ရဦးမှာ၊ မနက်ဖြန် ညကျရင် ငါ့အိမ်မှာ ထမင်းစား၊ ငါစီစဉ်ထားမယ်။ ဒီညတော့ မလာပါနဲ့တော့ကွာ။ တော်ကြာနေ မင်းအမျိုးသမီးမယုက ငါ့ကိုအလိုက်မသိဘူးလို့ အပြစ်တင်နေလိမ့်မယ်။ နို့က စကားပြောရင် အရင်ကတည်းက မိုးလင်းအောင် ပြောတဲ့ကောင်တွေ။ မတွေ့ရတာကြာပြီဆိုတော့ ပြောလို့ဝမှာမဟုတ်ဘူး"

"ကောင်းပြီးသူငယ်ချင်း၊ မနက်ဖြန်ညမှဆုံမယ်။ မင်းအတွက် လက်ဆောင်တွေလည်း မနက်မှယူတော့ကွာ၊ သွားပြီတော့"

ဇော်အောင်က ပြောပြောဆိုဆို နှုတ်ဆက်၍ထွက်သွားသည်။ ဇော်အောင်နဲ့ တွေ့ရတာဝမ်းသာသည်။ ရန်ကုန်မှာ ခိုင်နှင့်တွေ့ခဲ့သည်ဆိုတော့ အုံ့ညြိုရပြန်သည်။

ခိုင် (သို့မဟုတ်) ဒေါက်တာထားထားခိုင်။ ဒေါက်တာဝင်းတင်လတ်ဘဝမှာ အသက်နှင့်ထပ်တူချစ်ရသူ။ အသည်းနှင့်ထပ်တူ မြတ်နိုးရသူ။

နိုင်ငံခြားသို့အပြီးအပိုင်ထွက်ခွာသွားခဲ့သည်မှာ ငါးနှစ်ပင်ကျော်ခဲ့ပြီ။ နိုင်ငံခြားသို့ထွက်သွားပြီးမှ မည်သည့်အကြောင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပါသလဲ။ အမိနိုင်ငံကို ချစ်သောစိတ်ဖြင့် အပြီးတိုင်ပြန်လာလေသလော။

ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာ အုံ့ညြိုခြင်းနှင့်အတူ မံဝေခွဲနိုင်သောအတွေးများစိုးမိုးနေသည်။

## အခန်း (၁၇)

ဒေါက်တာဝင်းတင်လတ်သည် ဒေါက်တာမြင့်သောင်းထံမှ ဆေးကုသမှုနှင့်ပတ်သက်သော စာအုပ်ကောင်းတစ်အုပ်ရထားသဖြင့် ဒီညမှာ အေးအေးဆေးဆေးဖတ်မည်စိတ်ကူး၏။ အိမ်ပြန်ရောက်လျှင် ရေချိုးသန့်စင်မည်။ ညစာစားမည်။ ပြီးတော့ ဘုရားရှိခိုးမည်။ ဘုရားရှိခိုးပြီးတော့ အေးအေးလူလူ စာဖတ်ရင်းအနားယူမည်ဟု စိတ်ကူးထား၏။ မနက်ဖြန်မှာလည်း တနင်္ဂနွေနေ့ဖြစ်၍ နားရက်ရသည်ဖြစ်ရာ ဒီည အတော်ညဉ့်နက်သည်အထိ စာဖတ်မည်ဆိုလျှင်လည်း ဖတ်နိုင်သည်။ သို့ဖြစ်၍ ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာ ကြည်နူးပျော်ရွှင်နေ၏။

ဤသည်မှာ ဒေါက်တာ ဝင်းတင်လတ်၏ နေ့စဉ် ပုံမှန်လှုပ်ရှားနေရသော ဘဝဖြစ်သည်။ ဒေါက်တာ ဝင်းတင်လတ်ကလည်း ဒီဘဝကိုပင် ပျော်ရွှင်ကျေနပ်ပါသည်။

သူ၏ နေ့စဉ်ဘဝမှာ ပထမလုပ်ငန်းက နံနက် (၄) နာရီမှာ အိပ်ရာထ၊ ကိုယ်လက်သန့်စင်၊ ဘုရားရှိခိုး ပြီးတော့ တရားထိုင်သည်။

နံနက် (၆) နာရီမထိုးမချင်း တရားထိုင်သည်။ ပြီးတော့ ကော်ဖီနှင့် မုန့်အနည်းအငယ်စားပြီး လမ်းလျှောက်ထွက်သည်။ (၈) နာရီလောက်မှာ အိမ်ပြန်ရောက်ပြီးရေချိုးပြီး နံနက်စာစားသည်။ ပြီးတော့ ဆေးရုံကိုသွား။ တစ်နေ့လုံး လူနာများ၊ ဝန်ထမ်းများနှင့် အချိန်ပြည့်နေသည်။ ကျန်းမာရေးပညာပေးရေးကိစ္စများ၊ မြို့နယ်များသို့ ဆေးခွဲတမ်း မှန်မှန်ပို့နိုင်ရေးကိစ္စများ၊ ရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများ၊ ဘဏ္ဍာရေးကိစ္စများနှင့် မအားလပ်အောင်ရှိနေသည်။ ညနေဆေးရုံမှပြန်

တော့ ဒေါက်တာ ကျော်သူတို့၊ ဒေါက်တာ မြင့်သောင်းတို့၊ ဒေါက်တာ အတွန်းတို့နှင့် ဖေါက်သီးကစား၊ ညပိုင်းမှာတော့ အမြင်သို့ လုံးဝ မထွက်တော့၊ ဘုရားရှိခိုး၊ တရားထိုင်ပြီးတော့ စာဖတ်သည်။ စာရေးသည်။ ည (၁၀) နာရီဆိုလျှင် ဒေါက်တာဝင်းတင်လသာ်အိပ်ပြီ။ သူသည် ငယ်စဉ်ကတည်းကစောစောအိပ်ရာဝင်သည့်အကျင့်ရှိခဲ့၏။ ဖြစ်နိုင်လျှင် ည (၁၀) နာရီမကျော်မီ အိပ်ရာဝင်နိုင်ရန် သူ အမြဲကြိုးစားသည်။ အလွန်တရာ မလွဲရှောင်မှသာ အရေးတကြီးလုပ်နာကုသရန် ကိစ္စရှိမှသာ အပျက်ခံ၏။ မနက်ဖြန်မှာ ရုံးပိတ်ရက်ဖြစ်၍ သည်ညတော့ ဒေါက်တာမြင့်သောင်းထံမှာ စာအုပ်ကို အေးအေးဆေးဆေးဖတ်ပြီး အနားယူမည် စိတ်ကူး၏။

သို့ရာတွင် ငယ်သူငယ်ချင်း ဗိုလ်ကြီးဇော်အောင်နှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကြည်လင်နေသော သူ့စိတ်အစဉ်သည် အေးမြသော ဟားခါးသောင်းကဲ့သို့ မြူတွေဆိုင်း၍ မှုန်မှိုင်းလာသည်။ ဘုရားရှိခိုးပြီး၍ စာဖတ်ရန် စိတ်ကူးသော်လည်း စာမျက်နှာပေါ်တွင် စာလုံးများကို ထင်ရှားစွာ သူမမြင်နိုင်။ ဟားခါး၏ အေးမြသော ရာသီနှင့်အတူ တည်ငြိမ်အေးချမ်းလျက်ရှိသော သူ့စိတ်အစဉ်သည် ဗိုလ်ကြီးဇော်အောင်နှင့် တွေ့သည့်အချိန်မှစ၍ ငြိမ်သက်သော ကန်ရေပြင်ပေါ်သို့ ခဲလုံးကလေးများ ပစ်ချလိုက်သကဲ့သို့ လှိုင်းကလေးများထပြီး မတည်မငြိမ်ဖြစ်လာရသည်။ စာမျက်နှာကို ဖွင့်လိုက်တိုင်း သောကပင်လယ်ဝေခဲ့ရသော ငယ်ဘဝများ လူအရွယ်နှင့်မျှအောင် ရုန်းကန်လှော်ခတ်ခဲ့ရသည့် ဘဝရေဆန်ခရီး ခိုင်မာအောင် သိခဲ့ကြသော ကြည်နူးဖွယ် တက္ကသိုလ်နေ့ရက်များ၊ ယုံကြည်ချက်အတွက် တိုက်ပွဲဝင်ခဲ့ရသည်များ၊ စွန့်လွှတ်လိုက်ရသည့် အတွက် ရင်ထဲကခံစားချက်များ၊ တမြည့်မြည့် ခံစားလျက်ရှိသော ရင်ထဲက ဝေဒနာများသည် မမေ့နိုင်သေးသော အတိတ်ပန်းချီကားများသည် တစ်ချပ်ပြီးတစ်ချပ် ပြန်လည်ပေါ်လွင်လာရတော့သည်။

## အခန်း (၁၈)

ဒေါက်တာဝင်းတင်လတ်သည် သူ့ခြံကလေးတွင် စိုက်ပျိုးထားသော နှင်းဆီပန်းခင်းကို ရေလောင်းပြီးနောက် သစ်ရိပ်မှာထိုင်၍ အမောဖြေရင်း သူ့ဘဝရှေ့ခရီးကို တွေးတောနေမိ၏။ ဒီနှစ်ဆယ်တန်းစာမေးပွဲကို အမှတ်ကောင်းကောင်းနှင့်အောင်မြင်အောင် ကြိုးစားရမည်။ ယခင်နှစ်တွေကတော့ စာမေးပွဲတိုင်းကို အမှတ်ကောင်းနှင့်လွယ်လွယ်ကူကူအောင်မြင်ခဲ့သည်။ သည်နှစ်က အစိုးရစစ်စာမေးပွဲ။ ပြီးတော့ ဘဝကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲ။ အမှတ်မကောင်းလျှင် သူရည်မှန်းထားသော ဆေးတက္ကသိုလ်သို့ တက်နိုင်တော့မည်မဟုတ်။ သူအလွန်ဖြစ်ချင်သော ဆရာဝန်မဖြစ်နိုင်တော့။ ဘဝရည်မှန်းချက်လည်း လမ်းကြောင်းလွဲချော်သွားနိုင်သည်။

အောင်မြင်လျှင်တော့။ ဆေးတက္ကသိုလ်တွင် ပညာသင်ကြားရမည့် ကုန်ကျစရိတ်ကို သူတတ်နိုင်ပါ့မလား။ သည်ပန်းခင်းကလေးက သူတို့သားအမိအဖို့စားလောက်ရုံနှင့် ပညာသင်စရိတ်လောက်ရုံသာရှိသည်။ ဒါတောင်မှ အမေကိုယ်တိုင် ဈေးမှာသွားပြီး ရောင်းနေရသဖြင့် သည်မျှငွေရခြင်းဖြစ်သည်။ ပေါက်သည်ပေးလျှင် ဤမျှလောက်ဝင်ငွေ ရနိုင်မည်မဟုတ်။ ပြီးတော့ အမေ့ကျန်းမာရေးကလည်း ယခင်နှစ်များလိုမဟုတ်။ အသက်ကလည်း ကြီးလာပြီဖြစ်၍ အနည်းငယ် ချူချာလာသည်။ သည်အတွက်ကလည်း စိတ်ပူရသေးသည်။

နောက်ဆုံးတော့ အဓိကကျသောအချက်ကို အလျှင်အကောင်အထည်ဖော်ရမည်။ ဆယ်တန်းစာမေးပွဲကို အမှတ်ကောင်းကောင်းနှင့် အောင်ဖို့ကိုသာ ဆုတောင်းနေရသည်။ အမှတ်မကောင်းလျှင်တော့ မိမိအလွန်ဖြစ်ချင်သော ဆရာဝန်ဘဝကို ရောက်နိုင်တော့မည်မဟုတ်။ အမှတ်ကောင်းကောင်းရပြီးမှသာ ဝင်ငွေကောင်းကောင်းရနိုင်သော အခြားအလုပ်တစ်ခုကို ရှာဖွေရမည်။

လောလောဆယ် နွေရာသီကျောင်းပိတ်ရက်တွင် သူငယ်ချင်းမောင်မောင်နှင့်အတူ စပယ်ရောင်းကြဖို့လည်း စီစဉ်ထားသေးသည်။ ဒါမှ ကျောင်းပြန်ဖွင့်လျှင် တက္ကသိုလ်စရိတ် အသင့်စုဆောင်းထားနိုင်မည် ဖြစ်သည်။

ဝင်းတင်လတ်သည် သူ့ဘဝရှေ့ရေးကို တွေးရင်းရင်မော နေမိသည်။ သည်တောင်ကိုကျော်ရန်အတွက် အားမာန်ခဲရပေဦးမည်။

“ဟေ့ ဝင်းတင်လတ် တယောက်တည်း ဘာတွေတွေးနေတာလဲ။ ဒို့နှစ်ယောက်လာတာတောင် နင်မမြင်ဘူး”

သူ့ဘေးဆီမှာ ရောက်လာသော ထားထားခိုင်နှင့် ကျောင်းသူတစ်ဦးကို တွေ့လိုက်ရတော့ ဝင်းတင်လတ် အံ့ဩသွားခဲ့ရသည်။

“ပန်းတွေရေလောင်းပြီး ခဏနားနေတာပါဟာ၊ ဒို့မှာ ဘာမှတွေးစရာမရှိပါဘူး။ လာကြလေ။ အိမ်ပေါ်သွားရအောင်။ အိမ်ပေါ်မှာ ဒို့အမေရှိတယ်။ အဲ့ နင်တို့ ဘယ်ကလှည့်လာကြသလဲ”

“နင့်ဆီကိုပဲ တမင်လာတာဟ၊ မနက်ဖြန်ဒို့မွေးနေ့လေ။ သူငယ်ချင်းတွေကို လိုက်ဖိတ်တာ။ ရော့ဒီမှာဖိတ်စာ နင်ဆက်ဆက်လာရမယ်နော်”

ဝင်းတင်လတ် ငိုင်သွား၏။ ထားထားခိုင်ကိုတော့ သူခင်ပါသည်။ ထားထားခိုင်လည်း သူ့လိုပင် အတန်းထဲမှာ စာတော်သူဖြစ်၍ တစ်ဦးကို တစ်ဦးလေးစားပြီး ခင်မင်မိခြင်းဖြစ်၏။

ထားထားနိုင်တို့ အသိုင်းအဝန်းနှင့်တော့ အဆက်အစပ်လည်းမရှိပေ၊ အနေအထားချင်းကလည်း တခြားစီဖြစ်၏။

ထားထားနိုင်သည် ထိုခေတ်က ရှားရှားပါးပါး ကျောင်းကို ကားနှင့်လာနိုင်သူဖြစ်၏။ လိပ်ခုံးဘောက်စ်ဝက်ဂွန်အဖြူလေးမှာ ထားထားနိုင်၏အမှတ်အသားဖြစ်သည်။ သူ့ဖခင်က နိုင်ငံခြားက သံရုံးတစ်ရုံးမှာ တာဝန်ထမ်းဆောင်နေ၏။ မိခင်ဘက်က ချမ်းသာသည်။ တစ်ဦးတည်းသော သမီးဖြစ်၍ လိုလေသေးမရှိထားနိုင်၏။ ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်အားလုံး ခေတ်မီမီသုံးနိုင်သည်။ ကျောင်းစိမ်းလုံချည်နှင့် အင်္ကျီဖြူသည်ပင်လျှင် ထားထားနိုင်ဝတ်သော အဆင်အသွေးနှင့် အခြားသူများဝတ်သော အဆင်အသွေးနှင့် ဘာမျှမဆိုင် နိုင်ငံခြားဖြစ်တွေကို ကျော့ကျော့မော့မော့နှင့် လှလှပပဝတ်စား၍ အထက်တန်းကျကျ နေနိုင်သော ထားထားနိုင်ကို ကျောင်းစာနှင့်ပတ်သက်၍သာ သူခင်မင်သည်။

စာတော်သူချင်းချင်းလည်းဖြစ် စာသင်ခန်းလည်း တစ်တန်းတည်းတက်ရသူဖြစ်၍ ခင်မင်သော်လည်း ပြင်ပမှာတော့ ထားထားနိုင်နှင့် ဆက်ဆံရမှာပင် သူ့အဖို့ မဝံ့မရဲဖြစ်နေတတ်၏။ သူ့အသိုက်အဝန်းနဲ့ ဆက်ဆံရမှာတော့ တွေးပင်မတွေးရဲ။ သူတို့က ကားကိုယ်စီနှင့် တောက်ပြောင်သစ်လွင်သော ခေတ်မီအဝတ်အစားတွေနှင့် အဆင့်အတန်းမြင့်မြင့် နေကြသူများ ကော်လံကတုံးအဖြူနှင့် တိုက်ပုံသာ ဝတ်လေ့ရှိသော သူ့အသွင်အပြင်နှင့် သူတို့ အသိုက်အဝန်းထဲမှာ ဟင်္သာအလယ်ရောက်နေသည့် ကျီးငှက်ငယ်လို ဖြစ်နေမှာ သေချာသည်။

ပြီးတော့ ထိုက်တန်သော မွေးနေ့လက်ဆောင်။ သူဘာတွေပေးရမလဲ ဘယ်လိုငွေနှင့်ဝယ်မလဲ။ ထားထားနိုင်ကိုယ်တိုင် လာဖိတ်၍ ကျေးဇူးတင်သော်လည်း သူ့ရင်မှာ မောနေမိသည်။

"နင့်မွေးနေ့ပွဲဖိတ်စာကို နင်ကိုယ်တိုင်လာပေးတာ သိပ်ကျေးဇူးတင်ပါတယ် မနိုင်ရာ။ သိပ်လဲဝမ်းသာပါတယ်။ ငါ့ကိုခွင့်လွှတ်ပါတော့ နင့်မွေးနေ့ကို ငါမလာပါရစေနဲ့။ နင့်ကိုခင်ပေမယ့် နင်တို့အသိုင်းအဝိုင်းထဲကို ငါမဝင်ရဲဘူး။ ငါ့ကြောင့်လည်း နင်မျက်နှာမငယ်စေချင်ဘူး။ ငါ့ရင်ထဲမှာလဲ ဟင်္သာအလယ်ကို ရောက်နေတဲ့ ကျီးငှက်ငယ်လို ဖြစ်နေမှာပါတော့။ ဒါကြောင့် ငါ့ကို ခွင့်လွှတ်ပါ"

"ဝင်းတင်လတ်ကလည်းတော့ နင်လာစေချင်လို့ တကူးတကနဲ့ လာဖိတ်တဲ့ ဥစ္စာ နင်လာသင့်တာပေါ့"

ထားထားနိုင်၏ အဖော်မိန်းကလေးက ဝင်ပြောခြင်းဖြစ်သည်။

"သဘောပေါက်ပါတယ်တော့။ ငါ့ကို နိုင်းတယ်လို့မထင်ပါနဲ့။ ငါ့ကို နားလည်ခွင့်လွှတ်ပေးကြပါ"

ဝင်းတင်လတ်က သူ့ကိုခွင့်လွှတ်ရန် တောင်းပန်နေ၏။ ထားထားနိုင်ကတော့ ကျေနပ်ပုံမရပေ။ တကူးတကလာဖိတ်တာကို ငြင်းဆန်ရကောင်းလားဟု စိတ်တိုနေမိသည်။

"ဒီလိုလုပ်ပါ မနိုင်ရာ။ နင့်မွေးနေ့ကို ငါမလာနိုင်ပေမယ့် မွေးနေ့လက်ဆောင်တော့ ပေးပါ့မယ်။ ငါ့လက်ဆောင်က အဖိုးတော့ မတန်လှဘူး"

ဝင်းတင်လတ်က ကတ်ကျေးကိုယူ၍ သူ့ပန်းခင်းထဲမှ အလှပဆုံး နှင်းဆီငုံတစ်ခုကိုရွေးလိုက်သည်။ အနီရောင်နှင်းဆီငုံကလေးက ပွင့်ရန် အားယူနေဆဲ။

"ဟယ် လှလိုက်တာ ပြီးတော့ အနီရောင်က ငါ့အကြိုက်ဆုံးပဲ နင်တကယ်ပေးမှာလား"

ထားထားနိုင်က ရွှင်လန်းစွာပြောလိုက်၏။

"ဒီငါ့ရဲ့မွေးနေ့လက်ဆောင်ပဲ ဒီးပန်းငုံကလေးက အခုတော့ မပွင့်သေးဘူး။ မနိုင်မွေးနေ့ရောက်မဲ့ မနက်ဖြန်ဆိုရင် အစွမ်းကုန်ပွင့်ပြီးကျ နေလိမ့်မယ်။

"သိပ်ကျေးဇူးတင်တာပဲ ဝင်းတင်လတ်ရယ်။ နောက်နှစ်မွေးနေ့ကျရင်လဲ ငါ့ကို ဒီလက်ဆောင်ပဲ ပေးရမယ်နော်"

ထားထားနိုင်က ရှင်မြူးစွာဆို၏။ ဝင်းတင်လတ်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူ့ရဲ့ ရင်ထဲမှာတော့ စကားတွေပြောနေသည်။

"ဖြစ်နိုင်ရင်တော့ မွေးနေ့ရောက်တိုင်း ဒီလက်ဆောင်မျိုးကို ပေးချင်ပါတယ်။ ငါ့ဘဝအခြေအနေက ခွင့်ပြုခဲ့ရင်ပေါ့လေ။ ဒါပေမဲ့ ကိုယ့်ဘဝက ဘာမှ မရေရာသေးပါဘူး မနိုင်ရယ်"

## အခန်း (၁၉)

ဝင်းတင်လတ်တို့၏ ဒသမတန်းစာမေးပွဲသည် မတ်လမှာ ကျင်းပပြီးစီးခဲ့သည်။ စိတ်တိုင်းကျဖြေနိုင်၍ အောင်မှတ်ကောင်းကောင်းရရန် စိတ်အေးရသော်လည်း ဆေးတက္ကသိုလ်တက်ခွင့်ရပါက ကျောင်းစရိတ်အတွက် စိတ်မအေးနိုင်သေးပေ။

ယခင်နှစ်များကတော့ တစ်နှစ်တာကျောင်းစရိတ်အတွက် ငွေမှာ အပင်ပိုစိုက်၍ ခြံထွက်ပန်းများကို ဈေးမှာကိုယ်တိုင်ရောင်းရင်း ဝင်ငွေရှာနိုင်သည်။ အခြားသူများထံမှလည်း တောက်သည်ယူပြီး ရောင်းသေးသည်။ သားအမိနှစ်ယောက်စလုံး ဝင်ငွေရှာနိုင်သဖြင့် ကျောင်းစရိတ်၊ စားစရိတ်အတွက် မပူပင်ရ။ မပိုသော်လည်း လောက်သည်။ ပြီးတော့ ပညာသင်နှစ်တစ်နှစ်အတွင်း ကုန်ကျမည့်ငွေကလည်း ခန့်မှန်းတွက်ချက်၍ ရသည်။ ကျောင်းဖွင့်စတွင်သာ ငွေကုန်ကျမှုနည်းနည်းများပြီး ကျန်အချိန်များမှာ ပုံမှန်ကုန်ကျငွေသာရှိ၍ သားအမိနှစ်ယောက် ခြိုးခြံချွေတာမှုဖြင့် လုံလောက်သည်။

သူတို့ဘဝမှာ စားဝတ်နေရေးသည် အရေးမကြီးလှ၊ ခြံထွက်သီးနှံလည်းရှိပြီး သားအမိနှစ်ယောက်သာ စားမည့်သူရှိ၍ သိပ်မပူပင်ရ၊ ခြိုးခြံချွေတာပြီးစားလျှင်လောက်သည်။ ဝတ်ရေးကလည်း သားအမိနှစ်ယောက်စလုံးအတွက် အရေးမကြီးလှ။

ဝင်းတင်လတ်မှာ ကျောင်းစိမ်းလုံချည် အင်္ကျီနှစ်စုံနှင့် ထသွားထလာ ဝတ်ရန် လုံချည်တစ်ထည်သာအပိုရှိလျှင် ပြည့်စုံသည်။ ဝင်းတင်လတ်

သည် အင်္ကျီကို အရောင်နှင့်မဝတ်တတ်။ အဖြူရောင်သာ ဝတ်တတ်သည်။ သည်တော့ သာရေး၊ နာရေး၊ လူမှုရေးကိစ္စသွားစရာရှိလျှင် ကျောင်းစိမ်း မတုတ်သော ပုဆိုးတစ်ထည်သာလိုသည်။ ယင်းပုဆိုးတစ်ထည်ရှိလျှင် ပြည့်စုံသည်။ အိမ်မှာနေလျှင်တော့ အဟောင်းအနွမ်းကိုသာ သန့်ရှင်းအောင် လျှော်ဖွတ်ဖာထေးပြီးဝတ်သည်။

အမေ့အတွက်က အရေးမကြီး။ ဥပုသ်ကျောင်းသွားဖို့ ယောဂီရောင် ထဘီတစ်ထည်နှင့် အင်္ကျီဖြူတစ်ထည်ရှိလျှင် ပြည့်စုံသည်။ အသက်ကြီးသူ ဖြစ်၍ အဝတ်အစား ပကာသနမလိုတော့။ အမေက နဂိုကပင် အဝတ်အစား ပကာသနမရှိသူဆိုတော့ ပြဿနာမရှိ။

နေရေးကလည်း ပြဿနာသိပ်မရှိလှ။ သည်ခြံဝင်းကလေးထဲမှာနေလို့ ရသည်။ ခြံဝယ်စက အမေအမြော်အမြင်ကြီးစွာဖြင့်ဆောက်ထားသော သွပ်မိုးပျဉ်ကာအိမ်ကလေးသည် သူတို့သားအမိအတွက် မည်သည့်အရာနှင့်မျှ မလဲနိုင်သော ဘုံဗိမာန်။ သွပ်မိုးပျဉ်ကာဖြစ်၍ အိမ်ကဟောင်းစပြုသော်လည်း နေလို့တော့ရသေးသည်။ အိမ်အတွက် နှစ်စဉ်ပြုပြင်စရိတ် ကုန်ကျစရာမလိုပေ။

သူတို့မိသားစုအတွက် အရေးကြီးဆုံးက ပညာရေး။ အခြားအခြားသော အရေးများထက် အရေးကြီးဆုံးဖြစ်သည်။ သူ့အတွက်လည်း အရေးကြီးဆုံး။ အမေ့အတွက်လည်း အရေးကြီးဆုံး။ သူတို့သားအမိဘဝမှာ ပညာရေးထက် အရေးကြီးသောအရာမရှိ။

ဝင်းတင်လတ်ရင်ထဲမှာလည်း ခံယူချက်အပြည့်။ သူသည် မြို့ထဲက ငါးတစ်ကောင်ဆိုတာ သူ့အမြဲခံယူထားသည်။ သည်မြို့ထဲကလွတ်ဖို့ ထွက်ပေါက်ရှာရမည်။ သူ့ဘဝထွက်ပေါက်သည် ပညာရေး။

ဝင်းတင်လတ်သည် သူ့ဘဝကို သုံးမျိုးသုံးသပ်သည်။ အနေဆင်းရဲမှု၊ အစားဆင်းရဲမှု၊ အဝတ်ဆင်းရဲမှုတွေ သူ့ဘဝမှာရှိနေသည်။ သည်ဆင်းရဲမှုတွေကို သူကျော်လွှန်အောင် ကြိုးစားရမည်။

အစားဆင်းရဲမှု၊ အဝတ်ဆင်းရဲမှုကို သူမမှု။ သို့သော် အနေဆင်းရဲမှုကတော့ လွတ်မြောက်ချင်သည်။ လောလောဆယ် ဒုက္ခအပေးဆုံးကလည်း နေမှုပင်ဖြစ်သည်။ သူ့အိမ်တွင် အများသူငှာလို လျှပ်စစ်မီးမရှိ၊ ညစဉ် ဖယောင်းတိုင်ဖြင့်သာ စာကျက်ရသည်။ နေ့ဖက်မှာ အခက်အခဲမရှိသော်လည်း ညဖက်မှာတော့ လျှပ်စစ်မီးနှင့် စာကြည့်ချင်သည်။ ဖယောင်းတိုင် မှိန်တုတ်တုတ်ဖြင့် စာကြည့်ရသည်မှာ သူအားမရ။ ပြီးတော့ ညစဉ် ဖယောင်းတိုင်ဖိုးက ကုန်ကျသေးသည်။ ငွေကုန်တာထက် စာကြည့်ဖို့ အလင်းရောင်လုံလုံလောက်လောက်မရတာကိုတော့ သူအားမလိုအားမရဖြစ်မိသည်။ သို့သော် သူအားတင်းပြီး စာကြိုးစားသည်။ ဘဝအမှောင်ကို ပညာအလင်းရောင်ဖြင့် လင်းစေရမည်။

ဒီကြောင့် သူကြိုးစားသည်။ ဥာဏ်နှင့် ဝီရိယကို အစွမ်းကုန်ထုတ်ပြီး ကြိုးစားသည်။ တစ်နေ့မှာ အောင်မြင်ရမည်ဟု သူခိုင်ခိုင်မြဲမြဲယုံကြည်ထားသည်။

ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်မှာ အလုပ်ကိုကြိုးစားပမ်းစားလုပ်သည်။ ဒသမတန်းအောင်စာရင်းမှာ ဂုဏ်ထူးလေးခုနှင့် အမှတ်အများဆုံးစာရင်းတွင် ပါဝင်ပါလာသည်ဖြစ်သောကြောင့် သူ့အတွက် ငွေရှာချိန်ပိုရသည်။

နံနက်ပိုင်းမှာ ပန်းရောင်းသည်။ အမေက သီးသန့်၊ ဝင်းတင်လတ်က သီးသန့်စီ ဆိုင်ခွဲပြီးရောင်းသည်။ အမေကတော့ သူ့ဆိုင်ကလေးနှင့်သူ တည်တည်တကျရောင်းသည်။ ဝင်းတင်လတ်ကတော့ ပုံသေမရှိ၊ ဈေးထဲမှာ ရောင်းသည့်အခါရောင်းသည်။ ရပ်ကွက်ထဲလှည့်ပြီး ရောင်းသည့်အခါ

ရောင်းသည်။ သူငယ်ချင်းဖြစ်သူ မောင်မောင်နှင့် အပေါ်ညှိ၍ရလျှင် သဘော်ဆိပ်အထိဆင်းပြီး ရောင်းကြသည်။

နွေရာသီကျောင်းပိတ်ရက်များသည် ဝင်းတင်လတ်အတွက် အပင်ပန်းဆုံးအချိန်များဖြစ်၏။ ရည်မှန်းချက်ဇောကြောင့် မမောနိုင်သော်လည်း အလုပ်နှင့်လက်နှင့်ကား ပြတ်ရသည်ဟူ၍မရှိ။

နံနက်လေးနာရီမှာ အိပ်ယာကထ၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် ပန်းရောင်းထွက်သည်။ နေ့လယ်ပိုင်း နေပူချိန်တွင် ခေတ္တနားပြီး ညနေပိုင်းမှာ ခြံထဲဆင်းရသည်။ မြေဩဇာထည့်ရသည်။ ပေါင်းလိုက်ရသည်။ အပင်သစ်စိုက်ရန် မြောင်းသစ်ဖော်ရသည်။ မြေဆွေးသိုလှောင်ရသည်။ ပြီးတော့ တစ်ခင်းလုံးကို ရေထမ်းပြီးလောင်းရသည်။ ညပိုင်းတွင် ပန်းသီခြင်း၊ ပန်းစည်း စည်းခြင်းတို့လုပ်ပြီး မနက်အတွက် အသင့်ပြင်ထားရသည်။ သူ့ဘဝအတွက်တော့ စားချိန်၊ အိပ်ချိန်မှတစ်ပါး ကျန်အချိန်အားလုံးသည် အလုပ်ချိန်များသာဖြစ်သည်။

သူ့တွင် အပေါင်းအသင်းများနှင့် လည်ပတ်ချိန်၊ ရုပ်ရှင်ကြည့်ချိန်၊ ပျော်ပါးချိန်မရှိ။ အလွန်ဝါသနာပါသော စာဖတ်ခြင်းအလုပ်သာလျှင် သူ့အတွက် အပန်းဖြေမှုဖြစ်သည်။ သို့သော် ဇိမ်နှင့် အေးအေးဆေးဆေး ဖတ်နိုင်ခြင်းမဟုတ်။ ကားပေါ်မှာ၊ ရထားပေါ်မှာ၊ ကားစောင့်ချိန်၊ ရထားစောင့်ချိန်များတွင် စာဖတ်နိုင်ခြင်းဖြစ်၏။ အလုပ်ခေတ္တနားချိန်လောက်တွင်သာ အပြေးအလွှားဖတ်ရခြင်းဖြစ်သည်။ အခြားပျော်ရွှင်မှုများကို မမျှော်လင့်သော်လည်း စာကို အေးအေးဆေးဆေးဖတ်နိုင်မည့် အချိန်ကလေးကိုတော့ သူမျှော်လင့်တောင့်တမိသည်။

## အခန်း (၂၀)

ဝင်းတင်လတ်သည် မြို့ထဲက သရက်ပင်ရိပ်မှာထိုင်ရင်း သူ့ခြံကလေးကို ကြည့်နေမိသည်။ သည်ခြံကလေးသည် သူ့ဘဝကို များစွာ အထောက်အကူပြုသည်။ စားဝတ်နေရေးသာမက ပညာရေးအတွက်လည်း အဓိကအထောက်အကူပြုသော ခြံကလေးဖြစ်၏။ သည်ခြံကလေး စိမ်းလန်းစိုပြည်မှ သူ့ဘဝသည်လည်း စိမ်းလန်းစိုပြည်မည်ဖြစ်သည်။ ဒါကြောင့်လည်း ဝင်းတင်လတ်သည် ခြံကလေးကို အစွမ်းကုန်ပြုပြင်၏။ စိုက်ပျိုး၏။ ရှင်းလင်းပေါင်းသင်၏။ သည်ခြံကလေးကို ပြုစုခြင်းသည် သူ့ဘဝကို တည်ဆောက်နေခြင်းဟု သူခံယူထားသည်။

သူသည် သူ့ခြံကလေးကိုကြည့်ရင်း ရင်ထဲမှာ ပီတိဖြစ်နေမိ၏။ သူ့ခြံကလေးမှာ ပန်းမျိုးစုံပွင့်လန်းနေသော ခြံကလေးဖြစ်သည်။ အဓိကကတော့ နှင်းဆီ၊ စပယ် ကိုင်းဖြတ်ပင်များ။ ပြီးတော့ သစ္စာပန်း၊ မေမြို့ပန်းစသည့် ရာသီပန်းများ ဝေဆာစွာ ပွင့်လန်းလျက်ရှိသည်။ သည်ပန်းကလေးများသည် ဝင်းတင်လတ်အတွက် အမောပြေဆေးများ၊ အစွမ်းထက်သော အားဆေးများဖြစ်၏။

ဝင်းတင်လတ်က ခြံကလေးကို ငေးနေစဉ် မမျှော်လင့်ဘဲ ထားထားနိုင်၊ အတန်းဖော်မိန်းကလေး လှလှနွယ်နှင့် သူငယ်ချင်းဇော်အောင်တို့ ရောက်လာ၏။ ဘယ်လိုမှ မျှော်လင့်မထားသည့်ဖြစ်၍ ဝင်းတင်လတ် အံ့သြနေသည်။ အံ့သြလွန်းသဖြင့် ဘာပြောရမှန်းမသိအောင် ဖြစ်နေမိသည်။

"ဟော့ကောင်ကြီး၊ တစ်ယောက်တည်း ဘာတွေစဉ်းစားနေသလဲ၊ မင်းသာယ်သူ့အကြောင်း စဉ်းစားနေတယ်ဆိုတာ ငါသိတယ်နော်"

ဇော်အောင်က ထားထားခိုင်ကိုကြည့်ပြီးပြောလိုက်တော့ ဝင်းတင်လတ် ရှက်သွားသည်။

ထားထားခိုင်၏ မျက်နှာကိုလည်း မကြည့်ရဲအောင်ဖြစ်နေသည်။ ပြီးတော့မှ ဝင်းတင်လတ်ကပြောသည်။

"ငါဘာယ်သူ့အကြောင်းမှ မစဉ်းစားနိုင်ပါဘူး သူငယ်ချင်းရာ၊ စဉ်းစားနိုင်တဲ့အခြေအနေမျိုးလည်း ကိုယ့်မှာမရှိပါဘူး၊ ကိုယ့်အကြောင်းကိုပဲ ကိုယ်စဉ်းစားနေရတယ်၊ စာမေးပွဲကတော့ပြီးသွားပြီ၊ အမှတ်ကောင်းကောင်းနဲ့ အောင်ပါ့မလား၊ အောင်ရင်ကော ဆက်တက်နိုင်ပါ့မလား ဆိုတာတွေတွေးပြီး နေရတာကွ၊ ပျော်ရွှင်ချမ်းမြေ့စရာ အချိန်ကလေးတွေကို လုတိုင်းနှစ်သက်ကြတာပါပဲ။ ကိုယ့်ဘဝအခြေအနေက ..."

"တော်ပါပြီသူငယ်ချင်း၊ မင်းရဲ့ ဒသာနတွေကို နားမထောင်ပါရစေနဲ့တော့၊ မင်းရဲ့ဘဝတိုက်ပွဲအကြောင်း၊ ယုံကြည်ချက်အကြောင်း၊ ခံယူချက်အကြောင်းတွေ ငါအလွတ်ရနေပါပြီကွာ၊ ကဲ ... ဒေါ်ထားထားခိုင်၊ ခင်ဗျားတို့ပဲ ဟျူပ်ကိုအတင်းခေါ်လာတယ်၊ အခုရောက်အောင်ပို့ပြီးပြီ၊ လာရင်းအကြောင်းကို ရှင်းပြတော်မူကြပါ"

ဇော်အောင်က ဝင်းတင်လတ်၏စကားကို အတင်းဖြတ်ပြီး ထားထားခိုင်ကို ပြောနေ၏။

ထားထားခိုင်က ပြုံးနေသည်။ ပြီးတော့မှ

"ဒီလိုပါ ဝင်းတင်လတ်၊ နို့တစ်တွေ အရေးကြီးတဲ့စာမေးပွဲလဲပြီးသွားပြီ၊ တစ်နှစ်လုံးလည်း အတော်ကလေး ပင်ပန်းခဲ့ကြတယ်၊ အဲကြောင့် စိတ်လည်းအပန်းပြေအောင် ငါတို့ပြည်ဘက်သွားရင်း ထလီကို သွားကြ

မလို့ ဖေဖေကလည်း ခွင့်ပြုတယ်၊ အထက်တန်းကျောင်းသားဘဝရဲ့ နောက်ဆုံးနှစ်မို့ ဖေဖေက အရင်းနှီးဆုံး အခင်မင်ဆုံးသူငယ်ချင်းတွေ ကိုလည်း ခေါ်ခွင့်ပြုတယ်။ ကားကိုလဲ ဖေဖေကဘဲ စီစဉ်ပေးတယ်၊ ဒါကြောင့် နှင့်ကိုလာခေါ်တာ၊ တခြားယောကျာ်းလေးသူငယ်ချင်းရော၊ မိန်းကလေးသူငယ်ချင်းရော အကုန်ပါမယ်။ ဒါကြောင့် ဒီပျော်စရာခရီး လေးကို အမှတ်တရအဖြစ် နှင်လဲလိုက်စေချင်လို့ ကိုလာခေါ်တာ''

ထားထားနိုင်က သူတို့လာရခြင်းအကြောင်းကို အသေးစိတ်ရှင်းပြ သည်။

ဝင်းတင်လတ်က အဝေးကို ငေးနေရင်းမှ ပြေးလေးစွာ ခေါင်းညိတ် သည်။

''အေးဟာ၊ နှင်ပြောသလို ဒီနှစ်ဟာ ငါတို့ရဲ့ အထက်တန်းကျောင်း သားဘဝ နောက်ဆုံးနှစ်ဘဲ၊ ဒီနှစ်အောင်ရင် တို့တစ်တွေဘဝတွေ အသီး သီး ဝေးသွားကြတော့မယ်၊ အမှတ်တရအဖြစ် ဆုံကြရမယ်ဆိုတဲ့ အခွင့် အရေးဟာ အတော်ရတောင့်ရခဲ အခွင့်အရေးတစ်ခုပါဘဲ၊ စိတ်ကူးထဲမှာ တွေးကြည့်ရင်တောင် အတော်ပျော်စရာကောင်းတဲ့ အစီအစဉ်ကလေး ပါဘဲ။ ငါဟာ ခရီးသွားတာ သိပ်ဝါသနာပါတယ်၊ ခရီးလည်း သိပ်သွား ချင်တယ်၊ ဒါပေမယ့် ငါဘယ်ကိုမှ မရောက်ခဲ့ဖူးဘူး။ ရန်ကုန်မြို့ကနေ ဘယ်မိုင်လောက်ဝေးတဲ့နေရာကိုတောင် ငါမရောက်ဖူးသေးဘူး။ မြန်မာ နိုင်ငံရဲ့ မြို့တွေဆိုတာကို ပထဝီမှာသင်ရတဲ့ မြန်မာပြည်မြေပုံထဲမှာဘဲ တွေ့ဖူးတယ်၊ အခုလို အခွင့်အရေးဟာ ငါ့အတွက် အိပ်မက်တောင်မှ မမက်ဖူးတဲ့အခွင့်အရေးပါဘဲ၊ အခင်မင်ဆုံး သူငယ်ချင်းတွေနဲ့ အတူတူ သွားရမယ်။ အိပ်မက်တောင် မမက်ဖူးသေးတဲ့ နေရာတွေကိုလဲ ရောက်ရ မယ်။ ငါ့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေး တစ်ရပ်ပါပဲ။

ထားထားခိုင်နှင့် လှလှနွယ်တို့က ဝင်းတင်လတ်ပြောမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

"ဒါပေမယ့် ငါ့ဘဝက အဲဒီအခွင့်အရေးကိုရယူဖို့ အခြေအနေမပေးသေးဘူး။ သူငယ်ချင်းတို့ရာ၊ နင်တို့ငါ့ကို အခင်မင်ဆုံး သူငယ်ချင်းစာရင်းထဲမှာသွင်းပြီး တကူးတကလာခေါ်တဲ့အတွက် ငါရင်ထဲမှာ ပြောမပြတတ်လောက်အောင် ဝမ်းသာတယ်။ ကျေးဇူးလည်းတင်မိတယ်။ ဒါပေမယ့် ငါ့ကို ခွင့်လွှတ်ကြပါဟာ"

ထားထားခိုင်က အဝေးကိုကြည့်ပြီး ငေးနေ၏။

လှလှနွယ်က စကားပြောသည်။

"အလွန်ဆုံး တစ်ပတ်၊ ဆယ်ရက်ပဲကြာမှာပါဟာ၊ သိပ်မကြာပါဘူး။ နင့်ပန်းပင်တွေကိုပြုစုဖို့ လူစားထားခဲ့ပေါ့"

"မဖြစ်လို့ပါ မိနွယ်ရာ၊ ဒီခြံကလေးကနေ ငါတစ်ရက်မှ ခွာလို့မဖြစ်သေးဘူး။ ဒီခြံကလေး စိမ်းလန်းစိုပြည်မှ ငါ့ဘဝစိမ်းလန်းမှာပါဟာ၊ နင်တို့သဘောပေါက်အောင်ပြောရရင် ဒီတစ်နွေလုံး ကြိုးစားပြီးရှာမှ ကျောင်းဖွင့်လို့ ဆေးတက္ကသိုလ်တက်နိုင်ရင် ပညာသင်စရိတ် အဆင်သင့်ဖြစ်မှာ၊ ပြီးတော့ အမေကျန်းမာရေးကလည်း သိပ်မကောင်းလှဘူး။ ဒါတွေကြောင့်ပါ၊ ပြီးတော့ ငါ့ဘဝကလည်း သူများတွေရဲ့ဘဝလို မဟုတ်ဘူးလေ၊ ဒါကြောင့် ငါ့ကိုခွင့်လွှတ်ကြပါ၊ နင်တို့သူငယ်ချင်းတွေ ပျော်နေကြတာကိုပဲ ငါသတိရပြီး မုဒိတာပွားနေပါ့မယ်"

"ကဲ ... ငါမပြောဘူးလား။ နင်တို့ ဒီကောင်ကြီးကို လာခေါ်ရင်လည်း ဘယ်လိုမှ လိုက်မှာမဟုတ်ဖူးဆိုတာ။ ငါ့တာဝန်ကျပြီနော်၊ အခုတော့ ခြေထောက်ညောင်းတာဘဲ အဖတ်တင်တယ်။ သွားကြမယ်။ တော်ကြာနေ ခြေထောက်ညောင်းရုံတင်မကဘူး။ နားပါငြီးရဦးမယ်။ ဒါကြောင့် နင်တို့

နှစ်ယောက် နေချင်နေခဲ့ကြ။ ဒီကောင်ကြီး ဒဿနတွေ မဖွင့်ခင် ငါတော့ လစ်တော့မယ်"

ပြောပြောဆိုဆိုပင် ဇော်အောင်က ပြန်သွားတော့၏။

ထားထားနိုင်ကတော့ ဘာမှမပြောပေ။ သို့ရာတွင် သူမ၏ရင်ထဲမှာ ပြောစရာစကားအချို့ရှိနေပုံရယ်။ သို့သော် သူမ၏ရင်တွင်းမှ စကားလုံးများသည် ပြင်ပသို့ ထွက်မလာခဲ့ပေ။

ပြန်ခါနီးမှာ လှလှနွယ်က သွက်လက်စွာနှုတ်ဆက်သော်လည်း ထားထားနိုင်ကတော့ ပြုံး၍သာ နှုတ်ဆက်ရှာ၏။ သို့သော် သူမ၏ အပြုံးချိုသည် အစွမ်းကုန် မလန်းဆန်းပေ။

ဝင်းတင်လတ်သည် သူငယ်ချင်းသုံးဦး ခြံထဲမှ ထွက်သွားသည်ကို မျက်စိတစ်ဆုံး ငေးကြည့်နေ၏။

ပြီးတော့ သူ့ဘဝကိုလည်း ပြန်ပြီးသုံးသပ်မိသည်။ သူ့ဘဝသည် စိတ်စေရာလွှင့်ပါးနိုင်သော လှပသည့်ဘဝမျိုးမဟုတ်ဆိုသည်ကို သူမေ့ထား၍မဖြစ်ပေ။

## အခန်း ( ၂၁ )

ဝင်းတင်လတ်နှင့် ထားထားနိုင်တို့သည် ဆယ်ကျော်သက်အရွယ် အထက်တန်းကျောင်းသားဘဝကပင် ချစ်ခင်ခဲ့သော သူငယ်ချင်းဖြစ်၏။ ငယ်စဉ်က တစ်ကျောင်းတည်း အတူပညာသင်ကြားခဲ့ကြသည်။ ဆေးတက္ကသိုလ်ရောက်တော့လည်း ငယ်ငယ်ကပင် ခင်မင်သူများဖြစ်၍ အတူသွား၊ အတူလာ၊ အတူတူစာသင်ကြရသည်။ ကြာတော့လည်း တစ်ဦးသဘော တစ်ဦးနားလည်ကာ ချစ်သူများအဖြစ်သို့ရောက်ခဲ့ကြရသည်။

နိုင့်အလှကိုကြည့်ပြီး ဝင်းတင်လတ်ရင်ထဲမှာ ကြည်နူးနေမိသည်။ နိုင်သည် ပန်းနုရောင်ဖျော့ဖျော့အင်္ကျီနှင့်လုံချည်ကို အပေါ်အောက်ဆင်တူဝတ်ထား၏။ ဖြူဝင်းသောနိုင်၏အသားအရည်နှင့် အလွန်လိုက်ဖက်လှသည်။ ဝင်းတင်လတ်သည် ချစ်သူ၏အလှကိုငေးကြည့်နေမိ၏။

ထို့နောက် သူ့လက်ထဲမှပန်းစည်းကလေးကို နိုင့်အားပေးလိုက်သည်။ ပန်းစည်းကလေးမှာ အနီရောင်နှင်းဆီပွင့်ခုနစ်ပွင့် အလှဆုံးဖြစ်အောင် စည်းနှောင်ထားသောပန်းစည်းကလေး။ သူတို့ချစ်ခရီးခုနစ်နှစ်မြောက်နေ့ အထိမ်းအမှတ်ဖြစ်သည်။

နိုင်အမြတ်နိုးဆုံးသော မွေးနေ့လက်ဆောင်ပစ္စည်းဖြစ်၏။ ချစ်သူဖြစ်သည့် မွေးနေ့မှစ၍ နှစ်အရေအတွက်အလိုက် ပန်းပွင့်ကလေးတွေပေးခဲ့သည်။ ယခုတော့ ချစ်ခရီး၏ခုနစ်နှစ်မြောက်အဖြစ် နှင်းဆီအနီရောင် ခုနစ်ပွင့်။

ပြီးတော့ နှစ်ဦးသား ရွှေတိဂုံဘုရားပေါ်တက်ခဲ့ကြသည်။ ဖေဖော်ဝါ ရီ အချိန်သည်အေးမြ၏။ သူတို့နှစ်ဦး၏ရင်ထဲမှာလည်း ချမ်းမြေ့အေးမြ နေသည်။ ပြီးတော့ ပန်းစည်းကလေးကို နိုင်၏မွေးနေ့ထောင့်ဖြစ်သော နလာထောင့်မှာလှူလိုက်သည်။ ပြီးတော့ နှစ်ယောက်သား ဘုရားကို ဆယ်ရှိခိုးကြ၏။ ဆုတွေလည်းတောင်းကြသည်။

"မောင် ဘာဆုတွေတောင်းသလဲဟင်"

"နိုင့်ရဲ့မွေးနေ့တိုင်းမှာ ပန်းလက်ဆောင်ပေးနိုင်ပါစေ၊ ပန်းပွင့်တစ်ရာ ပြည့်အောင် လက်ဆောင်ပေးနိုင်ပါစေလို့ ဆုတောင်းတယ်၊ နိုင်ရော"

"မောင့်ဆီက နှစ်စဉ် မွေးနေ့လက်ဆောင်ရပါစေ၊ အပွင့်နှစ်ရာပြည့် အောင် လက်ဆောင်ရပါစေလို့" ဆုတောင်းတာပေါ့။

"အနှစ်နှစ်ရာထိတော့ မောင်တို့အသက်မရှည်နိုင်ကြဘူးထင်တယ်"

"နောက်ဘဝအတွက်ပါ ဆက်ပြီးဆုတောင်းတာမောင်ရဲ့ နိုင်က မောင့် အချစ်ကို နောက်ဘဝအထိ ရချင်တယ် နိုင်ကလည်း မောင့်ကို နောက် ဘဝအထိ ချစ်နေမှာမောင်ရဲ့"

နိုင်ကပြောရင်းချိုချိုလွင်လွင်ကလေးရယ်လိုက်သည်။ ဝင်းတင်လတ် ကတော့ ကြည်နူးမှုကြောင့် ပြုံးနေသည်။ နိုင်ရဲ့လွတ်လပ်ပျော်ရွှင်စွာ ရယ် မောလိုက်သော အသံကလေးသည် ဝင်းတင်လတ်ရင်ထဲမှာ ဆည်းလည်း သံကလေးလို ချိုလွင်အေးမြလှ၏။

## အခန်း (၂၂)

''ညနေမှာ ပင်စီတို့အိမ်က မွေးနေ့ဖိတ်ထားတယ်၊ ကိုလတ်ရော နိုင်ပါ နှစ်ယောက်စလုံးဖိတ်တာ၊ ကိုလတ် လိုက်မယ်မဟုတ်လားဟင်''

နိုင်ကမျှော်လင့်တကြီးမေးရှာ၏။ ဝင်းတင်လတ်ကတော့ အေးဆေးစွာပင် ငြင်းပယ်လိုက်သည်။

''ကိုယ်မလိုက်ချင်ဘူးနိုင်ရယ်၊ နိုင်တစ်ယောက်တည်းပဲသွားလိုက်ပါ ပြီးတော့ နိုင်နဲ့ပတ်သက်ပြီးသာ ကိုလတ်ကိုဖိတ်တာ ကိုလတ်နဲ့ ပင်စီနဲ့ စကားတစ်ခွန်းနှစ်ခွန်းထက်ပိုပြီး ပြောဖူးတာမှမဟုတ်တာ''

''လူဆိုတာ ဒီလိုပဲ တဖြည်းဖြည်းချင်း ရင်းနှီးသွားကြတာပဲ ပင်စီတို့နဲ့ခင်လို့ ကိုလတ်အတွက် အကျိုးမဆုံးရှုံးနိုင်ပါဘူး။ ပင်စီအဖေက နိုင်ငံခြားရေးရုံးက အရာရှိကြီးပဲ။ နိုင်ထွက်ဖို့ကိစ္စတောင် သူ့ကိုအားကိုးနေရတာ''

''ကိုယ်ဒီအကြောင်းတွေကို နိုင်နဲ့ မဆွေးနွေးချင်ဘူး နိုင်ရယ်၊ ကိုယ်နဲ့နိုင်နှစ်ယောက်တည်းတွေ့ကြတဲ့ အချိန်ကလေးမှာ စိတ်ချမ်းသာတဲ့စကားလေးတွေပြောနေချင်တယ်၊ နိုင့်အသံကလေးကို ကြားနေချင်တယ်၊ နိုင့်မျက်နှာကလေးကို ကြည့်နေချင်တယ်၊ နိုင့်ကို ကိုလတ်အသည်းနှင့်အောင်ချစ်ပါတယ်''

''ကိုလတ်ဆန္ဒတွေ မပြည့်နိုင်ဘူးဆိုတဲ့ စိုးရိမ်စိတ်က တစ်ခါတစ်ခါမှာ ကိုလတ်ကို အကြီးအကျယ် ခြောက်လှန့်တယ်။ အိပ်မပျော်တဲ့ထိအောင်ပဲ။

နိုင်က ကိုလတ်ကို ချစ်စဖွယ်မျက်စောင်းထိုးလိုက်၏။

"သူ့ကိုပြောလိုက်ရင် ချစ်တဲ့အကြောင်းပဲ၊ နိုင်ကို အရုပ်ကလေး တစ်ရုပ်လို အလှကြည့်နေချင်တဲ့အကြောင်းပဲ၊ ကြားရတာများနေပေမယ့် နိုင်ကလည်း ကိုလတ်ဆီက ဒီစကားမျိုးတွေကို တစ်သက်လုံး ကြားနေ နေချင်တာပါပဲ၊ ဒါပေမယ့် ကိုလတ်အနေနဲ့ ဒီလိုချစ်စရာစကားလေးတွေ တစ်သက်လုံးပြောနိုင်ပါမလားဆိုတာ နိုင်လဲစိုးရိမ်တာပါပဲ၊ နိုင်ကတော့ ကိုလတ်ကို တစ်သက်လုံးချစ်နေမှာပါပဲဆိုတာ ကိုလတ်ယုံစေချင်တယ်"

နိုင်က ကိုလတ်ရင်ခွင်ထဲမှာ စကားတွေတတွတ်တွတ်ပြောရင်း ဝင်းတင်လတ်ကို မော့၍ကြည့်နေ၏။ ဝင်းတင်လတ်ကတော့ ကြော့ရှင်းသော နိုင်မျက်နှာကလေးကိုစိုက်ကြည့်နေရင်းမှ နိုင့်ဆံနွယ်ကလေးများကို လက်နှင့်ပွတ်သပ်နေ၏။ ဝင်းတင်လတ်က နိုင့်နဖူးကလေးကိုငုံ၍နမ်းလိုက်သည်။ နိုင်က ဝင်းတင်လတ်၏နဖူးကို သူ့လက်ကလေးနှင့် မနာအောင် ထု၏။

သူတို့နှစ်ဦး၏ရင်ထဲမှာ လှပသောအချစ်ပန်းကလေးတွေပွင့်လန်း နေသည်။

ဝင်းတင်လတ်ကတော့ ဒီလိုဘဝမျိုးကလေးကိုနှစ်သက်၏၊ နိုင်က လည်း ဒီလိုဘဝမျိုးကလေးကို မြတ်နိုးပါသည်။

## အခန်း (၂၃)

သည်နေ့သည် စနေနေ့ဖြစ်သည်။ ဝင်းတင်လတ်နှင့် ထားထားနိုင်တို့နှစ်ယောက် ဆေးတက္ကသိုလ်ဝင်းထဲရှိ ခရေပင်အောက်မှခုံတန်းပြောကလေးပေါ်မှာ အတူထိုင်ဖြစ်သည်။ သူတို့နှစ်ယောက်သည် ပညာသင်နှစ် တစ်နှစ်တည်းဖြစ်သော်လည်း ဆယ်တန်းအောင်စဉ်ကရရှိသော အမှတ်ပေါ်မူတည်၍ အတန်းခွဲသဖြင့် တန်းခွဲချင်းမတူကြပေ။ သည်တော့ နေ့စဉ်တွေ့ဖြစ်ချင်မှ တွေ့ဖြစ်ကြသည်။ အကြောင်းထူးမရှိလျှင် မတွေ့ဖြစ်ကြ။ စနေနေ့နေ့လယ် ၁၂ နာရီ အတန်းပြီးချိန်မှာတော့ အပတ်စဉ်ဆုံဖြစ်သည်။ အတန်းအရင်ပြီးသူက သည်ခုံတန်းပြောကလေးမှာ လာစောင့်နေသည်။

သည်ခုံကလေးမှာထိုင်ပြီးမှ ထိုနေ့မှာ ရုပ်ရှင်ကြည့်မည်။ တစ်နေရာရာမှာ တစ်ခုခုသွားစားမည် စသည်ဖြင့်ဆုံးဖြတ်ကြသည်။

ထားထားနိုင်က ဝင်းတင်လတ်ကိုပြောလိုက်သည်။

''အီကိုကင်တင်းစက်က လျှောက်ကြရအောင်ကိုလတ်။ ကိုလတ်ကိုနိုင် အေးအေးဆေးဆေး စကားတစ်ခုပြောချင်တယ်''

သူတို့နှစ်ယောက် ခရေပင်လမ်းအတိုင်း စီးပွားရေးတက္ကသိုလ်စားသောက်ဆိုင်တန်းဘက်ကိုလျှောက်ခဲ့ကြ၏။ ဆိုင်ထဲရောက်တော့ထားထားနိုင်က နှစ်ယောက်စလုံးအတွက် စားသောက်စရာများမှာသည်။ အအေးနှစ်ခွက်နှင့် ထမင်းကြော်တစ်ပွဲစီမှာသည်။

သူတို့နှစ်ယောက် စားသောက်ဆိုင်မှာ ထိုင်ကြသည့်အချိန်တိုင်း စားသောက်စရာများကို ထားထားနိုင်ကသာ ဦးဆောင်၍မှာရသည်။

ထားထားနိုင်မှာသမျှကိုသာ ဝင်းတင်လတ်စားသည်။ ဝင်းတင်လတ်က အစားအသောက် ဖွယ်ဖွယ်ရာရာများကိုမမှာတတ်။ သူတစ်ယောက်ထဲလည်း စားသောက်ဆိုင်များမှာစားလေ့မရှိ။

စားပြီးတော့ အင်းလျားကန်ဖက်လျှောက်ခဲ့ကြသည်။ စိန်ပန်းပင်အောက်မှာ အတူထိုင်ကြ၏။

"နိုင် ကိုလတ်ကိုပြောစရာရှိတယ်ဆိုတာပြောလေ၊ ခုထိဘာမှလည်း မပြောသေးဘူး"

ထားထားနိုင်က သူမ၏ဆံပင်ကလေးများကို လက်နဲ့သပ်လိုက်ရင်း တစ်ခုံတစ်ခုကိုစဉ်းစားနေသည်။ ပြီးတော့မှ ဖြေးညှင်းစွာပြောသည်။

"နိုင် ကိုလတ်ကို ဒီစကားပြောဖို့အချိန်အတော်ကြာကြာ စဉ်းစားခဲ့ရတယ်၊ နိုင်ပြောမယ့်စကားက ကိုလတ်အပေါ်မှာ စေတနာအပြည့်နဲ့ ပြောတဲ့စကားပါ။ ကိုလတ်နားလည်မှုလွဲသွားရင် နိုင့်စေတနာအပေါ်မှာ တစ်မျိုးထင်သွားနိုင်တယ်၊ အဲဒီဆိုရင် နိုင်ရော ကိုလတ်ပါ စိတ်မကောင်းဖြစ်ရမယ်၊ ဒီလိုဖြစ်မှာ စိုးရိမ်လွန်းလို့ အကြိမ်ကြိမ်စဉ်းစားခဲ့ရတယ်"

"ကိုလတ်ကို နိုင်ချစ်တယ်။ ကိုလတ်ကလည်း နိုင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ နိုင်ယုံကြည်တယ်။ ကိုလတ်နဲ့နိုင်က ငယ်သူငယ်ချင်းဘဝ ကလေးဘဝကတည်းက ချစ်ခဲ့ရသူတွေ၊ ပြီးတော့လည်း ဘဝကိုလက်တွဲပြီး တည်ဆောက်သွားကြဖို့ဆုံးဖြတ်ထားတဲ့ ချစ်သူတွေမဟုတ်လား။ ဒါတော့ အေးအတူပူအမျှဖြစ်သင့်တယ်၊ အခက်အခဲတွေ ဒုက္ခတွေရှိရင်လည်း မျှဝေခံစားသင့်တယ်၊ တစ်ယောက်ဘဝကိုတစ်ယောက် နားလည်ပြီး လက်တွဲပေးရမယ်လို့ နိုင်ယုံကြည်တယ်၊ ဒါကြောင့် အခု နိုင်ပြောမယ့် စကားကို မောင့်ရဲ့အသိတရားကိုအခြေခံပြီးမစဉ်းစားဘဲ မောင့်ရဲ့နှလုံးသား ကို အခြေခံပြီးစဉ်းစားပေးပါလို့ နိုင်တောင်းပန်ချင်တယ်"

"နိုင်လေ ကိုလတ်ကိုချစ်တဲ့စိတ်နဲ့ ကိုလတ်အကြောင်းကိုစဉ်းစားမိတိုင်း မျက်ရည်ဝဲမိတယ်၊ ကိုလတ်တစ်ယောက်တည်း ဘဝကိုရုန်းကန်နေရတာ နိုင်မကြည့်ရက်ဘူး။ ဒါကြောင့် ကိုလတ်ရဲ့အခက်အခဲတွေကို နိုင်တတ်နိုင်သမျှ ကူညီဖြေရှင်းပေးချင်တယ်၊ ဒါဟာ ကိုလတ်ကိုချစ်လွန်းလို့မွေးဖွားလာရတဲ့ နိုင့်ရင်ထဲကအဖြူစင်ဆုံးစေတနာပါ"

ထားထားနိုင်က သူမ၏ရင်ထဲမှစေတနာကို ဝင်းတင်လတ်အား ပြောပြသည်။ ချစ်သူချင်းဖြစ်၍သာပြောပြရသော်လည်း ဝင်းတင်လတ်၏ စိတ်ဓာတ်ကို သူမကောင်းစွာသိသည်။ ဝင်းတင်လတ်သည် စိတ်ထားမြင့်မြတ်ပြီး ရိုးဖြောင့်သူဖြစ်သည့်အပြင် ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ရှိသူဖြစ်သည်။ သူ၏စိတ်ဓာတ်ပြင်းပြမှု၊ ဇွဲမာန်အပြည့်ဖြင့် ကြိုးစားမှုတို့ကြောင့်သာ ဆေးတက္ကသိုလ်၌ ပညာသင်ကြားနိုင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြောမည့်သာပြောရသည် သူမအပေါ်အထင်လွဲမှာကိုလည်း စိုးရိမ်ရသေးသည်။

"နိုင့်စေတနာကို ကိုလတ်နားလည်ပါတယ်နိုင်ရယ်၊ ကျေးဇူးလည်းတင်ပါတယ်။ နိုင်ထင်သလို ကိုယ့်ဘဝမှာ အခက်အခဲမရှိလှပါဘူး။ နိုင်တို့အနေနဲ့ကြည့်ရင်တော့ ကိုယ့်ဘဝမှာ လိုအပ်ချက်တွေအများကြီးရှိနေမှာအမှန်ပါပဲ။ ဒါပေမယ့် ကိုယ်ကတော့ ကိုယ့်ဘဝကိုပြည့်စုံတယ်လို့ပဲ ယူဆတယ်၊ မပြည့်စုံသေးလို့ ပြည့်စုံအောင်ဖြည်းဆည်းကြိုးပမ်းနေရတာကိုလည်း ကိုယ်ကျေနပ်တယ်၊ ဘဝဆိုတာ တိုက်ပွဲတဲ့ တိုက်ပွဲကိုနိုင်အောင်တိုက်နိုင်ရင် ဘဝမှာ အောင်မြင်သူတစ်ယောက်ဖြစ်မှာပဲလို့ ကိုယ်ယုံကြည်တယ်"

"မဟုတ်ပါဘူး။ နိုင်က ကိုလတ်ပင်ပန်းနေတာကို မကြည့်ရက်လို့ပါ"

မပင်ပန်းပါဘူးနိုင်ရယ်၊ အခုလိုရင် ခြံကလေးကိုစိုက်ပျိုးဖို့ ရွာက ညီဝမ်းကွဲတစ်ယောက်က လာကူတယ်၊ ခြံကိစ္စကို ကိုယ်လှည့်မကြည့်ရတော့ဘူး။ သင့်တင့်ရုံဝင်ငွေရပါတယ်။ ပြီးတော့ ညပိုင်းမှာ ဆယ်တန်းကျောင်းသားကလေးငါးယောက်ကို ကျူရှင်သင်တယ်။ နိုင်ငံတော်ကလည်း ကိုယ့်ကို ထောက်ပံ့ကြေးပေးထားသေးတယ်၊ ဒါကြောင့် ကိုယ် အိပ်မပင်ပန်းရတော့ဘူး နိုင်ရဲ့"

"ကောင်းပါပြီလေ၊ နိုင်လဲ ရင်ထဲကစေတနာကြောင့်သာ ပြောရတာပါ၊ မောင့်ရဲ့မာနတရားကို နိုင်နားလည်ထားပြီးသားပါ"

ထားထားနိုင်က အင်းလျားရေပြင်ကိုကြည့်ရင်း သက်ပြင်းချလိုက်၏။ ကိုရင်ထဲမှစေတနာကို နားမလည်နိုင်၍ သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်မိသည်။

## အခန်း (၂၄)

အင်းလျားကန်၏ရေပြင်သည် လှိုင်းကြက်ခွပ်ကလေးများဖြင့် လှုပ်ရှားနေ၏။ ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသောလေပြည်ကလေးက ရင်ကိုအေးမြစေသည်။ ဝင်းတင်လတ်သည် ကံကော်ပင်ကိုမှီလျက် ကန်ရေပြင်ကို ငေးကြည့်နေ၏။ ထားထားနိုင်ကတော့ ဝင်းတင်လတ်၏မျက်နှာကို ငေးကြည့်ရင်းအဖြေရှာနေမိသည်။

ဝင်းတင်လတ်သည် ပင်ကိုယ်ကပင် အေးဆေးတည်ငြိမ်သူ၊ ရိုးသားဖြောင့်မတ်သူ၊ ဘဝအားမာန်ပြည့်ဝသူဖြစ်၍ ချစ်သူအဖြစ်လက်တွဲခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဝင်းတင်လတ်က ရိုးသားဖြောင့်မတ်သည့်အပြင် ယုံကြည်ချက်ပြင်းထန်သူဖြစ်၍ ထားထားနိုင်အတွက်စိတ်ညစ်နေရသည်။

ယခုပင်ကြည့်ပါဦး။ သူတို့နှစ်ဦးစလုံး နောက်ဆုံးနှစ် အပိုင်း (က) ကို ရောက်နေပြီ။ နောက်နှစ်ဆိုရင် အလုပ်သင်ဆရာဝန်ဖြစ်မည်။ အလုပ်သင်ဆရာဝန်ပြီးလျှင် ဆရာဝန်ဖြစ်ကြတော့မည်။ ပြီးလျှင် သူတို့ဘဝခရီးကို ဘယ်လိုဆက်လျှောက်ကြမည်လဲ။

ဝင်းတင်လတ်ကတော့ ပုံမှန်အတိုင်းပင်ဖြစ်၏။ ဆရာဝန်ဖြစ်လျှင် ကျန်းမာရေးဝန်ကြီးဌာနမှာ လက်ထောက်ဆရာဝန်ဝင်လျှောက်မည်။ ရွေးချယ်ခံရလျှင် စေလွှတ်မည့်နေရာကိုသွားမည်။ မည်သည့်ပြည်နယ် မည်သည့်တိုင်းမဆိုသွားမည်။ နှစ်ယောက်အတူ တာဝန်ထမ်းဆောင်ခွင့်ရရေးကိုတော့ တာဝန်ရှိသူများကို တင်ပြမေတ္တာရပ်ခံမည်။ ဇနီးမောင်နှံနှစ်ယောက်၊ ရောက်ရာဒေသမှာ ဆေးကုကြမည်။ ပြည်နယ်သူ ပြည်နယ်

သားများ၊ ဒေသခံကျေးလက်ပြည်သူများကို သူတတ်ကျွမ်းသည့် ဆေးပညာဖြင့် အခွမ်းကုန်ကုသပေးမည်။ ဝင်းတင်လတ်၏ရည်ရွယ်ချက်မှာ ရိုးရိုးစင်းစင်းပင်ဖြစ်သည်။

သားသားနိုင်ကတော့ ဒီလိုမဟုတ်။ ဆရာဝန်ဘွဲ့ရလျှင် နိုင်ငံခြားသို့ သွားမည်။ နိုင်ငံတော်သို့ ပညာသင်ဝရိတ်များလျှော်ပြီး နိုင်ငံခြားမှာပင် အပြီးတိုင်နေထိုင်တော့မည်။ အင်္ဂလန်လား၊ ဩစတြေးလျလား၊ အမေရိကလား၊ နိုင်ငံအပြီးသတ်မရွေးနိုင်သေးတာတစ်ခုပါပဲ။ သူမ မည်သည့်နိုင်ငံသို့ သွားလိုသလဲ။ အခက်အခဲမရှိပါ။ သူမအားခေါ်ယူမည့် ဆွေမျိုးရင်းချာတွေ ထိုနိုင်ငံများမှာ အများကြီးရှိသည်။ သည်အတွက် ပူစရာမလို။ မြန်မာနိုင်ငံမှ ထွက်ခွာခွင့်ရဖို့၊ သွားရောက်မည့်နိုင်ငံများတွင် ပြည်ဝင်ခွင့်ဗီဇာရဖို့၊ အလုပ်အကိုင်ရရှိဖို့ဆိုသည့်ကိစ္စရပ်များမှာ နိုင့်အတွက်အလွန်သေးဖွဲသော လွယ်ကူသောကိစ္စရပ်များဖြစ်သည်။ သူမမှာ အသိုက်အဝန်းကောင်းကောင်းရှိသည်။

ပြီးတော့ ထိုနိုင်ငံများတွင် လောလောဆယ် ရရာအလုပ်ဝင်လုပ်မည်။ ပြီးတော့ ပညာဆက်သင်ပြီး ထိုနိုင်ငံမှာပင် ဆရာဝန်အလုပ်ဝင်လုပ်ပြီး အပြီးတိုင်နေထိုင်သွားရန်ဖြစ်၏။

သားသားနိုင်၏အဖေက နိုင်ငံအတော်များများတွင် တာဝန်ထမ်းဆောင်ဖူးသူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သလို သားသားနိုင်ကိုယ်တိုင်လည်း နိုင်ငံအချို့သို့ ဖခင်နှင့်အတူလိုက်ပါလည်ပတ်နေထိုင်ခဲ့ဖူးသည်။

သည်တော့ သူမ၏ရည်မှန်းချက်မြင့်မားသည်မှာ မဆန်းလှပေ။ သူမသည် အမိနိုင်ငံတွင်နေထိုင်ရန် လုံးဝဆန္ဒရှိသူ မဟုတ်ပေ။ နိုင်ငံကြီးတစ်ခု

တွင် အခြေချနေထိုင်မည်။ စီးပွားရှာမည်။ အဆောင်အယောင်အခမ်းအနား ဖြင့် အထက်တန်းကျကျနေမည်။ ဘဝကို အောင်မြင်စွာ ကြိုးပမ်း တည်ဆောက်ပြီး ပျော်ရွှင်စွာခံစား စံစားမည်။ ဒါကတော့ သူမ၏အမြင့်ဆုံး ရည်မှန်းချက်ဖြစ်သည်။ လူ့ဘဝကိုရောက်လာသည့်အချိန်အတွင်း ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်မည်။ အဆင့်အတန်းမြင့်မြင့်နေ မည်။ ဒါက သူမ၏မြဲမြံနိုင်မာသော ယုံကြည်ချက်ဖြစ်သည်။

အင်းလျားကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသောလေက အေးမြ လှသည်။ သို့သော် သူတို့နှစ်ဦး၏ရင်ထဲမှာတော့ မအေးမြနိုင်ပေ။ နိုင်က ပင် စကားစလိုက်၏။

"နိုင်တို့ရှေ့ခရီးကို ဘယ်လိုဆက်လျှောက်ကြမှာလဲ ကိုလတ်၊ နောက်ဆုံးနှစ်ရောက်နေပြီ၊ အလုပ်သင်ကာလတစ်နှစ်ဆိုတာလဲ ဘာမှ ကြာမယ့်အချိန်မဟုတ်ဘူး။ ဆရာဝန်ဖြစ်ရင် နိုင်တို့ ဘာဆက်လုပ်ကြမလဲ၊ တကယ်တော့ နိုင်က မိန်းကလေးကာစပြီး ဒီကိစ္စကိုပြောနေရတာတောင် မကောင်းလှပါဘူး"

ဝင်းတင်လတ်က နိုင့်မျက်နှာကလေးကိုကြည့်လိုက်သည်။ ပြီးတော့မှ စကားကို တစ်လုံးချင်းပြော၏။

"ကိုလတ်မှာတော့ ဘာမှထွေထွေထူးထူး ပြောစရာမရှိပါဘူး နိုင်ရယ်၊ ကိုလတ်ရဲ့ယုံကြည်ချက်နဲ့ ရည်မှန်းချက်ကို နိုင်သိပြီးသားပါ၊ ကိုယ်ပြော လွန်းလို့ နိုင်နားငြီးလောက်ပါပြီ"

"ကိုယ်ကတော့ ဆရာဝန်ဖြစ်အောင်ကြိုးစားမယ်၊ ဆရာဝန်ဖြစ်ရင် ကျန်းမာရေးဝန်ကြီးဌာနမှာ အလုပ်လျှောက်မယ်။ ပြီးတော့ မှိုတဲ့ဆီကို သွားမယ်"

"နိုင့်ကိုလဲ ဒီလိုပဲဖြစ်စေချင်တယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ဘဝကို ပေါင်းစပ်ပြီး ပြည်သူကိုအကျိုးပြုတဲ့ဆရာဝန်အဖြစ် အသက်ထက်ဆုံး တာဝန်ထမ်းဆောင်သွားမယ်။ ဒီပဲ"

"ဒါဖြင့်ရင် နိုင်တို့ဘဝရဲ့အနာဂတ်ကိုရော ကိုလတ်မစဉ်းစားတော့ဘူး လား"

"ကိုယ်တို့ဘဝရဲ့အနာဂတ်ကို စဉ်းစားပြီးသားပဲ။ ဘာတွေထပ်ပြီး စဉ်းစားစရာလိုသေးလဲ၊ ကိုယ်တို့အသက်မွေးဝမ်းကျောင်းအတွက်လည်း နိုင်ငံတော်ကသင်ပေးတဲ့ ဆေးပညာရှိပြီပဲ၊ ကိုယ်တော့ပြည့်စုံပြီလို့ ထင်တာပဲ"

"မဟုတ်ဘူးလေကိုလတ်ရယ်၊ နိုင်တို့အနာဂတ်ဘဝက ဒီလောက်နဲ့ ဘယ်ပြည့်စုံဦးမလဲ၊ ဆရာဝန်ပညာတတ်ရုံနဲ့မပြီးသေးဘူးလေ၊ ဘဝတစ်ခု တည်ဆောက်တယ်ဆိုတာ ငွေကြေးပြည့်စုံဖို့၊ ဓနဥစ္စာတောင့်တင်းဖို့ တိုက်နဲ့ကားနဲ့ ခြံနဲ့ဝင်းနဲ့ တင့်တင့်တယ်တယ် ခန့်ခန့်ညားညားနေနိုင်ဦး မှပေါ့။ အစိုးရဆီမှာ ဆရာဝန်လုပ်ရုံနဲ့ ဒီဘဝကိုဘယ်လိုမှမရောက်နိုင်ဘူး။ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ ဘဝကိုအဆုံးရှုံးမခံနိုင်ဘူး။ နိုင်ကတော့ ဘဝ အတွက် အကောင်းဆုံးကြိုးစားမယ်။ အမြင့်ဆုံးခံစားစံစားမယ်။ ဘဝကို ဖြစ်သမျှနဲ့တော့ ရောင့်ရဲမနေနိုင်ဘူးမောင်"

"ဒီဆိုရင်လဲ ကိုယ်နဲ့နိုင်နဲ့ ဆွေးနွေးစရာမလိုတော့ဘူးလေ။ ကိုယ်တို့ ဘဝအနာဂတ်ဆိုတာလည်း ကိုယ့်အပေါ်မှာမှမတည်တော့ဘူး။ နိုင့်အဆုံး အဖြတ်ပေါ်မှာပဲ မူတည်တယ်။ ကိုယ်ကတော့ ကိုယ့်ယုံကြည်ချက်အတိုင်း ပဲ ဆက်လျှောက်သွားရမှာပဲ၊ ဒီလိုပြောတဲ့အတွက် နိုင့်ကိုမချစ်လို့မဟုတ် ပါဘူး။ နိုင့်ကို အသည်းနှင့်အောင်ချစ်ပါတယ်။ ကိုယ့်ဘဝမှာ ဘယ် မိန်းကလေးနဲ့ကိုမှ သံယောဇဉ်မဖြစ်ခဲ့ဘူး။ ချစ်လဲ မချစ်ဖူးခဲ့ဘူး။ ငယ်ငယ်

လေးကတည်းက နိုင်တစ်ယောက်ကိုပဲ တိတ်တခိုးနဲ့ မြတ်နိုးစွာချစ်ခဲ့မိတယ်''

''ဒါပေမယ့် ဘဝအခြေအနေခြင်းကွာခြားလွန်းလို့ ဖွင့်မပြောရဲဘူး။ မပြောရဲဘူးဆိုတာထက် မပြောရက်ဖူးဆိုတာ ပိုမှန်ပါတယ်''

''ဒါပေမယ့် နိုင်နဲ့ကိုလတ်တို့ ချစ်သူဘဝရောက်ခဲ့ကြတယ်။ နိုင်နဲ့ချစ်သူဖြစ်တဲ့နေ့တာ ကိုယ့်ဘဝမှာ စိတ်အချမ်းမြေ့ရဆုံးနေ့ပါပဲ။ ကိုယ့်ဘဝကိုလဲ အရမ်းကျေနပ်မိတယ်။ ဘဝအတွက်လည်း တွေးပြီးပျော်နေခဲ့မိတယ်။ အခုလိုစကားတွေ အခြေအတင်ဆွေးနွေးကြရ၊ ပြောကြဆိုကြရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့ဘူး''

''တကယ်တော့ ဒါတွေအားလုံးဟာ ကိုယ့်ရဲ့အမှားတွေပါ။ နိုင်ကိုယ့်ကို ဘယ်လောက်အထိချစ်တယ်ဆိုတာ ကိုယ်အသိဆုံးပါ။ ကိုယ်နိုင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာလဲ နိုင်အသိဆုံးပါပဲ''

''ဒီလိုပဲ ကိုယ်က နိုင့်အသည်းနှလုံးကိုချစ်ခဲ့မိတယ်။
နိုင့်ဦးနှောက်ကို ထည့်မစဉ်းစားခဲ့ဘူး။
ဒီလိုပဲ နိုင်လည်း ကိုယ့်အသည်းနှလုံးကိုမြင်ခဲ့တယ်။
ကိုယ့်ယုံကြည်ချက်ကိုတော့ နိုင်မမြင်ခဲ့ဘူး''

''တကယ်တော့ နိုင့်ကို ကိုလတ်အပြစ်မတင်ပါဘူး။ နိုင်အယူအဆတွေဟာ နိုင့်အတွက်မှန်တာပါပဲ၊ ဒီလိုပဲ ကိုလတ်ရဲ့ဘဝပေးအခြေအနေအရဖြစ်လာတဲ့ ကိုလတ်ရဲ့ယုံကြည်ချက်တွေကိုလည်း နိုင်နားလည်ပေးစေချင်ပါတယ်''

''ငှက်တွေဟာ ကောင်းကင်မှာပျော်ပြီး၊ ငါးတွေဟာ ရေထဲမှာပျော်ကြတဲ့ သဘောပါပဲ။ ဒါပါပဲနိုင်ရယ်။ ကိုလတ်သဘောကတော့ ဒီအတိုင်း

[illegible] ကိုလတ်ကို နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။ ကိုယ်တို့ရဲ့ဘဝ [illegible]တွက်တော့ အဓိကက နိုင်ရဲ့အဆုံးအဖြတ်ပဲ"

"နိုင် ဘယ်လိုပဲဆုံးဖြတ်သည်ဖြစ်စေ ကိုလတ်ကတော့ နိုင့်ကို နားလည်ခွင့်လွှတ်နေမှာပါ"

"ကိုလတ်တွေးတာတွေ မဟုတ်သေးပါဘူး။ နိုင်တို့နှစ်ယောက် ဘာ [illegible]လို့ ဘဝချင်းမပေါင်းစပ်နိုင်ရမှာလဲ၊ ဘာဖြစ်လို့ ကိုလတ်က နိုင့်ကို ခွင့်လွှတ်နေရမှာလဲ။ တစ်နေ့မှာ အတူတူလက်တွဲရမယ့်သူတွေပဲလေ"

ဝင်းတင်လတ်က ခေါင်းခါလိုက်၏။

"မဟုတ်သေးဘူးလေ နိုင်ရဲ့။ နိုင်နဲ့ကိုလတ်နဲ့ တူညီတာက နှစ်ယောက်စလုံး သရောဝန်ဆိုတဲ့အချက်တစ်ချက်ပဲရှိတယ်။ ကျန်တာတွေ က တခြားစီပဲ၊ လူနေမှုအဆင့်အတန်းချင်း၊ အသိုင်းအဝိုင်းချင်း တခြားစီပဲ၊ [illegible]တော့ ဘဝပေးအသိနဲ့ ယုံကြည်ချက်ချင်းက ပိုပြီးကွာသေးတယ်၊ ကိုလတ်ကတော့ နိုင့်ကိုချစ်နေတာဟာ အလွန်မြင့်တဲ့တောင်အစွယ်နှစ်ခု ကြားမှာ ဆက်ထားတဲ့ကြိုးတန်းကလေးတစ်ခုပေါ်မှာ လမ်းလျှောက်နေရ သလိုပဲ၊ ရင်ထဲမှာ ထိတ်ထိတ်ပဲ။ နိုင်နဲ့ကိုလတ်ဘယ်လောက်ချစ်ကြ ပေမဲ့ တစ်နေ့မှာ ဝေးကြရလိမ့်မယ်လို့ ကိုယ်ရင်ထဲမှာ ခံစားနေရတယ်။ [illegible]အကြောင်းတွေကို မတွေးချင်ဘူး၊ တွေးမိတိုင်း မပျော်ဘူး"

ထားထားနိုင်က သူမ၏ ခေါင်းကို ခါယမ်းရင်း ပြန်ပြောလိုက်သည်။

"ခုအချိန်ထိ ကိုလတ်ဘာကိုဆိုလိုတယ်။ ဘာကိုရိုးရိပ်နေတယ်ဆို တာ နိုင်စဉ်းစားလို့မရဘူး။ ကိုလတ်ဟာ တစ်ခါတစ်ခါမှာ အတွေးခေါင် [illegible]တယ်၊ တစ်ခါတစ်ခါမှာ စာအုပ်ဆန်လွန်းတယ်။ တစ်ချို့ကိစ္စတွေမှာ [illegible]ကိုလတ်တွေးတာတွေက လက်တွေ့မဆန်ဘူး။ ကိုလတ်ဟာ သာမန်

အားဖြင့်ကြည့်ရင် အေးချမ်းတယ် ထင်ရတယ်ပေမယ့် ကိုလတ်တာ မှမင် သောကကြီးတယ်။ မိုးပြိုမှာကိုတွေးပြီး ကြောက်နေတယ်တဲ့ ယုန်ကလေး လိုပဲ''

''နိုင်ပြောတာဟုတ်ပါတယ်။ အထူးသဖြင့် ကိုယ့်ရဲ့ဘဝပေး အခြေ အနေအရကို စိုးရိမ်မှုတွေ၊ ပူပန်မှုတွေ၊ သောကတွေနဲ့ ကြီးပြင်းခဲ့ရတာ ပါ။ နိုင်တော့ ဒါတွေကို နားလည်နိုင်မှာမဟုတ်ဘူး။ နိုင်တို့ဘဝမှာက စိုးရိမ် မှုတွေ၊ ပူပန်မှုတွေဆိုတာ မရှိခဲ့တဲ့ ဝေါဟာရတွေပဲ။ ဒါပေမယ့် ကိုယ့်ကို တော့ အပြစ်တင်ချင်ရင်လဲတင်ပါ။ ကိုယ်ဘဝမှာ ဘာအတွက်မှ အားမငယ် ခဲ့ဘူး။ ဒါပေမယ့် ကိုယ်တို့ချစ်ခရီးနဲ့ပတ်သက်ပြီး တွေးမိရင်တော့ အားငယ်မိတယ်။ နိုင်နဲ့ဝေးသွားမှာကိုတော့ အစိုးရိမ်ဆုံးပဲ။

''နိုင်က ကိုလတ်ကိုချစ်ပါတယ် ကိုလတ်ရယ်။ ကိုလတ်အစိုးရိမ် လွန်နေတာတော့ နိုင်မတတ်နိုင်ဘူး''

''နိုင် ကိုလတ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုလတ်သိပါတယ်။ ကိုလတ်ကို ဘယ်တော့မှ မမုန်းဘူးဆိုတာ ယုံကြည်ပါတယ်၊ ချစ်လျက် နဲ့ ဝေးရမှာကို ကိုယ်အစိုးရိမ်ဆုံးပဲ''

## အခန်း (၂၅)

ဒေါက်တာ ဝင်းတင်လတ်က နိုင်နှင့်ဝေးရာမှာ အကြောက်ဆုံးတော့ ဆိုခဲ့သော်လည်း ဒေါက်တာ ထားထားနိုင် နိုင်ငံခြားသို့ အပြီးတိုင်ထွက်ခွာသွားခဲ့သည်မှာ ငါးနှစ်ပင်ကျော်ခဲ့ပေပြီ။ သည်အတောအတွင်းမှာ သူတို့နှစ်ဦးအဆက်အသွယ်မရခဲ့။ ဒေါက်တာ ဝင်းတင်လတ်က အလုပ်သင်ဆရာဝန်ကာလပြီးဆုံးကာတည်းက နယ်ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ရသည်က များသည်။ ရန်ကုန်မြို့နှင့်ပင် အဆက်အသွယ်သိပ်မရှိလှ။

နိုင်ငံခြားသို့ သွားရောက်ပညာသင်ရသည့်အချိန်ကလည်း နှစ်နှစ်ကျော်ကြာခဲ့သေးသည်။ ထိုကာလများအတွင်း ဒေါက်တာ ထားထားနိုင်ထံမှ စာတစ်စောင်သာရရှိခဲ့သည်။ ထိုစာသည် ချစ်သူထံမှစာဖြစ်သော်လည်း ဒေါက်တာဝင်းတင်လတ်၏ရင်ကို လှုပ်ခတ်စေခြင်းမှာ မစွမ်းနိုင်ခဲ့။

"ချစ်သောကိုလတ်"

အနေဝေးလို့ဝေးပေမယ့် ကိုလတ်ကို နိုင်အမြဲသတိရလျက်၊ လွမ်းဆွတ်လျက်ပါ။ သည်လိုလွမ်းနေရတဲ့ဘဝနဲ့ ဘယ်အထိရှည်ကြာနေဦးမလဲ မသိဘူးနော်။ တကယ်တော့ ဒီတွေအားလုံးဟာ ကိုလတ်ကြောင့်ဖြစ်ရတာတွေပါပဲ။ တကယ်တော့ နိုင်ရင်ထဲမှာ ခံစားနေတဲ့ ဝေဒနာတွေအားလုံးဟာ ကိုလတ်ရဲ့ ခေါင်းမာမှု၊ အယူသည်းမှု၊ တယူသန်မှုတွေကြောင့်ပါပဲ။ ဒီအကြောင်းတွေ မပြောတော့ပါဘူးလေ။ လွမ်းလို့ရေးလိုက်တဲ့စာမှာ ကိုလတ်စိတ်အနှောင့်အယှက်ဖြစ်စေမဲ့ စကားတွေ မပြောတော့ပါဘူး။

တကယ်တော့ ကိုလတ်ရေ၊ ကောင်းတာလေးတွေတွေ့ရင် နှစ်သက်ရာလေးတွေ့ရင် ကိုယ်အချစ်ဆုံးသူကို သတိရတတ်တာ ချစ်သူတို့ရဲ့ သဘာဝပါပဲ။ နိုင်လဲ ကိုလတ်ကို အမြဲသတိရတယ်။

ဒီက လူနေမှုဘဝက အစစအရာရာ မြင့်မားတယ်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အမြင့်ဆုံးကို တက်လှမ်းနိုင်တယ်။ နိုင်ဆိုရင် အခု မျက်စိအထူးကုပါရဂူဘွဲ့ရတော့မယ်။ မျက်စိရောဂါ အထူးကုဆေးခန်းနဲ့ မျက်မှန်အရောင်းဆိုင်ခန်းတွဲပြီး ဖွင့်ထားတယ်။ ချမ်းသာတဲ့နိုင်ငံဆိုတော့ ဆေးဖိုးဝါးခအတွက် လူနာကို လုံးဝအားနာစရာမလိုဘူး။

သည်ကလူတွေ စားဝတ်နေရေးပြေလည်ကြတယ်။ လူတိုင်းလူတိုင်း အဆင့်မြင့်မြင့်နဲ့ ခေတ်မီမီပညာသင်ကြားနိုင်တယ်။ ပညာသင်ကြားရာမှာ အထောက်အကူပြုပစ္စည်းတွေ အဆင့်မြင့်မြင့်သုံးနိုင်တယ်။

ပညာသင်ပြီးလို့ အလုပ်ခွင်ဝင်လည်း လစာကောင်းကောင်းရတယ်။ ကြိုးစားရင် ကြိုးစားသလောက်ခံစားခွင့်ရှိတယ်။

လူနေမှုအဆင့်မြင့်မားတယ်။ စားရေး၊ ဝတ်ရေး၊ နေရေးဘာတစ်ခုမှ ပူစရာမလိုဘူး။ အဆင့်အတန်းမြင့်တယ်။ ဘာမဆို လိုတာရပဲ၊ အကုန်ရနိုင်တယ်။ မရဘူးဆိုတာ ဘာမှမရှိဘူး။ ငွေသာရှိရင် လူဘဝမှာ လိုချင်တာတွေ အကုန်ရနိုင်တယ်။ နိုင်တို့ အမိနိုင်ငံနှင့် နှိုင်းယှဉ်ပြောရင် အများကြီးကွာခြားတယ်။ နတ်ဘုံနတ်နန်းတမျှ သာယာဖွယ်ကောင်းတယ်။

နိုင်ကတော့ ကိုလတ်ကို အမြဲသတိရတယ်။ နိုင်က နတ်ဘုံနတ်နန်းမှာ စံမြန်းနေပြီး ကိုလတ်က ဆင်းရဲတွင်းထဲမှာ ကျန်နေရစ်ခဲ့ရတာကို တွေးမိတိုင်း စိတ်မကောင်းဘူး။ ကိုလတ်အပေါ်ထားခဲ့တဲ့ နိုင်မေတ္တာကို နားမလည်တဲ့အတွက်လည်း ဝမ်းနည်းမိတယ်။

ကိုလတ်ကို အမြဲသတိရတယ်။ ကိုလတ်ကို လွမ်းတယ်။ ကိုလတ်
အခေါ်တွေ ပြောင်းလာမဲ့တစ်နေ့ကို နိုင်မျှော်လင့်လျက်ပါ။

သစ္စာဖြင့်

နိုင်

(ယူနိုက်တက်ကင်းဒမ်းနိုင်ငံ)

အကြိမ်ကြိမ်ဖတ်ရမည့် ချစ်သူစာဖြစ်သော်လည်း တစ်ကြိမ်သာဖတ်ပြီး ဒေါက်တာ ဝင်းတင်လတ် စာအုပ်ကြီးတစ်အုပ်ကြားမှာ အပြီးတိုင်သိမ်းဆည်းထားလိုက်သည်။

ဒေါက်တာ ထားထားနိုင်၏စာက အချစ်အလွမ်းထက် သူနေထိုင်သော နိုင်ငံ၏ ဘုန်းတော်ဘွဲ့တွေက များနေသည်ဟု သူထင်သည်။ ဒေါက်တာ ထားထားနိုင်က သူမ နေထိုင်ရာနိုင်ငံကို ရွှေဘုံရွှေနန်းထင်ရကြောင်း သူမ၏ စာထဲမှာ အထင်အရှားပေါ်လွင်နေသည်။

ဒေါက်တာ ဝင်းတင်လတ်အနေဖြင့် တစ်နေ့တော့ နိုင်ပြန်လာကောင်း ပြန်လာနိုင်သည်ဟူသော မျှော်လင့်ချက်ကလေးကို မရဲတရဲထားခဲ့ဖူးသည်။ ခုတော့ ထိုမျှော်လင့်ချက်ကလေးများသည် နေရောင်အောက်က နှင်းပွင့်ကလေးများသဖွယ် ပျောက်ကွယ်ရတော့သည်။ ထို့ကြောင့်လည်း ဒေါက်တာတင်ဝင်းလတ်အနေဖြင့် ချစ်သူကို မေ့နိုင်သမျှမေ့ရန်သာ အစွမ်းကုန်ကြိုးစားခဲ့ရတော့သည်။

ဆောင်းညက အေးမြလွန်းလှသည်။ ဒေါက်တာ ဝင်းတင်လတ်နှင့် ဗိုလ်ကြီးဇော်အောင်တို့သည် မီးဖိုဘေးမှာ တားသောက်ရင်း စကားပြော နေကြ၏။ ဗိုလ်ကြီးဇော်အောင်က သူ့အကြိုက် ယမကာနှင့်မို့ စားလိုက် သောက်လိုက်နှင့် နှုတ်သွက်အာသွက်ဖြစ်နေသည်။ အမြည်းနှင့်စားစရာ များအားလုံးကို ဒေါက်တာယုယုလှိုင်က ချက်ပြုတ်ပြီး ဆေးရုံမှ ဝန်ထမ်း တစ်ဦးကိုပို့ခိုင်းလိုက်သဖြင့် အဆင်ပြေနေသည်။ ဒေါက်တာဝင်းတင်လတ် အိမ်မှာဆိုလျှင် ဖွယ်ဖွယ်ရာရာစားစရာရှိမည်မဟုတ်။ ဒေါက်တာယုယုလှိုင် သိသည်။ သို့ဖြစ်၍ အလိုက်တသိ စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။

မတွေ့ ရတာကြာပြီဖြစ်သော ငယ်သူငယ်ချင်းဖြစ်၍ ရှေးဟောင်းနှောင်း ဖြစ်တွေ ပြောမဆုံးအောင်ဖြစ်နေသည်၊ ညသည်ပင် အတော်နက်ဟော့နေပြီ။

''ငါတော့ မင်းတို့နှစ်ယောက်စလုံးကို အံ့ဩတယ်ကွာ၊ တကယ့်ကိုပဲ အံ့ဩမိတယ်''

''မင်းတို့နှစ်ယောက်ရဲ့အဖြစ်က ဝတ္ထုထဲက ဇာတ်လမ်းမျိုးတွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်။ လူ့လောကရဲ့ဖြစ်ရိုးဖြစ်စဉ်အတိုင်းလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ငါတို့စစ်တပ်စကားနဲ့ပြောရရင်တော့ ထူးခြားဖြစ်စဉ်လို့ပဲ ဆိုရမယ်''

ဗိုလ်ကြီးဇော်အောင်က ဒေါက်တာဝင်းတင်လတ်နှင့် ဒေါက်တာ ထားထားခိုင်တို့၏ အခြေအနေကို ဝေဖန်နေ၏။

''ဘာဖြစ်လို့လဲ သူငယ်ချင်းရာ၊ ငါတို့အဖြစ်က ဘာမှ အဆန်းတကြယ်

ရှိပါဘူး။ သာမန် ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ သူများထက် ထူးခြားတယ်လို့ ဆိုရတာကတော့ ငါ့ရင်ထဲက ခံစားချက်ဘဲ။ ငါ့ရင်ထဲမှာ ခံစားနေရတာ ကြည့်ပြီးပြည့်ပါ သူငယ်ချင်းရေ။ ငါ့အနေနဲ့ နိုင်ကို ဘယ်လောက်ချစ်တယ် ဆိုတာ မင်းအသိဆုံးပါ"

"အေး ဟုတ်တယ်၊ မင်း မနိုင်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါအသိဆုံးဖြစ်သလို မနိုင် မင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ ငါအသိဆုံးဘဲ"

"ဒီလောက်ချစ်တဲ့ ချစ်သူနှစ်ဦးဟာ ဘာကြောင့် မပေါင်းနိုင်ရမှာလဲ၊ အရွယ်ချင်းမမျှလို့လား။ အဆင့်အတန်းချင်း မတူလို့လား။ မဖြေရှင်းနိုင်တဲ့ အခက်အခဲတွေ ရှိနေလို့လား။ ဒီလိုအဆင်မပြေမှုတွေလဲ မရှိဘူး။ ဘာမှ အခက်မခဲမရှိတဲ့ ချစ်သူနှစ်ယောက် ဘာကြောင့် မပေါင်းနိုင်ရသလဲဆိုတာ ငါစဉ်းစားနိုင်လောက်အောင် ဖြစ်နေတယ်ကွာ၊ တစ်ခုခုတော့ မှားယွင်းနေပြီထင်တယ်သူငယ်ချင်း"

ဒေါက်တာ ဝင်းတင်လတ်က ရှင်းပြ၏။

"ဘာမှ မမှားပါဘူးကွာ။ နှစ်ဦးစလုံးအတွက်အဖြေက မှန်နေတာဘဲ။ နိုင့်ဘက်ကကြည့်ရင် နိုင်ပြောတာတွေအားလုံး မှန်တာဘဲ။ သူ့ကို ကိုယ် အပြစ်မတင်ပါဘူး"

"မတူညီတာက သူနဲ့ကိုယ်ရဲ့ ခံယူချက်ပဲ။ သူ့ရဲ့ခံယူချက်ကလည်း သူ့ဘဝပေး အခြေအနေနဲ့ နှိုင်းယှဉ်ရင် မှန်တာပဲ။ ကိုယ့်ရဲ့ခံယူချက်ကလည်း ကိုယ့်ဘဝပေး အခြေအနေနဲ့တွက်ကြည့်ရင် မမှားဘူးလို့ ကိုယ်ယုံကြည်တယ်။ ဒါကြောင့် ကိုယ်တို့လက်တွဲလို့မရတာ"

"နိုင့်မှာ ဘာအပြစ်မှမရှိပါဘူး။ နိုင်ဟာ ကိုယ့်အပေါ်မှာ အဖြူစင်ဆုံးသော စေတနာ၊ အမြင့်ဆုံးသောမေတ္တာနဲ့ ချစ်ခဲ့ရှာတာပါ။ သူကိုယ့်ကို နိုင်ငံခြားကို ခေါ်ချင်တာကလည်း ကိုယ့်ကို မြင့်မားတဲ့ဘဝတစ်ခုကို

တည်ဆောက်ပေးချင်လို့ မြှင့်တင်ပေးချင်လို့ဆိုတာ ကိုယ်ယုံကြည်ပါတယ်''

ဒါပေမယ့် နိုင်က နိုင်ငံခြားကို အထင်ကြီးလွန်းတယ်။ နိုင်ငံခြားက ခေတ်မီလွန်းတဲ့၊ ပကာသနဆန်တဲ့ လူနေမှုဘဝကို အားကျလွန်းတယ်။ သူ့နိုင်ငံခြားကို အထင်မကြီးလွန်းရင် ကိုယ်နဲ့သူနဲ့ဘဝဟာ ပန်းခင်းသောလမ်းပဲ။ သာမန် ပန်းခင်းသောလမ်းမဟုတ်ဘူး။ အလွန်မွှေးပြီး အလွန်လှတဲ့ ပန်းမျိုးစုံခင်းထားတဲ့လမ်း ဖြစ်နိုင်တယ်''

သူမြန်မာပြည်ကိုချစ်ရင်၊ သူမြန်မာမှုကိုမြတ်နိုးရင် သူမြန်မာ့လူနေမှုဘဝကို ခံစားတတ်ရင် ဒီပြဿနာမပေါ်နိုင်ဘူး''

ဗိုလ်ကြီးဇော်အောင်က သူ့ထင်မြင်ချက်ကိုပြော၏။

''နှစ်ဦးနှစ်ဖက် ညှိယူရမှာပေါ့ကွာ''

''ကိုယ်တို့အကြိမ်ကြိမ် ညှိနှိုင်းပြီးပြီ။ မြန်မာပြည်မှာနေမယ်။ တောကို မဆင်းချင် မဆင်းပါနဲ့။ ကိုယ်နေတဲ့ဘဝမျိုးမှာ သူမနေပါနဲ့။ သူ့ရန်ကုန်မှာပဲနေပါ။ ဒါဆိုရင် ဘာမှပြဿနာမရှိတော့ဘူး။ အကြိမ်ပေါင်းများစွာ ညှိနှိုင်းပြီးပြီ။ အဖြေက ဒီအဖြေဘဲထွက်တယ်။ ဒီတော့ ဆုံးဖြတ်ချက်ချဖို့ဘဲရှိတယ်။ ''လက်တွဲမလား၊ လမ်းခွဲမလား'' ဒါပဲ''

ဗိုလ်ကြီးဇော်အောင်က ငယ်သူငယ်ချင်းဖြစ်သည့်အပြင် ဒေါက်တာထားထားနိုင်နှင့်လည်း ရင်းနှီးခင်မင်သူဖြစ်၍ ဒေါက်တာ ဝင်းတင်လတ်ကို ပြတ်ပြတ်သားသားဝေဖန်နေ၏။

''မင်းရင်ထဲမှာ အချစ်ဆိုတာရော ရှိသေးရဲ့လား ဝင်းတင်လတ်ရာ။ မင်းကို သူငယ်ချင်းအချင်းချင်းမို့ အားမနာတမ်းဝေဖန်ရရင် မင်းဟာ စိတ်ကူးယဉ်လွန်းတယ်၊ စာအုပ်ကြီး ဆန်လွန်းနေတယ်''

''မင်းဝေဖန်တာကို ငါစိတ်မဆိုးပါဘူး။ နိုင်ကလည်း မင်းလိုဘဲ ငါ့ကို ဝေဖန်ဖူးတယ်။ ကိုယ်တို့ဇာတ်လမ်းကို သိတဲ့သူတိုင်းက ဒီလိုဘဲ မှတ်ချက်ချတယ်။ တစ်ချို့ကဆိုရင် ငါ့ကို ရူးနေတယ်လို့တောင် ထင်တယ်။

ချိပေမယ့် ကိုယ်ဝရုမစိုက်ပါဘူး။ ကိုယ့်ယုံကြည်ချက်အတိုင်းဘဲ ဆက်သွားမှာပဲ''

''ချစ်သူနှစ်ဦးပေါင်းရမှ အချစ်ဆိုတာ အဓိပ္ပာယ်ရှိတာမဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး ရင်ထဲမှာ ထာဝရချစ်နေရင် အဓိပ္ပာယ်ပြည့်စုံတာပါဘဲ။ ရလိုမှုများတဲ့သူတွေ၊ အတ္တကြီးမားသူတွေအတွက်တော့ အချစ်ဆိုတာ ရယူခြင်းပေါ့။ ကိုယ်တော့ ဒီလိုမဟုတ်ဘူး''

''နိုင့်ကို အမြဲစိတ်ချမ်းသာစေချင်တယ်။ ကိုယ့်ကိုချစ်လို့ နိုင်စိတ်ဆင်းရဲနေရမယ်ဆိုရင် ကိုယ်စွန့်လွှတ်ဖို့အသင့်ဘဲ။ ကိုယ်စွန့်လွှတ်လိုက်လို့ သူ့ဘဝစိတ်ချမ်းသာမယ်ဆိုရင်ပေါ့''

''ကိုယ်သူ့ရဲ့ကောင်းဆန်တာမဟုတ်ဘူး၊ သူငယ်ချင်း။ ကိုယ်ဘဝမမေ့တဲ့အတွက် ဒီစကားပြောတာပဲ။ ကိုယ့်အခြေအနေက ကိုယ့်ဘဝကိုဘယ်လိုမှမေ့လို့မဖြစ်ဘူး။ ပြီးတော့ ကိုယ့်အမေဟာ မုဆိုးမဘဝနဲ့ ဈေးတောင်းကိုခေါင်းပေါ်မှာရွက်ပြီး ကိုယ့်ကို ဒီဘဝရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တယ်''

''တကယ်လို့ ငါငယ်ငယ်က ငါတို့ရွာမှာ ဆေးပညာကျွမ်းကျင်တဲ့ဆရာဝန်တစ်ယောက်သာရှိခဲ့ရင် ငါ့အဖေနဲ့ ငါ့အစ်ကို အသက်ဆုံးရှုံးကြမှာမဟုတ်ဘူး။ ငါလည်းဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ပင်ပန်းဆင်းရဲစွာရုန်းကန်ခဲ့ရမှာမဟုတ်ဘူးဆိုတဲ့အသိက ငါ့ရင်ထဲမှာ အမြဲရှိတယ်။ ဒီတော့ငါနဲ့ဘဝတူ ကျေးလက်ပြည်သူတွေ၊ တိုင်းပြည်ရဲ့အနာဂတ်မှာ ကြီးပြင်းလာမဲ့ လူငယ်ကလေးတွေ ငါ့လိုအဖြစ်မျိုး မကြုံစေချင်ဘူး။ ငါ့အမေရဲ့ရင်ထဲမှာလည်း ဒီလိုဆန္ဒမျိုးအပြည့်ရှိတယ်။ အမေမရှိတော့ပေမယ့် အမေ့ရင်ထဲကဆန္ဒကိုလည်း အကောင်အထည်ဖော်ချင်တယ်''

ပြီးတော့ မင်းလည်းဇူဗွာသာဝင်တစ်ယောက်ဘဲ။ နိုဗူဗွမြတ်စွာ

ဘောကြားတော်မူခဲ့တဲ့ တရားတွေရှိတယ်။ ဒီတရားတွေဟာ လူတိုင်း လိုက်နာကျင့်သုံးအပ်တဲ့ တရားတွေဘဲ။ လိုက်နာကျင့်သုံးသူအတွက်ရော၊ လိုက်နာကျင့်သုံးသူနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်အတွက်ရော အကျိုးပြုတဲ့ တရားတွေပဲ။

ဗိုလ်ကြီးဇော်အောင်က ပြောလိုက်၏။

''ဝင်းတင်လတ်ရာ၊ မင်းကတော့ တကယ့်ကောင်ပဲ၊ ဆရာဝန်တောင် လုပ်ဖို့မကောင်းဘူး''

''မင်းပြောတာ ငါသိပါတယ် ဇိုးဇော်ရာ၊ မင်းတို့ကို ဘုန်းကြီးဝတ်ရင်ကောင်းမယ် ပြောမလို့မဟုတ်လား''

ဗိုလ်ကြီးဇော်အောင်စကားမဆုံးခင် ဒေါက်တာ ဝင်းတင်လတ်က ဖြတ်ပြောလိုက်၏။ ဗိုလ်ကြီးဇော်အောင်က ပြုံးနေသည်။

''ဒါပဲရှိတော့တာပေါ့ကွ၊ မဟုတ်ဖူးလား''

''မဟုတ်ပါဘူး သူငယ်ချင်းရာ ဗုဒ္ဓတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်နိုင်ရင် အားလုံးအတွက် အကျိုးရှိတယ်လို့ ကိုယ်ပြောချင်တာပါ။ ဥပမာကွာ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရမယ်၊ စိတ်ကို ဖြူစင်အောင် ထားရမယ်။ မကောင်းမှုတွေကို ရှောင်ကျဉ်ရမယ်၊ ကောင်းကျိုးကို ဆောင်ရွက်ရမယ်၊ မိမိလူမျိုးနဲ့ နိုင်ငံရဲ့ကျေးဇူးကိုသိတတ်ပြီး အလုပ်အကျွေးပြုနိုင်အောင် ကြိုးစားရမယ်။ လောကလူသားအားလုံးနဲ့ သတ္တဝါဝေနေယျတို့အတွက် မေတ္တာရှေ့ရှု ကောင်းကျိုးပြုနိုင်အောင် ကြိုးစားရမယ်လို့ သွန်သင်ဆုံးမတော်မူတယ်။ ဒီအတိုင်း လိုက်နာကျင့်သုံးနိုင်အောင်လည်း ကိုယ်ကြိုးစားတယ်''

''ကိုယ်သဘောပေါက်ပါပြီကွာ၊ မင်းကို သက်သက်နောက်တာပါ။ သူငယ်ချင်းရဲ့ စိတ်ဓာတ်ကိုတော့ ကိုယ်လေးစားချီးကျူးပါတယ်''

ပြီးတော့ ...

“မင်းနဲ့ ချင်းဆရာမလေးရဲ့ အခြေအနေကကော”

“ဘာဆိုင်လို့လဲကွ၊ မင်းမေးခွန်းက တစ်မျိုးကြီးပါလား။ ငါတို့က ဘာမှမဟုတ်ပါဘူး သူငယ်ချင်းရာ၊ ဆရာမလေးနဲ့ ကိုယ်နဲ့ ခင်မင်တာ မှန်ပါတယ်။ ဒါပေမယ့် သဘောရိုးပါ”

“အစတော့ ရိုးရိုးပေါ့ကွာ၊ နောက်တော့မှသာ တစ်မျိုးပေါ့၊ မဟုတ်ဘူးလား”

“မနောက်ပါနဲ့ သူငယ်ချင်းရာ၊ ကိုယ်တကယ်ပြောတာပါ။ သူလည်း ကိုယ့်လိုပဲ ခံယူချက်သမားပါ။ မိန်းကလေးဆိုပေမယ့် သူ့ယုံကြည်ချက်ကလည်း အတော်ပြင်းထန်တယ်၊ ယုံကြည်ချက် ပြင်းထန်သလို လက်တွေ့လည်း ကျင့်သုံးတဲ့မိန်းကလေးကွ၊ ဒါကြောင့် သူ့ကို ကိုယ်လေးစားပြီး ခင်မင်နေတာ၊ တကယ်လည်း ရိုးရိုးသားသား ခင်မင်စရာကောင်းတဲ့ မိန်းကလေးပါ”

“ဒါနဲ့ မယုကပြောတော့ မရိုးသလိုပဲ။ တခြားလူတွေကလည်း ဒီလိုပဲ ထင်နေကြသတဲ့။ ဒါကြောင့် မယုက ရှင်တို့ချင်းက သူငယ်ချင်းအရင်းတွေမို့ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောကြပါ။ ယုံကြည်ချက်ချင်းတူတဲ့ သူချင်းမို့ လက်တွဲမယ်ဆိုရင်လဲ အမြန်အကောင်အထည်ဖော်နိုင်းပါတဲ့။ လူပျိုကြီး၊ တစ်ကိုယ်တည်း၊ အဆွေးသမားကြီး လုပ်မနေပါနဲ့တဲ့” ကိုယ့်ကိုပြောနိုင်းနေတယ်။

“တကယ်တော့ သူတို့အနေနဲ့ ထင်မယ်ဆိုရင်လည်း ထင်ချင်စရာပါပဲ။ ကိုယ်တို့နှစ်ယောက်ကလည်း လုပ်ငန်းသဘောအရ အတူသွား အတူလာခဲ့တာလဲရှိတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့က ဖြူဖြူစင်စင် ခင်မင်ကြတာပါ။ ကိုယ့်အကြောင်း သူသိသလို၊ သူ့အကြောင်းလဲ ကိုယ်သိတာမို့ ရင်းရင်းနှီးနှီး ခင်မင်နေတာပါ”

“ဆိုပါဦး၊ သူ့အကြောင်း မင်းဘာတွေသိလို့လဲ”

''ဆရာမလေးက တို့နဲ့တစ်နှစ်တည်း ဆယ်တန်းအောင်တယ်ကွာ၊ ဂုဏ်ထူးသုံးဘာသာပါတယ်။ စက်မှုတက္ကသိုလ်တက်မယ်ဆိုရင် အမှတ်မီတယ်၊ မတက်ဖူး။ သူတက္ကသိုလ်တက်မယ့် ကုန်ကျစရိတ်ကို သူ့ရွာမှာ ကျောင်းဆောက်ဖို့ လှူလိုက်တယ်။ ပြီးတော့ စေတနာဆရာမလုပ်တယ်၊ အခုတော့ အစိုးရခန့် ဆရာမပေါ့၊ ပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း တက်တက်ကြွကြွနဲ့ ပါဝင်နေတယ်''

''တော်ပါပြီဆရာကြီး၊ ဒါတွေအားလုံး မယုပြောလို့ ငါသိပြီးသားပါ၊ ငါပြောတာ အခြားအကြောင်းတွေကွ''

''သိပါတယ်သူငယ်ချင်းရာ၊ သူ့မှာ ချစ်သူရှိခဲ့ဖူးတယ်။ ရှိခဲ့ဖူးတယ်ဆိုတာထက် ရှိနေတယ်ဆိုတာ ပိုမှန်မယ်၊ သူ့ချစ်သူက ဒီမှာမရှိဘူး။ မူးယစ်ဆေးဝါးကိစ္စနဲ့ တစ်ဝက်နိုင်ငံမှာ တိမ်းရှောင်နေတယ်၊ ဒီနိုင်ငံကို ပြန်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ သူ့မှာ ပြစ်မှုရှိနေတယ်၊ တိုဘက်နိုင်ငံမှာ ကြီးပွားချမ်းသာနေတယ်၊ ဆရာမလေးကို နည်းအမျိုးမျိုးနဲ့ ခေါ်တယ်၊ ဒါပေမယ့် ဆရာမလေးက မလိုက်ဖူး။ သူ့မွေးရပ်မြေ၊ သူ့ကျောင်းနဲ့ သူ့ကလေးတွေကို သူမခွဲနိုင်ဘူး''

''မင်းက အတော်သိနေသားပဲ''

''သိတာပေါ့သူငယ်ချင်းရယ်၊ ဒါကြောင့် ကိုယ်ပြောတာပေါ့၊ ကိုယ်တို့နှစ်ယောက်က ရိုးရိုးသားသား ခင်တာပါလို့''

''မယုက မင်းအပေါ် သံသယရှိနေတယ်။ မနိုင်အကြောင်း သူသိထားသလို မင်း မနိုင်နဲ့ မဆက်သွယ်တာလည်း ဆရာမလေးအပိုင်း တစ်စိတ်တစ်ဒေသတော့ ပါမှာပဲလို့ သူထင်နေတယ်''

''ဒါကတော့ မယုက ကိုယ်တို့ကို အထင်သေးတာပဲ၊ တကယ်တော့ ကိုယ်က ဆရာမလေးရဲ့ လူမှုရေးဆောင်ရွက်ချက်တွေကိုသိထားလို့ လေးစားပြီး ခင်မင်နေမိတာပါ၊ သူကလည်း ကိုယ့်အပေါ် ဒီအတိုင်းပါပဲ။

ပြီးတော့ သူတို့တောင်ပေါ်သူတွေဟာ အချစ်နဲ့ပတ်သက်လာရင် အောက်ချင်းငှက်လို သစ္စာကြီးတတ်ကြတယ်။ သူချစ်သူကို သူချစ်ခဲ့ပြီးပြီတဲ့။ သူချစ်သူအပေါ်ထားတဲ့အချစ်ကို ဘယ်တော့မှ မရုပ်သိမ်းဖူးတဲ့။ သူချစ်သူဟာ ဘယ်ဘဝတဲ့ရောက်ရောက်၊ ဘာပဲဖြစ်နေဖြစ်နေ၊ သူမမုန်းဘူးတဲ့။ ဒီဘဝမှာ အတူမပေါင်းရသည့်တိုင်အောင် နောင်ဘဝအထိ ချစ်နေမှာလို့ သူကိုယ့်ကို ပြောဖူးတယ်''

''ကိုယ်နဲ့ နိုင့်အကြောင်းလဲ သူသိတယ်။ ဒီလောကမှာ ကိုယ့်ကို မှန်တယ်လို့ထောက်ခံတာ သူတစ်ယောက်ပဲရှိတယ်။ နိုင်ရဲ့အချစ်ကိုတော့ သူလေးစားတယ်။ အချစ်နဲ့ပတ်သက်ရင် မနိုင်ဟာလည်း အောက်ချင်းငှက်မလေးတစ်ကောင်ပါဘဲတဲ့''

ဒေါက်တာ ဝင်းတင်လတ်စကားဆုံးတော့ ဗိုလ်ကြီးဇော်အောင်က ပြန်ရန်ပြင်သည်။

''ကိုယ်ပြန်မယ်သူငယ်ချင်း။ ကိုယ်ကတော့ သူငယ်ချင်းရဲ့ ယုံကြည်ချက်ကိုလည်း အကောင်အထည်ဖော်နိုင်စေချင်တယ်၊ ကလေးဘဝကတည်းက ချစ်ခဲ့တဲ့ သူငယ်ချင်းတို့အချစ်ကိုလည်း ရှင်သန်နေစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နှစ်ယောက်စလုံးရဲ့အချစ်ကို ကိုယ်အသိဆုံးဘဲ။ ခုအတိုင်းဆက်သွားရင်တော့ သူငယ်ချင်းတို့နှစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံးမှာ အချစ်ဝေဒနာကို တမြည့်မြည့်ခံစားနေရမှာဘဲ၊ အဲဒီလိုအဖြစ်မျိုးတော့ မဖြစ်စေချင်ဘူး။ ဒါက မင်းတို့နှစ်ယောက်စလုံးအပေါ်မှာထားတဲ့ ကိုယ့်စေတနာပါ''

## အခန်း (၂၇)

ဒေါက်တာဝင်းတင်လတ် မည်သို့မျှမျှော်လင့်မထားသော်လည်း ဒေါက်တာထားထားခိုင်က ဟားဗင်းမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့သည်။ သူမ၏ အစ်မတစ်ဝမ်းကွဲတော်သူတစ်ယောက်ကို အဖော်ပြု၍ လာခြင်းဖြစ်၏။ တောင်ဇလပ်တည်းခိုရိပ်သာမှာတည်းပြီး ဒေါက်တာဝင်းတင်လတ်ကို လာတွေ့ခြင်းဖြစ်သည်။ ဒေါက်တာဝင်းတင်လတ်က အံ့ဩဝမ်းသာဖြစ်နေ၏။ သူ၏ရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်ကလေးတစ်ခု လင်းလက်လာပြန်သည်။ ခိုင် အမြင်မှန်ရ၍ အပိမြေကိုအပြီးတိုင်ပြန်ခဲ့လေသလား။

တကယ်တော့ ထိုသို့မဟုတ်ပါချေ။ ဒေါက်တာဝင်းတင်လတ်ကို နိုင်ငံခြားသို့တစ်ပါတည်းခေါ်သွားရန် လာရောက်ခြင်းဖြစ်သည်ဆိုသည်ကို သိရှိရသောအခါ ဒေါက်တာဝင်းတင်လတ်ရင်မှာ မောရပြန်သည်။

* * * * *

ဆောင်းနေ့လယ်ခင်းဖြစ်သော်လည်း နေရောင်ခြည်ကိုမမြင်ရ။ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းမှုန်များကလွှမ်းခြုံထားသည်။ လေတစ်ချက်ဝှေ့လိုက်လျှင် ရင်ထဲမှာစိမ့်ခနဲနေအောင် အေးသွားသည်။ သို့သော် ရာသီဥတုနှင့် ဆောင်းလေက မည်မျှအေးသော်လည်း ဒေါက်တာဝင်းတင်လတ်နှင့် ဒေါက်တာထားထားခိုင်တို့၏ရင်ထဲမှာတော့ မအေးမြနိုင်ကြပေ။ ဒေါက်တာဝင်းတင်လတ်က တောင်ပြာတန်းကိုငေးမောရင်း သူ့ရင်ထဲက ပြောလိုသည့်စကားများကို မည်သို့ထုတ်ဖော် ပြောဆိုရမည်ကို စဉ်းစား

နေသည်။ သဘာဝ၏အလှအပများသည် သူ့ရင်ကို ကြည်နူးအေးမြစေခြင်းမှာ မစွမ်းနိုင်ကြတော့ပေ။

''ကိုယ်ခံယူထားတာကတော့ ဘဝဆိုတာ အလွန်တိုတောင်းတယ်။ ကိုယ့်ဘဝကိုပြန်ကြည့်ရင် ကလေးဘဝကနေ ဆရာဝန်ဖြစ်တဲ့အထိ နှစ်ပေါင်း ၃၀ ဆိုတဲ့အချိန်ဟာ ခဏလေးပါပဲ။

နောင်နှစ်ပေါင်း ၃၀ ဘဝမှာ နေရဦးမယ်ထားပါတော့၊ ဒီအချိန်ဟာလည်း သိပ်ကြာမှာမဟုတ်ဘူး။ ခဏလေးပဲဖြစ်မှာပဲ။ ဒီတော့ ဒီခဏတာဘဝကလေးထဲက ကိုယ်တို့ပြန်ထွက်သွားရင် ဘာတစ်ခုမှယူသွားလို့မရဘူး၊ ထားခဲ့ရမှာပဲ''

''သည်တော့ ဒီလိုခဏနေရမယ့်ဘဝလေးအတွင်းမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တပ်မက်မှုတွေထဲမှာ ကိုယ်နစ်မွန်းမနေချင်ဘူး။ အဲဒါတွေကြောင့် ရလာမယ့်သာယာမှုတွေ၊ ပျော်ကြားမှုတွေ ဒါတွေကိုလည်း ကိုယ်မမက်မောဘူး။ လူ့ဘဝကိုစွန့်ခွာသွားတဲ့အခါ ဒါတွေအားလုံးထားခဲ့ရမှာပဲ၊ ထားခဲ့ရမယ့်အတူတူ လူသားတွေအတွက် ထာဝရအကျိုးပြုနိုင်မယ့် အကောင်းဆုံးတစ်ခုခုကို ထားခဲ့ချင်တယ်။ အကောင်းဆုံးအခြေအနေတွေဖြစ်အောင် ဖန်တီးပေးခဲ့ချင်တယ်။ ဒါတွေဟာ ကိုယ့်ရင်ထဲက အမြင့်မားဆုံးဆန္ဒပဲ''

အေါက်တာဝင်းတင်လတ်က သူ့ယုံကြည်ချက်ကို နိုင်အား ရှင်းပြသည်။ နိုင်ကလည်း သူမ၏အယူအဆကို ပြန်ရှင်းပြ၏။

''နိုင်ကတော့ ကိုလတ်လိုမယူဆဘူး။ ယုံကြည်လည်းမယုံကြည်ဘူး။ ဘဝဆိုတာ ခဏလေးဆိုတာတော့မှန်ပါတယ်၊ အဲဒါပေမယ့် အဲဒီခဏဆိုတဲ့ ဘဝကလေးအတွင်းမှာပဲ လူတွေဟာ ကိုယ့်ဘဝအတွက် အကောင်းဆုံးဖြစ်အောင် အမြင့်မားဆုံးဖြစ်အောင် ကြိုးစားကြတာပဲ''

"လူတွေဟာ ကိုယ့်ဘဝကို တစ်ဆင့်ထက်တစ်ဆင့် ပိုမြင့်အောင် ပိုပြီးကောင်းကောင်းဝတ်နိုင်အောင်၊ ကောင်းကောင်းစားနိုင်အောင်၊ အဆင့်မြင့်မြင့် နေနိုင်အောင်ကြိုးစားကြတာပဲမဟုတ်လား။ လူတွေအားလုံး ဒီလိုပဲ ကြိုးစားကြရတာပဲ။ ဒါမှ လူတွေအားလုံးရဲ့ဘဝက မြင့်မားလာမှာပေါ့"

"နိုင်ကတော့ ကိုယ့်ဘဝကို မြင့်သည်ထက်မြင့်အောင် ကြိုးစားနေမှာပဲ။ လက်ရှိဘဝကို ဘယ်လိုမှမကျေနပ်နိုင်သေးဘူး။ ဒါကြောင့်လည်း ဒီနိုင်ငံက အပြီးတိုင်ခွဲနွာပြီး ဒီထက်ပြည့်စုံချမ်းသာတဲ့နိုင်ငံကို ထွက်သွားခဲ့ရတာပဲ"

"ကိုလတ်ကိုလည်း ဒီဆင်းရဲတွင်းကြီးထဲမှာ မထားခဲ့ချင်ဘူး။ ကိုလတ်ကို နိုင်ချစ်တယ်။ ကိုလတ်ကို နိုင်မခွဲနိုင်ဘူး။ ဒါကြောင့် ရတဲ့အချိန်ကလေးအတွင်းမှာ ကိုလတ်ဆီကို မရောက်ရောက်အောင် လာခဲ့တာပဲ။ ကိုလတ်ကိုချစ်လွန်းလို့သာ စွန့်စားပြီးလာခဲ့ရတာ။ လန်ဒန်ကနေ မိုင်ပေါင်းထောင်ချီပြီးဝေးတဲ့ ရန်ကုန်ကိုလာခဲ့ရတာ ဒီလောက်မပင်ပန်းဘူး။ ရန်ကုန်ကနေ ဟားခါးကိုလာရတာ အရမ်းပင်ပန်းဆင်းရဲတယ်၊ နိုင် စွန့်စားခဲ့ပါတယ်။ ဒီလောက်ဆိုရင် ကိုလတ်အပေါ်မှာထားခဲ့တဲ့ နိုင်ရဲ့ မေတ္တာတရားကို ကိုလတ်သဘောပေါက်လိမ့်မယ်လို့ နိုင်မျှော်လင့်တယ်"

ဒေါက်တာဝင်းတင်လတ်က နိုင်၏မျက်နှာကိုငေးကြည့်ရင်း နိုင်ပြောသမျှကိုနားထောင်နေသည်။ တကယ်တော့လည်း နိုင့်ဘဝနှင့်နှိုင်းယှဉ်လျှင် နိုင့်အယူအဆများသည်ဟုမဆိုသာပြန်ပေ၊ နိုင်သည် ဆရာဝန်တစ်ယောက်။ အငြိမ်းစားသံတမန်အရာရှိကြီးတစ်ဦး၏ တစ်ဦးတည်းသောသမီး။ တကယ့်တော့ နိုင့်အတွက် ပစ္စည်းဥစ္စာ ငွေကြေးအတွက်လည်း ဘာမှပူပင်စရာမရှိ။ နိုင်တစ်ယောက်အတွက် တစ်သက်ထိုင်စားလျှင်ပင်

မကျန်နိုင်သောငွေကြေး၊ ဥစ္စာတွေရှိသည်။ သို့သော် နိုင်သည် ရည်မှန်းချက်ကြီးမားသည်။ သည်မျှနှင့် ဘယ်လိုမှမရောင့်ရဲနိုင်။

မရောင့်ရဲနိုင်သည့်အတွက် ဆရာဝန်ဘွဲ့ရပြီးတော့ နိုင်ငံတော်ကို ပညာသင်စရိတ်ပြန်လျော်ကာ အင်္ဂလန်နိုင်ငံသို့ထွက်ခွာသွားခဲ့၏။ သူမ၏ ဆွေမျိုးရင်းချာတွေက အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်တို့မှာ အခြေချ နေထိုင်ကြသည်။ နိုင်က အင်္ဂလန်ကိုရွေးချယ်သည်။ သူမ၏ဖခင်လည်း အငြိမ်းစားယူပြီးဖြစ်၍ မိသားစုတစ်စုလုံး ထိုနိုင်ငံသို့ရောက်နေကြပြီ။ နိုင့် အတွက် အင်္ဂလန်နိုင်ငံမျိုးမှာ ဆေးခန်းဖွင့်ထားနိုင်ပြီ။ ယခု မြန်မာပြည်ကို ခေတ္တပြန်လာခြင်း၏အဓိကရည်ရွယ်ချက်က ဒေါက်တာဝင်းတင်လတ်ကို အပြီးအပိုင်ခေါ်သွားရန်အတွက်ဖြစ်သည်။

ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာ မဝေခွဲနိုင်အောင်ဖြစ်နေရသည်။ နိုင်သည် ဆယ်ကျော်နှစ်က ကျွမ်းချစ်ခဲ့ရသော ငယ်ချစ်ဦး။ ငယ်ချစ်ဦးမို့ အသည်းနှင့်အောင်ချစ်ခဲ့မိသည်။ နိုင့်အချစ်ကိုလည်း လေးစားမြတ်နိုး တန်ဖိုးထားပါသည်။

နိုင်သည် ဒေါက်တာဝင်းတင်လတ်ကို ဆရာဝန်ဖြစ်မှချစ်ခဲ့သည် မဟုတ်။ ဒေါက်တာဝင်းတင်လတ်ဘဝမှာ မှီတွယ်စရာကင်းမဲ့ချိန်၊ အမိ တစ်မျက်နှာတည်းဖြင့် ဘဝကိုရင်ဆိုင်ရုန်းကန်နေရချိန်၊ လှေအရွယ်နှင့် မမျှအောင် လှိုင်းထန်ပြီး ဘဝရေဆန်ကိုရင်ဆိုင်လှော်ခတ်နေရချိန်၊ ရှေ့ခရီး ကို အောင်အောင်မြင်မြင်ရောက်မှာလား၊ ဝဲဂယက်တွင်နစ်မြုပ်သွားမည် လား ဝေခွဲ၍မရနိုင်သောအချိန်၊ ဘဝရှေ့ခရီးအတွက် စိုးတထိတ်ထိတ် ဖြစ်နေရသောအချိန်ကတည်းက မိမိဘဝထဲသို့ ရိုးရိုးသားသားဝင်ရောက် လာသူ၊ အသက်နှင့်အမျှ မြတ်နိုးစွာချစ်ခဲ့ရသူ။ ချစ်သူနှင့်လက်တွဲဖြုတ် ရမည်ဆိုသည့်ကိစ္စကို ဒေါက်တာဝင်းတင်လတ် မတွေးပင်မတွေးရဲခဲ့။

သို့သော် သူတို့နှစ်ဦးအတွက် ဘဝလမ်းဆုံသို့ရောက်နေပေပြီ။ နိုင့်ဘဝအခြေအနေနှင့် နိုင်းယှဉ်လျှင် နိုင့်ခံယူချက်၊ နိုင့်အတွေးအခေါ်များသည် မှန်ကန်သည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဒေါက်တာဝင်းတင်လတ်အနေဖြင့် နိုင့်အပေါ်အပြစ်မမြင်လိုပါ။

သို့သော် ဘဝပေးအခြေအနေအရဖြစ်ပေါ်လာသော ခံယူချက်ချင်းက ကွာခြားလွန်းနေသည်။

ဒေါက်တာဝင်းတင်လတ်သည် ငယ်စဉ်ကပင် ဘဝအခက်အခဲများကို ရင်ဆိုင်ခဲ့ရ၏။ ချို့တဲ့စွာ ပညာသင်ကြားခဲ့ရသည်။ ဆေးတက္ကသိုလ်ရောက်တော့လည်း နိုင်ငံတော်၏ထောက်ပံ့ကြေးဖြင့် ပညာသင်ကြားခဲ့ရသည်။ သူနေထိုင်ကြီးပြင်းခဲ့ရာပတ်ဝန်းကျင်၏ ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် သူ့ဘဝမှာ ဝေဒနာပေါင်းလယ်ဝေအောင်ခံစားခဲ့ရသည်။ သူခံစားခဲ့ရသောဒုက္ခဝေဒနာမျိုးကို ဘဝတူကျေးလက်ပြည်သူတွေမခံစားစေလို။ သူ့အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ချင်သည်။ တတ်စွမ်းသမျှကယ်တင်လိုသည်။ အမိနိုင်ငံတော်ကိုလည်း ကျေးဇူးဆပ်ရာရောက်သည်။ ဘဝတူကျေးလက်ပြည်သူတွေအပေါ်လည်း တာဝန်ကျေချင်သည်။

ပြီးတော့ သူ၏ပင်ကိုယ်စိတ်ဓာတ်ကလည်း အေးချမ်းမှုကိုမြတ်နိုးသည်။ ဘဝကိုရှန်းကန်ရှင်းလင်းစွာတည်ဆောက်လိုသည်။ သူ့ဘဝကို အကောင်းဆုံးဖြစ်အောင်တည်ဆောက်ရင်း ပတ်ဝန်းကျင်ကိုလည်း တတ်စွမ်းသမျှအကျိုးပြုလိုသည်။

ကရဏာရှင်မကြီး မာသာထရီဇာကို သူ့အားကျသည်။ ရွှေလင်းယုန်၏ "သူ" ဝတ္ထုထဲက ဒေါက်တာမြင့်မောင်လိုဖြစ်ချင်သည်။ မဟာပရဟိတ

လူသား၊ ပြင်သစ်နိုင်ငံသား၊ ဂျာမန်လူမျိုး ဒေါက်တာ အဲလ်ဘတ်ရှိက်ဇာကို သူအားကျသည်။ သူတို့လောက်မစွမ်းဆောင်နိုင်သော်မှ သူတို့လမ်းစဉ်အတိုင်းတော့ လျှောက်လှမ်းချင်သည်။

"နိုင့်ကို ကျေးဇူးတင်ပါတယ်။ ခုအချိန်အထိ ကိုယ့်အပေါ်ထားခဲ့တဲ့ မေတ္တာတရားတွေ၊ စေတနာတွေကိုလဲ ကိုယ်လေးစားပါတယ်။ နိုင်ရဲ့ မေတ္တာတရားတွေ၊ စေတနာတရားတွေကို သိလာရတော့ ကိုယ့်ရင်ထဲမှာ ပြောမပြတတ်လောက်အောင် ကြည်နူးဝမ်းသာမိတယ်"

"ဒါပေမယ့် နိုင်ရယ်၊ နိုင်နဲ့ကိုယ်နဲ့က ဘဝပေးအခြေအနေချင်းမတူတော့ ယုံကြည်ချက်၊ ခံယူချက်ချင်းကလည်း တစ်မျိုးစီဖြစ်ခဲ့ရတယ်၊ အမြင်ချင်းမတူနိုင်ကြဘူးပေါ့။ ဒီအတွက် ကိုယ်ဝမ်းနည်းလို့မဆုံးပါဘူး"

"ကိုယ်ပြောခဲ့သလိုပါပဲ၊ ရလာတဲ့ခဏတာဘဝကလေးအတွင်းမှာ လူသားတွေအတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်ဖန်တီးခဲ့ချင်တယ်။ ဒီလိုဖန်တီးတဲ့အခါမှာလည်း အရာရာပြည့်စုံနေသူတွေရဲ့ဘဝတွေထက် မပြီးပြည့်စုံတဲ့ဘဝတွေကို ဖြည့်ဆည်းပေးခဲ့ချင်တယ်၊ ဖြည့်စွမ်းပေးချင်တယ်"

"ကိုယ့်ကိုယ်တိုင် ကန္တာရလမ်းမှာ ဖြတ်သန်းခဲ့ဖူးတော့၊ ဒီကန္တာရရဲ့ ကြမ်းတမ်းမှု၊ ခက်ခဲမှု၊ ပင်ပန်းမှုတွေကို ပိုပြီးခံစားနားလည်မိတယ်၊ ဒါကြောင့် ပင်လယ်ပြင်မှာရွာတဲ့မိုးထက် ကန္တာရမှာရွာတဲ့မိုးဖြစ်ချင်တယ်"

"ဒါကြောင့်လည်း ဒီဘဝလမ်းကို ကိုယ်ရွေးချယ်ခဲ့တာပဲ။ ကိုယ်ကိုယ်တိုင် ဆရာဝန်ဘဝကိုရောက်အောင် ခက်ခက်ခဲခဲပညာသင်ခဲ့ရတယ်၊ ကျန်းမာရေးအသိပညာမကြွယ်ဝတဲ့ဒဏ်ကို လှလှကြီးခံခဲ့ရတယ်။ ဒီဒဏ်ကြောင့် ကိုယ့်ဘဝမှာ သောကတွေပင်လယ်ဝေခဲ့ရတယ်။ ဒါကြောင့် ကိုယ်

ဆရာဝန်ဖြစ်လာတဲ့အခါ ဘဝတူကျေးလက်နေပြည်သူတွေကို အလုပ်အကျွေးပြုချင်တယ်''

''တစ်နေရာမှာ တစ်နေ့ကို ဆေးဖိုးသိန်းချီပေးပြီး အသက်ကိုငွေနဲ့ဝယ်နိုင်တဲ့သူတွေရှိတယ်။ ဘယ်နေရာ၊ ဘယ်လိုလူတန်းစားက လူတွေလဲဆိုတာ နိုင်သိပါတယ်''

''ဒီလိုပဲ ဆေးဖိုးဝါးခမတတ်နိုင်သူ၊ ဆေးဝယ်မသောက်နိုင်သူ၊ အာဟာရမပြည့်ဝတဲ့သူ၊ ကျန်းမာရေးအသိမပြည့်စုံသူတွေ နေရာအတော်များများမှာ ရှိနေတယ်ဆိုတာလဲ ကိုယ်သိတယ်''

''ဒါတွေကိုသိရက်နဲ့ ကိုယ်လိုလူတစ်ယောက်က ငွေနောက်ကိုကောက်ကောက်ပါအောင်လိုက်မယ်၊ တစ်ကိုယ်ကောင်းဆန်မယ်ဆိုရင် သစ္စာမဲ့ရာကျလွန်းပါတယ်''

''ကိုယ်လည်း အလွန်တိုးတက်ပါတယ်၊ ကြီးကျယ်ခမ်းနားပါတယ်ဆိုတဲ့ နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ ပညာသင်ကြားခဲ့ဖူးပါတယ်။ ပညာသင်ရင်း သူတို့ရဲ့လူနေမှုဘဝကို လေ့လာဖူးပါတယ်။ ရုပ်ဝတ္ထုတွေအပေါ်သာယာတပ်မက်ပြီး လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းခြုံထားတဲ့သူတို့ရဲ့ဘဝကို ကိုယ်အားမကျဘူး။ တိုင်းတစ်ပါးကို ကိုယ်အထင်မကြီးဘူး။ ဗြိတ္တ္ဘုရားတွန်းကားတဲ့ ငြိမ်းချမ်းတဲ့ကိုယ်နိုင်ငံကိုပဲ ကိုယ်ချစ်တယ်''

''ကိုယ်ကလည်း ဆင်းဆင်းရဲရဲနဲ့ပညာသင်၊ တိုင်းပြည်ကလည်း ဆင်းဆင်းရဲရဲသင်ပေးခဲ့တဲ့ပညာနဲ့ တိုင်းတစ်ပါးအတွက် ကိုယ်အလုပ်အကျွေးမပြုနိုင်ဘူး။ ကိုယ့်ဘဝကို မမြှုပ်နှံနိုင်ဘူး။ ကိုယ့်ကိုမွေးဖွားပေးခဲ့တဲ့၊ ကိုယ့်ကိုပညာသင်ပေးခဲ့တဲ့ ကိုယ်နိုင်ငံကိုပဲ အလုပ်အကျွေးပြုနိုင်မယ်။ ကိုယ်ဟာ နိုင်ငံတော်ရဲ့ထောက်ပံ့ကြေးနဲ့ ပညာသင်ကြားခဲ့ရသူ

ဖြစ်တယ်။ ကိုယ့်မှာ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုစရာတွေ အများကြီးရှိသေးတယ်။ ဒီတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ချင်တယ်။ နိုင့်ကို ကိုယ်အသက်လောက်ချစ်ပါတယ်။ ဒါပေမယ့် ကိုယ့်ကို နားလည်ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်နိုင်ရယ်''

နိုင်က ဒေါက်တာဝင်းတင်လတ်ပြောသည်ကို နားထောင်နေ၏၊ နိုင်၏ ပါးပြင်နုမှာတော့ မျက်ရည်ဥတွေလိမ့်ဆင်းနေသည်။

''ကိုလတ်ဘယ်လိုပဲဆုံးဖြတ်သည်ဖြစ်စေ၊ နိုင်ကတော့ ကိုလတ်ကို ချစ်တဲ့စိတ်နဲ့ခွင့်လွှတ်ပြီးသားပါ။ ကိုလတ်က စိတ်ထားဖြူစင်တယ်၊ ရိုးသားတယ်။ စိတ်ရင်းကောင်းတယ်။ ဘဝကိုလဲမမေ့တတ်ဘူး။ ဒီအတွက် ကိုလတ်ကိုလေးစားပါတယ်''

''ကိုလတ်ကို တည့်တည့်ပြောရရင် ကိုလတ်ဟာ တစ်ခါတစ်ရံမှာ စိတ်ကူးယဉ်လွန်းတယ်။ စိတ်ကူးယဉ်လွန်းရုံတင်မဟုတ်ဘူး။ စိတ်ကူးလေတံခွန်ကို မိုးထိအောင်လွှင့်ချင်တယ်။ လေတံခွန်ဆိုတာ ကြိုးရှိမှ ကောင်းကင်မှာဝဲပျံနိုင်တာပါ''

''ခုချိန်မှာတော့ ကိုလတ်မှာ ယုံကြည်ချက်ဆိုတဲ့စိတ်ကူးယဉ်ကြိုးကလေး ရှိနေသေးတော့ ကိုလတ်ကောင်းကင်မှာ ပျံဝဲနေနိုင်တာပေါ့။ ဒါပေမယ့် ဒုက္ခတွေ၊ အခက်အခဲတွေ၊ စွန့်လွှတ်ရမှုတွေ၊ လှုပ်လျှော့ရှုံးရမှုတွေ၊ အသိအမှတ်ပြုမခံရမှုတွေနဲ့ ကြုံလာတဲ့အခါမှာ ကိုလတ်ရဲ့ယုံကြည်ချက်ကြိုးကလေးက ပြတ်တောက်သွားရမှာပါ''

''ဒီတော့ ကိုလတ်ရဲ့စိတ်ကူးယဉ်လေတံခွန်ဟာ မြေပြင်ကိုပြန်ရောက်လာရမှာပဲ။ ဒီအချိန်မှာ အရာရာတာကုန်ဆုံးသွားခဲ့ပြီ၊ ဘာတစ်ခုမှ ပြန်မရနိုင်တော့ဘူးဆိုတာ ကိုလတ်တွေ့လာရမှာပါ''

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လူတိုင်းလူတိုင်းမှာ လွတ်လပ်စွာ စိတ်ကူးယဉ်ပိုင်ခွင့်ရှိသလို လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်လည်းရှိပါတယ်။ နိုင်ကိုလတ်ကိုခွင့်လွှတ်ပါတယ်။ နိုင်ကတော့ ဘယ်နိုင်ငံမှာပဲရှိရှိ၊ ဘယ်ဘဝကိုပဲ ရောက်နေသည်ဖြစ်စေ ကိုလတ်ကိုချစ်နေမှာပါ။ ကိုလတ်အပေါ်မှာ ထာဝရသစ္စာရှိနေမှာပါဆိုတာ ကိုလတ်သိရင် နိုင်ကျေနပ်ပါပြီ"

ဒေါက်တာထားထားနိုင်သည် စကားဆုံးသည်နှင့် ဖျတ်ခနဲလှည့်ထွက်သွားတော့သည်။ ဒေါက်တာဝင်းတင်လတ်သည် နိုင်ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။ နှင်းမှုန်ထဲမှာ တဖြည်းဖြည်းနှင့်ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။ အမြတ်နိုးဆုံးချစ်ရသူနှင့် ထာဝရ ဝေးကွာရတော့မည့်အဖြစ်ကြောင့် သူ့ရင်ထဲမှာလှိုက်လှဲစွာခံစားရသည်။ ယောကျ်ားတန်မဲ့ မျက်ရည်ဝဲခဲ့ရသည်။

## အခန်း (၂၈)

ဟားဒီးဆောင်း၏နံနက်ခင်းက ပန်းချီကားတစ်ချပ်လိုလှပနေသည်။ ပတ်ဝန်းကျင်ကိုတစ်ခုလုံးကို မြူလွှာလွှာနှင်းမှုန်ကလေးများက လွှမ်းခြုံထား၏။ ထင်းရှူးအခက်ကလေးများပေါ်တွင် ရေခဲတက်ကလေးများတွဲခိုနေကြသည်။ ချယ်ရီပန်းများက ပင်လုံးဝေလျက်။ ရဲရဲနီသောတောင်ဇလပ်ပန်းကလေးများက နံနက်ခင်းကို အလှဆင်နေကြသည်။ ဒေါက်တာဝင်းတင်လတ်သည် ဟားဒီးမြို့၏နံနက်ခင်းအလှကို ကားပေါ်မှငေးမောနေရင်း လိုက်ပါလာသဖြင့် ဆရာမလေးဒေါ်တားရှိမိန်းတို့အိမ်ရှေ့သို့ ရောက်လာသည်ကိုပင် သတိမထားမိလိုက်ပေ။ မမျှော်လင့်ဘဲ ဒေါက်တာဝင်းတင်လတ်ကိုတွေ့တော့ ဆရာမလေးအံ့ဩနေသည်။

ကားပေါ်မှာလည်း အထုပ်အပိုးတွေ၊ အိမ်အသုံးအဆောင်ပစ္စည်းတွေ၊ စာအုပ်သေတ္တာတွေအပြည့်နှင့်။ ယာယီခရီးသွားမည့်ပုံစံမျိုးမဟုတ်။ အပြီးအပိုင် ပြောင်းရွှေ့တော့မည့် အနေအထားမျိုးဖြစ်နေသည်။ သူမ မမျှော်လင့်ဆုံးသော အရာများသည် အမှန်တကယ်ဖြစ်ပေါ်လာပြီလားဟု ဆရာမလေးရင်ထဲမှာတွေးပြီး စိုးထိတ်နေသည်။ မဝေခွဲနိုင်အောင်လည်းဖြစ်နေပါသည်။ ဒေါက်တာဝင်းတင်လတ်၏မျက်နှာတွင် အပြုံးရှိသော်လည်း အပြုံးမှန်ကို ဝေခွဲ၍မရ။

"အစ်ကို အမိန်းကိုလာပြီး နှုတ်ဆက်တာပါ"

"အမိန်းတော့ သိပ်အံ့ဩတာပဲအစ်ကိုရယ်၊ အစ်ကို့ယုံကြည်ချက်တွေကို လွယ်လွယ်နဲ့စွန့်လွှတ်လိမ့်မယ်လို့ အမိန်းမထင်ခဲ့ဘူး။ စိတ်မကောင်းလည်းဖြစ်မိတယ်"

ဆရာမလေးဒေါ်ဟားရှိမိန်း၏အသံတွင် ဝမ်းနည်းမှု၊ ကြေကွဲမှု၊ နှမြောတသမှုတွေ လွှမ်းမိုးနေသည်။

"ဘာမှ အံ့ဩစရာမရှိပါဘူး အမိန်းရယ်၊ ဝန်ထမ်းဆိုတာ နိုင်ငံတော်က စေလွှတ်တဲ့နေရာကိုအရောက်သွားပြီး ပေးအပ်တဲ့တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ဖို့ပါပဲ၊ အစ်ကိုအခု စစ်ကိုင်းတိုင်းက ခန္တီးမြို့ကို ပြောင်းရမယ်၊ နာဂသွေးချင်းတွေရဲ့မြို့တော်ပေါ့၊ ဒါကြောင့် အမိန်းကို လာပြီး နှုတ်ဆက်တာပါ"

ဒေါက်တာဝင်းတင်လတ်၏စကားကိုကြားရတော့မှ ဆရာမလေး၏ မျက်နှာတွင် အပြုံးရိပ်ကလေးများလင်းလက်လာသည်။

"ဪ .... ရုတ်တရက်ဆိုတော့ အစ်ကိုအလုပ်က နုတ်ထွက်ပြီး အစ်ကို့ချစ်သူရှိတဲ့ နိုင်ငံခြားကိုအပြီးအပိုင် လိုက်သွားတော့မယ်ထင်လို့ပါ။ အခြေအနေတွေ၊ အနေအထားတွေကလည်း ထင်လောက်စရာ ဖြစ်နေတာကိုး။ ဒါဆိုရင်တော့ အမိန်းမအံ့ဩတော့ပါဘူး။ ဒီထက်ဝေးတဲ့နေရာကို လွှတ်ရင်တောင် အစ်ကိုသွားမယ်ဆိုတာ အမိန်းယုံကြည်ပါတယ်။ ဒါပေမယ့် အမိန်းကိုကြိုတင်အသိမပေးတာတော့ စိတ်မကောင်းဘူး"

စောစောက လင်းလက်သွားသော ဆရာမလေးဒေါ်ဟားရှိမိန်း၏ မျက်နှာကလေးမှာ အဆွေးရိပ်များသန်းလာ၏။

"အမိန်း ပညာရေးနှီးနှောဖလှယ်ပွဲတက်ဖို့ ရန်ကုန်ဆင်းသွားတုန်း ပြောင်းမိန့်ကျလာတာ အမိန်းရဲ့ အခုတောင် ကံကောင်းလို့ အမိန်းကို နှုတ်ဆက်ခွင့်ရတာ၊ အမိန်းညက မိုးချုပ်မှပြန်ရောက်တယ်မဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ ကျောင်းကဒီမနက်ပြန်ဖွင့်မှာဆိုတော့ အချိန်မီအောင် ပြန်ခဲ့ရတာ၊ ညကအတော်မှောင်မှ တားခါးကိုပြန်ရောက်တယ်"

သည်နောက်တော့ စကားမပြောနိုင်ဘဲ တစ်ဦးကိုတစ်ဦး ငေးကြည့်နေကြသည်။

''နေ့ရက်ကိုသာ အတိအကျမသိရသေးတာ၊ ပြောင်းရမယ်ဆိုတာကို အစ်ကိုသိရတာကြာပါပြီ၊ အမိန်းကိုမပြောရက်ဘူး။ အမိန်းစိတ်မကောင်းဖြစ်မှာ စိုးရိမ်တယ်။ အဲဒီကြောင့် မပြောခဲ့တာပါ။ အစ်ကို ချင်းပြည်နယ်ကို မခွဲချင်ဘူး။ အမိန်းနဲ့လည်းမခွဲချင်ပါဘူး။ အမိန်းရယ်၊ အမိန်းတို့ အစ်ကိုတို့ဟာ ယုံကြည်ချက်အတွက် အသက်ရှင်နေကြသူတွေမဟုတ်လား။ အတ္တနဲ့ပရ အကျိုးနှစ်ခုယှဉ်ပြီးစဉ်းစားမယ်ဆိုရင် အမိန်း ဘယ်ဘက်က စဉ်းစားမလဲ။ အမိန်းစဉ်းစားနေကျအတိုင်း ပရဟိတအကျိုးအတွက်ပဲ စဉ်းစားမှာမဟုတ်လား။ အစ်ကိုလဲ ဒီလိုပဲစဉ်းစားပြီး ဆုံးဖြတ်လိုက်တာပါပဲ''

လူ့ဘဝဆိုတာ တိုတိုကလေးပါ အမိန်းရယ်။ ဒီအချိန်တိုကလေးအတွင်းမှာ အစ်ကို့အနေနဲ့ ကိုယ့်ကိုအကျိုးပြုခဲ့တဲ့လောကကြီးရဲ့ ကျေးဇူးကို တတ်စွမ်းသမျှ အစွမ်းကုန်ပေးဆပ်ချင်တယ်။ ဒီလိုပေးဆပ်ရင်းနဲ့ပဲ ဘဝရဲ့အချိန်တွေကို ကုန်ဆုံးစေချင်တယ်။ စွန့်လွှတ်နိုင်သမျှစွန့်လွှတ်ချင်တယ်။ ဒါဟာ အစ်ကို့ရဲ့ခံယူချက်ပါလေ''

ဒေါက်တာဝင်းတင်လတ်က ဆရာမလေး၏မျက်နှာကိုငေးကြည့်နေ၏။ ဆရာမလေးကပြောသည်။

''အစ်ကိုနဲ့အမိန်း အခုလိုမမျှော်လင့်ဘဲခွဲကြရတော့မယ်ဆိုတော့ အမိန်းရင်ထဲမှာ ဝမ်းသာဝမ်းနည်းဖြစ်မိတယ်။ ဝမ်းသာတာကတော့ အမိန်းတို့ပြည်နယ်လိုပဲ ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ဒေသက ပြည်သူတွေအတွက်ပါ။ ဝမ်းနည်းတာကတော့ အမိန်းအတွက် အစစအရာရာ အားကိုးအားထားပြုရတဲ့ အစ်ကိုတစ်ယောက်ဆုံးရှုံးရတဲ့အတွက်ပါပဲ''

''တကယ်တော့ အစ်ကိုနဲ့အမိန်းဟာ ဘဝတူတွေပါ။ ယုံကြည်ချက် နိုင်မာကြတယ်။ ယုံကြည်ချက်အတွက် ကိုယ်အမြတ်နိုးဆုံးအရာတွေကို စွန့်လွှတ်ရတာချင်းလည်း အတူတူပါပဲ။ ဒါကြောင့် အစ်ကို့ဘဝကို နားလည် ခံစားနိုင်သလို အစ်ကို့ကိုလည်း လေးစားမှုရှိခဲ့ရပါတယ်''

ဆရာမလေးဒေါ်တားရှိမိန်းက ဆက်ပြောသည်။

''လောကကြီးဟာ သိပ်ဆန်းကြယ်တာပဲနော်၊ မတူညီတဲ့အရာ နှစ်ခုပေါင်းစပ်နိုင်ဖို့ ခက်ခဲသလို တူညီသောအရာနှစ်ခုပေါင်းစပ်ဖို့လည်း မလွယ်ပြန်ဘူး။ ကျွန်မနဲ့ ကျွန်မချစ်သူဟာ အသည်းချင်းထပ်ပြီး ချစ်ခဲ့ ကြသူတွေဖြစ်သလို အစ်ကိုနဲ့အစ်ကို့ချစ်သူဟာလည်း ရင်ချင်းအပ်ပြီး ချစ်ခဲ့ ကြသူတွေပါ။ မျက်နှာချင်းဆိုင်ပြီးချစ်ခဲ့ကြသူတွေဟာ အခုတော့ ကျောချင်း ကပ်ပြီး ဝေးကွာသွားခဲ့ကြပါပြီ''

ဒေါက်တာဝင်းတင်လတ်က ဆရာမလေး၏မျက်နှာကလေးကို ကရုဏာသက်စွာကြည့်နေမိသည်။ ဆရာမလေး၏မျက်ဝန်းမှာတော့ မျက်ရည်ဥကလေးတွေတွဲခိုနေသည်။

''အစ်ကိုနဲ့အမိန်းကျတော့ ရှေ့တူရှုကို အတူလျှောက်ကြတဲ့သူတွေ ပါ။ မျဉ်းပြိုင်နှစ်ကြောင်းလိုပေါ့။ ဒါပေမယ့် ကျွန်မဖြေသိမ့်နိုင်ပါတယ်။ မျဉ်းပြိုင်ရဲ့သဘောက မဆုံနိုင်ပေမယ့် မဝေးကြဘူးပေါ့။ မဆုံနိုင်ပေမယ့် မဝေးကြတဲ့ဘဝမျိုးကိုပဲ ကျွန်မကျေနပ်ပါတယ်''

ဒေါက်တာဝင်းတင်လတ်ရင်ထဲမှာလည်း ဝမ်းနည်းမှုကို လှိုက်လှိုက် လှဲလှဲ ခံစားရသည်။

''အစ်ကို ဘယ်နေရာမှာနေနေ၊ ဘယ်လိုဘဝမျိုးပဲရောက်ရောက်၊ ပြာလွင်ညိုမှိုင်းနေတဲ့ ချင်းတောင်တန်းကြီးတွေကို သတိရနေမယ်။ ထင်းရှူး၊ ချယ်ရီနဲ့ တောင်ဇလပ်တွေကိုအမှတ်ရနေမယ်။ သဘာဝအလှ

အပတွေကို သတိရနေသလို အငိန်းရင်ထဲက ဖြူစင်တဲ့နှလုံးသားအလှကို လည်း တစ်သက်လုံး လွမ်းနေမှာပါ''

စကားဆုံးတော့ ဒေါက်တာဝင်းတင်လတ်၏ကားကလေးက ထွက်ခွာရန် အသင့်စက်နှိုးပြီး ဖြစ်နေသည်။ ဆရာမလေးက ဒေါက်တာဝင်းတင်လတ်၏မျက်နှာကို ငေးကြည့်နေသည်။

သူမ၏ပါးပြင်ပေါ်မှာ မျက်ရည်ဥတွေလိမ့်ဆင်းနေသည်။ ပြီးတော့ လှိုက်လှဲကြေကွဲစွာ အားယူ၍ပြောလိုက်သည်။

''နှုတ်ဆက်လိုက်ပါတယ်၊ မန်းထားပါ အစ်ကို''

အိပ်မက်လှလှမက်ပါစေ ....။